www.burmeseclassic.com

# ထေရဝါဒ

# အခြေခံ အယူအဆများကို အဆင့်မြင့်နားလည်ခြင်း

BURMESE CLASSIC .com



ဆန်းလွင်

www.burmeseclassic.ocm

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၁၄၀/၂၀၀၃(၂)

◆

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၂၃၄/၂၀၀၃(၄)

◆

ပထမအကြိမ်
၂၀၀၃ ခု၊ ဇူလိုင်လ

◆

စောင်ရေ
၅၀၀

◆

တန်ဖိုး
၁၅၀၀ ကျပ်

◆

ထုတ်ဝေသူ
ဦးကျော်ဟင်း၊
ယုံကြည်ချက်စာပေ (၀၉၁၀)
အမှတ် ၁၁၁၊ ၃၃ လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့။

◆

ပုံနှိပ်သူ
ဒေါ်နန်းကလျာဝင်း
ငွေကံ့ကော်ပုံနှိပ်တိုက် (၀၆၃၆၁)၊
အမှတ် ၂၀-၃၀၊ ၂၄ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

◆

မျက်နှာဖုံးပန်းချီ
ကျော်ဖြူစံ

◆

မျက်နှာဖုံးဒီဇိုင်း
ကိုဇော်

# ထေရဝါဒ
# အခြေခံအယူအဆများကို
# အဆင့်မြင့်နားလည်ခြင်း

## ဆန်းလွင်

www.burmeseclassic.ocm

www.burmeseclassic.com

ဝိပဿနာရှုနည်း လက်စွဲကျမ်း

၇၀/၉၈ (၆)

◆

ထေရဝါဒအုတ်မြစ်များအဖွင့်

၁၈/၉၈(၁)

◆

ဘုံစဉ်စံ ဘဝလမ်းပြဒဿန

၂၈၅/၂၀၀၀(၅)

◆

ယောဂီလက်စွဲ

၃၄၃/၂၀၀၂ (၆)

◆

ဆရာဆန်းလွင်၏

နန်းဒေဝီစာပေမှ ထွက်ရှိပြီး စာအုပ်များ

# မာတိကာ


ရှေးဦးစွာဦးခံစကား ၇

၁။ ပိဋကတ်သုံးပုံကို နားလည်ခြင်း ၉

၂။ တိပိဋကသဘောကို နားလည်ခြင်း ၂၇

၃။ ကုသိုလ် အကုသိုလ်ကို နားလည်ခြင်း ၃၅

၄။ ကံနှင့် ကုသိုလ် အကုသိုလ်ကို နားလည်ခြင်း ၄၉

၅။ ကိလေသာဆယ်ပါးကို နားလည်ခြင်း ၅၇

ကိလေသာဆယ်ပါး (အဆက်) ၆၅

၆။ သမ္မာဒိဋ္ဌိကို နားလည်ခြင်း ၇၃

၇။ အတ္တနှင့် အနတ္တကို နားလည်ခြင်း ၈၃

၈။ နိဗ္ဗာနကို နားလည်ခြင်း ၉၃

၉။ သမထ သမာဓိ ဈာန် အဘိညာဉ်ကို နားလည်ခြင်း ၁၀၁

၁၀။ ယောနိသော မနသိကာရကို နားလည်ခြင်း ၁၁၁

ယောနိသော မနသိကာရကို နားလည်ခြင်း (အဆက်) ၁၁၉

၁၁။ မဇ္ဈိမပဋိပဒါကို နားလည်ခြင်း ၁၂၇


www.burmeseclassic.ocm

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ထေရဝါဒ အခြေခံ အယူအဆများကို အဆင့်မြင့် နားလည်ခြင်း

## ရှေးဦး ညွှန်ခံစကား

အကျွန်ုပ်၏ ရင်ထဲတွင် အနာဂတ်ပိုင်ရှင် ဗုဒ္ဓဘာသာဝင် လူငယ် ပရိသတ်နှင့် ပတ်သက်သော ခံစားချက် တစ်ခု ရှိခဲ့ပါသည်။ ထိုခံစားချက်၏ သဘောကို 'ထေရဝါဒ အုတ်မြစ်များအဖွင့်' စာအုပ်တွင် ပထမ တင်ပြခဲ့ပါသည်။ ထပ်မံ၍ ထိုခံစားချက် သဘောကို ပိုမို ထင်ရှားအောင် ဆိုရဦးမည် ဆိုလျှင်၊ လာမည့် အနာဂတ်တွင် ယနေ့ မျက်မှောက် လူငယ်များသည် မိမိတို့ ယုံကြည်ကိုးကွယ် ဆည်းကပ်သော ဗုဒ္ဓဘာသာ (ထေရဝါဒ)က လက်ခံထားသော အခြေခံ အယူအဆများ၏ သဘောအမှန်ကို ထိုးထွင်း၍ သိမြင် နားလည်သူများ ဖြစ်စေချင်သော ဆန္ဒ ဖြစ်ပါသည်။ သုတဝါ အရိယာသာဝကောတွေ ဖြစ်ကြစေချင်ပါသည်။ ထိုသို့ ဖြစ်မှသာ လူငယ်များ၏ စိတ်ထဲတွင် မိမိတို့ ယုံကြည်ကိုးကွယ်သော ဘာသာအယူဝါဒ၏ အနှစ်သာရ တန်ဖိုးနှင့် နက်နဲမှုများကို ပိုမို တန်ဖိုးထားတတ် လာပြီးလျှင် မြတ်ဗုဒ္ဓ၏ သာသနာ အဆုံးအမတော်များနှင့် အညီ နေတတ်ထိုင်တတ် လာပါလိမ့်မည်။ ထိုအဆုံးအမတော်များအပေါ် ယုံကြည်ကိုးစားမှု တိုးပွား လာကြပါလိမ့်မည်။ ထိုအခါ ဓမ္မကို ဘဝထဲမှာ အသုံးချတတ်သူများ ဖြစ်လာကြ ပါလိမ့်မည်။

မိမိသည် ဗုဒ္ဓဘာသာဝင် ဖြစ်ရခြင်းမှာ ဘဝအရ တော်လှေပြီဟု နားလည် သဘောပေါက်လာကြမည်။ ထိုသို့ သဘောပေါက်လာပြီဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



မိမိသည် ဒွိဟိတ်လား၊ တိဟိတ်လား ခွဲခြား သိမြင်လာပါလိမ့်မည်။ ထိုအခါ လူ့ဘဝကို မိမိ ရောက်လာခြင်းသည် အကြောင်းမဲ့ ရောက်လာခြင်း မဟုတ်ဘဲ၊ အကြောင်း ကိစ္စရှိ၍ ရောက်လာရခြင်း ဖြစ်သည်ကို သိနားလည်လာလိမ့်မည်။ ထိုသို့ နားလည်လာပြီ ဆိုမှသာ၊ မိမိ လူ့ဘဝကို ရောက်လာရခြင်း၏ ဘဝ ကိစ္စ၊ ဘဝ ရည်မှန်းချက်ကို ပိပိပြင်ပြင် ထင်ထင်ရှားရှား နားလည်လာမည် ဖြစ်ပါသည်။

ပထမဦးစွာ ဗုဒ္ဓဘာသာဝင် သူတော်စင် အရိယာသာဝကသည် မိမိ လူ့ဘဝကို ဘာလုပ်ဖို့ ရောက်လာတာလဲဆိုသော အမေးပုစ္ဆာကို နားလည်အောင် အားထုတ်ရမည်။ ထိုအချက်ကို နားလည်မှသာ ဘဝပန်းတိုင်ကို တွေ့ပါလိမ့်မည်။ လူငယ်တွေမှာ ဘဝပန်းတိုင် မသိလျှင်၊ ဘဝလမ်း ပျောက်နေပါလိမ့်မည်။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တွေသည် ဘဝပန်းတိုင် ဘာမှန်း မသိ၍ ဘဝ လမ်းပေါ်မှာ စမ်းတဝါးဝါး လျှောက်သွားနေကြရသူများနှင့် တူနေသည်ဟု အကျွန်ုပ် ရင်ထဲမှာ ခံစားရပါသည်။

အမှန်မှာ ဘဝလမ်းကို ရှာတွေ့ရပြီး နောက်မှာပင် လမ်းကောက် မလျှောက်ဘဲ၊ လမ်းဖြောင့် လျှောက်တတ်သူတွေ ဖြစ်အောင် နှလုံးသွင်းတည့်ဖို့ လည်း လိုသေးသည်။ နှလုံးသွင်းတည့်မှ လမ်းဖြောင့်ပါလိမ့်မည်။ နှလုံးသွင်း မတည့်လျှင် လမ်းကောက်တတ်ပါသည်။ တစ်ခါတစ်ရံ မျက်စိလည်ပြီး လမ်းပျောက်တတ်ပါသည်။ ပြီးတော့ ဘဝလမ်းမှာ လမ်းခွဲတွေ၊ ဘေးထွက် လမ်းတွေကလည်း များပါသည်။ ထိုအခါ ဘဝလမ်း လျှောက်သူသည် အလယ် လမ်း (မဇ္ဈိမပဋိပဒါ) ကို ရှာတတ်ဖို့လည်း လိုပါလိမ့်မည်။

ဗုဒ္ဓဘာသာဝင်တွေမှာ ကံနှင့်ဉာဏ်သည် မကွဲပါ။ ဘဝ ကောင်းစားရေး ကို လိုက်စားခြင်းသည် ကံလမ်းဖြစ်သည်ကို သိရမည်။ ဘဝပြတ်ပြီး ဘဝ လွတ်မြောက်ရေးသည်သာ ဉာဏ်လမ်းဖြစ်သည်။ ကံ သဘောနှင့် ဉာဏ် သဘောကို ကွဲကွဲပြားပြား နားလည်သင့်သည်။ ကုသိုလ်နှင့် အကုသိုလ်ကိုပင် ကွဲပြားစွာ သိသူက မများပါ။ လူငယ်တွေ ထေရဝါဒ အခြေခံ အယူအဆတွေကို သိစေချင်၍ ဤစာကို ရေးခဲ့ပါသည်။

□

၁

## ပိဋကတ်သုံးပုံကို နားလည်ခြင်း

ထေရဝါဒ ခေါ်သော စစ်မှန်သော ဗုဒ္ဓဘာသာအပေါ် ကျွန်မ ဖေဖေ၏ နားလည် ပုံ၊ ယုံကြည်ပုံကို ကျွန်မ နှစ်သက်ပါသည်။ နှစ်သက်သည် ဆိုခြင်းထက် အားကျ သည် ဆိုခြင်းက ပိုပြီး မှန်မည် ထင်ပါသည်။ ဆယ်တန်း မအောင်ခင်က တရားသဘောကို နားလည်ခြင်းထက်၊ ဆယ်တန်း အောင်ပြီးနောက် တရား တော်ကို နားလည်ခြင်းသည် ပိုပြီး နက်နဲလာသည်ဟု ကျွန်မ ခံစားရပါသည်။ ကျွန်မ LCCI စာမေးပွဲကို ဝင်ဖြေပါသည်။ စီမံခန့်ခွဲမှု စာရင်းအင်းပညာ Management Account မှာ ကျွန်မ ဒီပလိုမာ ရပါသည်။ ပြီးမှ ကျွန်မ အဝေးသင် တက္ကသိုလ်ကို တက်ချင်စိတ် ဖြစ်လာပြန်သည်။ ဖေဖေ၏ မြန်မာစာ အပေါ် ချစ်မြတ်နိုးမှု၊ ဗုဒ္ဓဘာသာအပေါ် ကြည်ညိုမှုများကို အားကျမိသဖြင့် ကျွန်မလည်း မြန်မာစာကို အဓိက ဘာသာရပ် အဖြစ် သင်ယူပါသည်။ ဗုဒ္ဓဘာ သာ သမိုင်း၊ ပဋိစ္စသမုပ္ပာဒ် တရားများကို သင်ရပါသည်။ ထိုအချိန်မှာ ဖေဖေ ရဟန်းဘဝသို့ ရောက်နေပါပြီ။ တစ်ခါတလေ ဆေးကုဖို့အတွက် ဖေဖေ (ယခု ဘုန်းဘုန်း) ရန်ကုန်ကို ရောက်လာမှ မေးချင်တာတွေ မှတ်ထားပြီး မေးရပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



● ဘုန်းဘုန်းဘုရား ပိဋကတ်သုံးပုံ ဆိုတာလည်း ကြားဖူးပါတယ်။ နိကာယ်ငါးရပ်လို့လည်း ကြားဖူးပါတယ်။ တပည့်တော်ကို ပိဋကတ်သုံးပုံအကြောင်း အမိန့်ရှိပါဦးဘုရား ဟု မေးမိပါသည်။

○ ပိဋကတ်သုံးပုံဆိုတာ ဝိနည်းပိဋကတ်၊ သုတ္တန်ပိဋကတ်၊ အဘိဓမ္မာပိဋကတ်လို့ လူအများ သိထားကြတယ်။ ဒါပေမဲ့ ဒီပိဋကတ်တော်များရဲ့ ဂုဏ်အင်္ဂါ ထူးခြားပုံကို ရည်ညွှန်းပြီး (၁) ဒေသနာသုံးမျိုး (၂) သာသနာသုံးမျိုး (၃) ကထာသုံးမျိုး (၄) သိက္ခာသုံးမျိုးဆိုပြီးလည်း ခွဲခြား နားလည်နိုင်တယ်။ ပဟာန်သုံးပါး ဆိုပြီးလည်း ခွဲခြား နားလည်နိုင်သေးတယ်။

● တပည့်တော် ဒီအခေါ်အဝေါ်တွေကို ကြားတောင် မကြားဖူးသေးပါဘူးဘုရား၊ အဲဒါ တစ်ခုစီ ရှင်းပြပေးပါမှ တပည့်တော် နားလည်ရမှာပါဘုရား။

○ အေး... မင်းတို့ လူငယ်တွေ ထေရဝါဒ ဗုဒ္ဓဘာသာရဲ့ အခြေအမြစ်တွေကို ကျယ်ကျယ်ပြန့်ပြန့် နားလည်စေချင်တယ်။ ဒါက ဘုန်းကြီးရဲ့ စေတနာပဲကွဲ့။ ကောင်းပြီ၊ ဒါဆို နံပါတ်တစ်၊ ဒေသနာသုံးပါးက စပြီး ပြောပြမယ်။

● တင်ပါဘုရား၊ တပည့်တော် မှတ်သားထားပါ့မယ်။ (ကျွန်မ မှတ်စု ထုတ်၍ ရေးရန် ဟန်ပြင်ပါသည်။)

○ အေး စာအုပ်ထဲမှာ ရေးမှတ်တာလည်း ရေးပါ။ အရေးကြီးတာက ခေါင်းထဲမှာရော၊ နှလုံးထဲမှာပါ စွဲအောင်မှတ်ပါ။

● ကောင်းပါပြီ၊ မှတ်သားထားပါ့မယ် ဘုရား။

○ ပိဋကတ်သုံးပုံကို ဒေသနာ အပြားအားဖြင့်၊ (၁) ဝိနည်းပိဋကတ်ကို အာဏာဒေသနာလို့ ခေါ်တယ်။ (၂) သုတ္တန်ပိဋကတ်ကို ဝေါဟာရဒေသနာလို့ ခေါ်တယ်။ (၃) အဘိဓမ္မာပိဋကတ်ကို ပရမတ္ထဒေသနာလို့ ခေါ်တယ်ကွဲ့။

● အခေါ်အဝေါ်အားဖြင့်တော့ မှတ်မိပါပြီဘုရား၊ အဓိပ္ပာယ်အနက်ကို သိခွင့်ပြုပါဘုရား။

○ ဒကာမလေးက အမေး ဇွဲစပ်တယ်။ နားလည် သဘောပေါက်အောင် မေးမြန်းတတ်တယ်။ ဒါ ကောင်းပါတယ်။



● မှန်ပါတယ်၊ တပည့်တော် ခေါင်းထဲမှာ ရှင်းရှင်း နားလည်ချင်လို့ပါဘုရား။

○ ခေါင်းထဲမှာချည်း မမှတ်နဲ့၊ နှလုံးစွဲအောင်လည်း မှတ်၊ ဒါမှ ကြီးရင်လည်း မမေ့တော့ဘူး။ ရှေးလူကြီးတွေကတော့ တရား တစ်ခုကို တစ်သက်လုံး မမေ့အောင် အာဂုံဆောင်တတ်ကြတယ်။ အခု ကာလမှာတော့ မှတ်တမ်းကို ပို့ပြီး အားကိုးတတ်ကြတာကိုး၊ ကဲ... ဒေသနာသုံးပါး အကြောင်းကို ဘုန်းကြီး ရှင်းပြမယ်။

● တင်ပါ့ဘုရား၊ တပည့်တော် နှလုံးစွဲအောင် မှတ်သားထားပါ့မယ်ဘုရား။

○ ကောင်းပါပေ့ကွယ်။ ဒါဆိုရင် အာဏာဒေသနာ (ဝိနယပိဋက) အကြောင်းက စပြောမယ်။ ဝိနည်းတွေကို အာဏာဒေသနာလို့ ခေါ်တယ်။ ဒီလို စမှတ်ပေါ့။ ဘုရားက သူ့တပည့်သာဝကများကို ဘယ်လို ပြုမူရင် အပြစ်ဖြစ်တယ်။ အာပတ်သင့်စေ။ အဲဒီလို ကျူးလွန်မိတဲ့ အပြစ်တွေ၊ ဘယ်အပြစ်ဆိုရင် ဘယ်လို ကုစားရမယ်လို့ အမိန့်အာဏာ ထားခဲ့တယ်။ ဒီလို အမိန့်အာဏာနှင့် ပြဋ္ဌာန်းနိုင်တာလည်း ဗုဒ္ဓရှင်တော်မြတ် တစ်ပါးပဲ အခွင့်အရေး ရှိတယ်။ ပစ္စေကဗုဒ္ဓါတို့၊ အဂ္ဂသာဝက၊ မဟာသာဝကကြီးများမှာ ဒီအမိန့်အာဏာမျိုး ထားခွင့် မရှိဘူး။ ဒီလို အာဏာပိုင်စစ်စစ် ဖြစ်တော်မူတဲ့ မြတ်စွာဘုရားဟာ ဝိနည်းပိဋကတ်ထဲမှာ ရဟန်းများ ရှောင်ကြဉ်ရမည့် အပြစ်များနှင့် လိုက်နာ ဆောင်ရွက်ရမည့် ကျင့်ဝတ်များကို အမိန့်အာဏာစကားနဲ့ တိတိကျကျ သတ်သတ်မှတ်မှတ် ဟောကြားထားတော်မူခဲ့တယ်။ ဒါကြောင့် ဝိနယပိဋကကို အာဏာဒေသနာလို့ ခေါ်တာပဲကွဲ့။

● ရှင်းရှင်းလင်းလင်း နားလည်တတ်ပါပြီ ဘုရား၊ သုတ္တန်ပိဋကတ်ကို ဝေါဟာရ ဒေသနာလို့ ခေါ်တာကကော ဘယ်လို သဘောလဲ၊ အမိန့်ရှိပါ ဘုရား။

○ အေး... ကောင်းကောင်း နားထောင်နော်၊ ဝေါဟာရ ဒေသနာက အာဏာဒေသနာလို နားလည်ရ မလွယ်ကူဘူး။ ဝေါဟာရဒေသနာက ဉာဏ်အမြင်နဲ့ ဆိုင်တယ်။

● တပည့်တော် စူးစူးစိုက်စိုက် နာယူပါ့မယ် ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



○ အား… ပေါ့ပေါ့တန်တန် နားမထောင်နဲ့၊ လေးလေးနက်နက် ဆင်ဆင်ခြင်ခြင် နားထောင်ပေါ့။ မြတ်စွာဘုရားက သူ ရှာဖွေတွေ့ရှိပြီး ဖော်ထုတ်ခဲ့တဲ့ တရားတွေထဲမှာ အဓိက အကျဆုံးကတော့ သစ္စာတရားလေးပါး (အရိယာ သစ္စာလေးပါး) လို့ ခေါ်တဲ့တရား။ လောကရဲ့ အမှန်တရားပေါ့ကွယ်။

● မှန်ပါ၊ တပည့်တော် အရိယာသစ္စာလေးပါးကို ကြားသိထားဖူးပါတယ် ဘုရား။

○ ဒုက္ခ သစ္စာ၊ ဒုက္ခ သမုဒယ သစ္စာ၊ ဒုက္ခ သမုဒယ နိရောဓ သစ္စာ၊ ဒုက္ခ သမုဒယ နိရောဓ မဂ္ဂ သစ္စာပေါ့။

● တင်ပါ၊ မှန်ပါတယ်ဘုရား။

○ ဒီသစ္စာလေးပါး တရားက စရိုက်အမျိုးမျိုး၊ သဘောဆန္ဒ အထွေထွေ ရှိတဲ့ သတ္တဝါတွေ အားလုံး နားလည်အောင် ဟောကြားရတာ မလွယ်ဘူး။ သိပ်ခက်တယ်။ သတ္တဝါတွေမှာ အဝိဇ္ဇာဆိုတဲ့ မသိမှုမောဟနဲ့ တဏှာဆိုတဲ့ လိုချင် တပ်မက်မှု ရာဂက ဖုံးနေတော့၊ မိမိတို့ ရရှိထားတဲ့ ခန္ဓာကြီးဟာ ဒုက္ခသစ္စာကြီး ဆိုတာကို မြင်တဲ့ ဉာဏ်အမြင် ဉာဏ်မျက်စိရအောင်၊ ခန္ဓာငါးပါး ဒုက္ခသစ္စာကြီး အပေါ်မှာ ငါ ဖွဲ့ ဒိဋ္ဌိရှိနေတာဟာ အမြင်မှားနေတာလို့ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်း နားလည် သိမြင်သွားအောင် ပြောရ၊ ဟောရတာ မလွယ်ဘူးကွဲ့၊ အဲဒီလို နားလည် သဘောပေါက်အောင် ပရိသတ် နားလည်နိုင်မည့် ဝေါဟာရ၊ စကားပရိယာယ်၊ စကားလှယ်ဝေဝုစ်၊ ပုဒ်ဗျည်းဝါကျတွေနဲ့ တန်ဆာဆင်ပြီး ဟောရတယ်။ ဒီလို ဟောနိုင်မှ ဟောတတ်မှ ဒီတရားကို သတ္တဝါအမျိုးမျိုး နားလည်နိုင်မယ် မဟုတ်လား။

● တင်ပါ၊ ဟုတ်ပါတယ်ဘုရား။ တပည့်တော် တစ်ခါတစ်ခါ ခန္ဓာငါးပါးကို စဉ်းစား ဆင်ခြင်ကြည့်တယ်။ တစ်ချိန်လုံး ဖောက်ပြန်ပျက်စီးနေတဲ့ တရားပဲဆိုတာကိုလည်း သိတယ်။ ဘယ်လောက်ပဲ ကိုယ်က ပြုစု ယုယနေသော်လည်း၊ ဘယ်လောက်ပဲ အလိုလိုက် အကြိုက်ဆောင်နေသော်လည်း၊ သူကတော့ ဖောက်ပြန်နေတာပဲ၊ အိုနေ၊ နာနေ၊ သေနေတာပဲ။ သေခြင်း အဆုံးရှိတဲ့ ဘဝဟာ ဘာတွေ လုပ်ခဲ့လုပ်ခဲ့၊ ဘာတွေ ရခဲ့ရခဲ့၊ ဘာတွေ ဖြစ်ခဲ့ဖြစ်ခဲ့ သေတဲ့နေ့မှာ ဘာတစ်ခုမှ အဓိပ္ပာယ် မရှိဘူး၊ ဟန်မိုးမရှိဘူး အလကားပဲ ဆိုတာ သဘောပေါက်ပါတယ် ဘုရား၊ ဒါပေမဲ့ မကောင်းမှန်း



သိလျက်နဲ့ ဒီခန္ဓာကို ဘာကြောင့် ချစ်နေသလဲ၊ ခင်နေသလဲ ဆိုတာ အားမလို အားမရ စဉ်းစားတာ အဖြေရှာလို့ မရပါဘူး ဘုရား။

○ အေး… ဟုတ်တယ်၊ သတ္တဝါတိုင်း ခန္ဓာကို ခင်တယ်။ ဘဝကို ခင်တွယ်တဲ့ တဏှာရှိတယ်။

● အဲဒါ ဘာဖြစ်လို့လဲ ဘုရား။

○ အကျဉ်းချုပ် ပြောရရင်တော့ ငါဖွဲ့ ဒိဋ္ဌိကြောင့်ပဲ၊ သစ္စာဉာဏ်အမြင် မစင်ကြယ်သေးလို့ပေါ့ကွယ်။ ခု ဒီလောက် သမီး စဉ်းစားပြီး မြင်တတ်တာလည်း ပရိယတ် စာပေကျမ်းဂန်တွေ ဖတ်ထားလို့ ကြားဖူးနားဝ ရှိလို့ပေါ့။ မြတ်စွာဘုရားဟာ ဝေါဟာရ အရာမှာ အတုမရှိ နိုင်နင်းကျွမ်းကျင်တော်မူတယ်။ ဒါကြောင့် မြတ်ဗုဒ္ဓက သုတ္တန်ပိဋကတ်မှာ သတ္တဝါအမျိုးမျိုးရဲ့ သိနိုင်တဲ့ အသိဉာဏ်နဲ့ ကိုက်ညီအောင် ဝေါဟာရ စကား အသုံးအနှုန်း အမျိုးမျိုးနဲ့ တန်ဆာဆင်ပြီး ဟောကြားတော်မူတယ်။

● ဟုတ်တယ်နော် ဘုရား၊ ဓမ္မပဒမှာ ပေးထားတဲ့ ဥပမာတွေက သိပ်ကောင်းတာပဲ၊ သိပ်ပြီး နားလည်ရ လွယ်တာပဲနော်။

○ ဟုတ်တယ်၊ လောကကို သိတော်မူတဲ့ မြတ်စွာဘုရားဟာ ဥပမာ ဥပမေယျ စကား အမြောက်အမြားကို လောကီလူသားများရဲ့ အတွေ့အကြုံထဲက ရက်တရက် ဖျတ်ခနဲ ထုတ်နုတ်ပြီး ဖော်ပြလိုက်တဲ့အခါ နာရသူ သတ္တဝါ ဝေနေယျ အများရဲ့ဉာဏ်အမြင်ထဲမှာ တရားရဲ့သဘော အဓိပ္ပာယ်ကို ရှင်းခနဲ လင်းခနဲ ထင်မြင်ပြီး ချက်ချင်းပဲ နားလည် သွားတတ်ကြတယ်။ ဒါကြောင့် ဒီသုတ္တန်ပိဋကတ်ကို ဝေါဟာရဒေသနာလို့ ခေါ်တာပဲကွဲ့။

● ဒီတစ်ချက် သိလိုက်ရတာပဲ တပည့်တော်မ စိတ်ထဲမှာ အဖိုးတန်လိုက်တာလို့ ခံစားမိပါတယ်ဘုရား။ နောက်တစ်ခု၊ ပရမတ္ထဒေသနာရဲ့ သဘောကို ရှင်းပြပါဦးဘုရား။

○ ပရမတ္ထတရား ဆိုတာ လောကရဲ့ စစ်မှန်တဲ့ တရားတွေ အင်္ဂလိပ်လိုတော့ Absolute reality ကို ခေါ်တာပဲ။ ဗုဒ္ဓမြတ်စွာဘုရားက လောက တစ်ခုလုံးကို ခြုံပြီး ဒီစစ်မှန်တဲ့ အမှန်တရားတွေကို အကြွင်းမဲ့ သိတော်မူတယ်။ အဲဒီလို သိတော်မူတဲ့ ဉာဏ်ကို သဗ္ဗညုတဉာဏ်လို့ ခေါ်တာပဲလေ။ အဲဒီလို သူ့ကိုယ်တိုင် သဗ္ဗညုတဉာဏ်နဲ့ ထိုးထွင်း သိမြင်တော်မူတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပရမတ္ထတရားတွေကို အဘိဓမ္မာ ပိဋကတ်မှာ ကျယ်ကျယ်ဝန်းဝန်း အကြွင်းအကျန် မရှိ၊ ပြည့်စုံစွာ ဖော်ထုတ်ပြီး ဟောကြားတော်မူခဲ့တယ်။ ဒါကြောင့် အဘိဓမ္မာ ပိဋကတ်ကို ပရမတ္ထဒေသနာဆိုတဲ့ အမည်နဲ့လည်း ခေါ်တာ ဖြစ်တယ်။

● အဘိဓမ္မာဆိုတာ သင်္ဂြိုဟ်နဲ့လည်း အတူတူပဲလား ဘုရား၊ အဘိဓမ္မာရဲ့ အနက်နဲ့ သင်္ဂြိုဟ်ရဲ့ အနက်ကိုလည်း အမိန့်ရှိပါဦး ဘုရား။

○ အဘိဓမ္မာ ဆိုတာက အဘိ= ထူးသော၊ ဓမ္မ= တရား၊ ထူးသောဉာဏ်နဲ့ သိအပ်သော တရားလို့ မှတ်ထားပါ။ သင်္ဂဟ= သင်္ဂြိုဟ်ဆိုတာက အကျဉ်းအားဖြင့် ရေတွက်ခြင်းဆိုတဲ့ သဘောပဲ။ အဘိဓမ္မာ ပိဋကတ်မှာ ဟောကြားထားတဲ့ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ တရားသဘောတို့ကို အကျဉ်းအားဖြင့် ရေတွက် ဖော်ပြတဲ့ ကျမ်းကို သင်္ဂြိုဟ်ကျမ်းလို့ ခေါ်တာပါပဲ။

● ဒါဆို အကြောင်းအရာကတော့ အတူတူပဲလား ဘုရား။

○ အကြောင်းအရာ တူပါတယ်။ ဖော်ပြပုံချင်း အကျဉ်း အကျယ်ပဲ ကွာခြားတယ်လို့ ဆိုရမှာပေါ့။

● ဒေသနာသုံးရပ်မှာ ပရမတ္ထဒေသနာ ဖြစ်တဲ့ အဘိဓမ္မာပိဋကတ်ဟာ ပိုပြီး နက်နဲမှာပေါ့နော် ဘုရား။

○ အဘိဓမ္မာ ပိဋကတ်ဟာ နက်နဲခြင်း လေးမျိုးနဲ့ နက်နဲတယ်လို့ ပညာရှင်များက အသိအမှတ် ပြုထားကြပါတယ်။

● တပည့်တော် သိခွင့်ရှိအောင် အမိန့်ရှိပါဦး ဘုရား။

○ အဘိဓမ္မာ ပိဋကတ်မှာ နက်နဲခြင်း လေးမျိုး ရှိတယ်လို့ ပညာရှိများ လက်ခံထားတယ်။

(၁) ဓမ္မ ဂမ္ဘီရ = ပါဠိ ဝေါဟာရ စကားအသုံးအနှုန်း နက်နဲခြင်း

(၂) အတ္ထ ဂမ္ဘီရ = အနက်အဓိပ္ပာယ်၏ နက်နဲခြင်း

(၃) ဒေသနာ ဂမ္ဘီရ = ဟောကြားပုံ အစီအစဉ်၏ နက်နဲခြင်း

(၄) ပဋိဝေဓ ဂမ္ဘီရ = ပါဠိအနက်တို့ကို ထိုးထွင်း သိနိုင်သော ဉာဏ်၏ နက်နဲခြင်း လေးမျိုးလို့ မှတ်ထားပေါ့ကွယ်။



● တပည့်တော် မှတ်မိပါပြီ ဘုရား၊ ဒါနဲ့ အရှင်ဘုရား အမိန့်ရှိခဲ့တာက ဒေသနာသုံးမျိုး၊ သာသနာသုံးမျိုး၊ ကထာသုံးမျိုး၊ သိက္ခာသုံးပါး၊ ပဟာန်သုံးပါးဆိုပြီး ပြောခဲ့တယ်လို့ မှတ်ထားပါတယ်ဘုရား။ ပိဋကတ် သုံးပုံကို သာသနာသုံးမျိုးနဲ့ ဘယ်လို ခွဲခြားထားပါသလဲ ဘုရား။

○ အိမ်း မှတ်ရလွယ်အောင် ပြောရင် (၁) ဝိနယ ပိဋကကို ယထာပရာဓ သာသနာလို့ ခေါ်တယ်။ (၂) သုတ္တပိဋကကို ယထာနုလောမ သာသနာလို့ ခေါ်တယ်။ (၃) အဘိဓမ္မပိဋကကိုတော့ ယထာ ဓမ္မသာသနာ တဲ့ကွဲ့။ မှတ်ပြီးပလား။

● ပြီးပါပြီ ဘုရား။

○ ကဲ ပြန်ပြောစမ်း။

● ယထာပရာဓ သာသနာက ဝိနည်း၊ ယထာနုလောမ သာသနာက သုတ္တန်၊ ယထာ ဓမ္မသာသနာက အဘိဓမ္မာပါဘုရား။

○ အေး ဟုတ်ပြီ။ ကဲ အကျယ်ကို ပြဦးမယ်။ တစ်က ဘာတဲ့...။

● ယထာပရာဓ သာသနာပါဘုရား။

○ ကောင်းပြီ၊ အဲဒါ ဝိနည်းကို ခေါ်တာနော်။

● တင်ပါဘုရား။

○ မြတ်စွာဘုရားက ဝိနည်းပိဋကတ်ထဲမှာ ပါတဲ့ ထိုထိုဝိနည်း စည်းကမ်း ဥပဒေတို့ကို ကျူးလွန် ဖောက်ဖျက်တဲ့ ရဟန်းတို့ကို အမှုနဲ့ လျော်စွာ ထိုက်တန်သော အပြစ်ကို ပြ၍ ဆုံးမတော်မူသည်။ ထို့ကြောင့် ဝိနည်းပိဋကတ်ကို ယထာပရာဓ သာသနာလို့ ခေါ်တယ်။ (ယထာ= လျော်စွာ၊ ပရာဓ= အပြစ်၊ သာသနာ= အဆုံးအမ) အမှုနဲ့ လျော်စွာ အပြစ်ကိုပြပြီး ဆုံးမထားတဲ့ တရားလို့ မှတ်ရမယ်။

● ယထာနုလောမ သာသနာကို ရှင်းပြပါဦး ဘုရား။

○ အဲဒါ သုတ္တန်ပိဋကတ်ကို ခေါ်တဲ့ နာမည် တစ်မျိုးပေါ့။ ဒီမှာ အမျိုးမျိုး အပြားပြားသော ဝါသနာ စရိုက်ရှိသူ သတ္တဝါ အပေါင်းတို့ကို သူတို့ရဲ့ အတွင်းအဇ္ဈတ္တ ဓာတ်ခံနှင့် ကိုက်ညီအောင် သဗ္ဗညုတဉာဏ်တော်နှင့် နှိုင်းချိန်ပြီး ဆုံးမတယ်။ လမ်းညွှန်ပြတော်မူတယ်။ ဒါကြောင့် သုတ္တန်ဒေသနာကို

www.burmeseclassic.com



ယထာအနုလောမသာသနာလို့ ခေါ်ရတယ် (ယထာ= လျော်စွာ၊ အနုလောမ= သင့်သော လျော်သော မဆန့်ကျင်သော၊ သာသနာ= အဆုံးအမ) သဘောကျရဲ့လား။

● သဘောကျပါပြီ ဘုရား။

○ သဘောကျဖို့ အရေးကြီးတယ်။ မင်းတို့ ခေတ်လူငယ်တွေ ဘဝင်ကျပြီး လက်ခံဖို့ အရေးကြီးတယ်။

● ယထာဓမ္မသာသနာကို ရှင်းပြပါဦး ဘုရား။

○ လောကဆိုတာ ဘာလဲ သိလား သမီး။

● သတ္တလောက၊ သင်္ခါရလောက၊ ဩကာသ လောကဆိုတာ ကြားဖူးပါတယ်။ လောကဆိုတာ စကြဝဠာ အနန္တကို ခေါ်တာ မဟုတ်လား ဘုရား။

○ ဟဲ့ အဲဒါ ဗုဒ္ဓဘာသာအမြင် မဟုတ်ဘူး။ ရေ၊ မြေ၊ တော၊ တောင်၊ နေ၊ လ နက္ခတ္တဇရာတွေကို ပေါင်းပြီး ရုပ်လောက၊ နာမ်လောကလို့ ခေါ်နေကြတာက ပညတ်လောက၊ ပုထုဇဉ်တွေ သိနေတဲ့ အခေါ်ရှိ သမုတိ လောကကွဲ့။ ပရမတ် အမြင်မှာတော့ လောကဆိုတာ ခန္ဓာငါးပါး၊ ရုပ်နာမ် နှစ်ပါးကို ပြောတာ။ တကယ် အရှိတရားက ခန္ဓာငါးပါး (ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ) ဒါကိုပဲ ချုံ့ပြီး ရုပ်နာမ်နှစ်ပါး လို့လည်း ခေါ်ရတယ်။ အဲဒီ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးကို သမီးရဲ့ ဉာဏ်ထဲမှာ ဖယ်ကြည့် နုတ်ကြည့်စမ်း၊ လောကမှာ ဘာကျန်သလဲ။

● သုညပဲ ကျန်မှာပါ ဘုရား။

○ အေး ဟုတ်တယ်။ ဤလောကမှာ ထင်ရှားရှိတာက ရုပ်နာမ်နှစ်ပါးပဲ။ ပုဂ္ဂိုလ်သတ္တဝါ၊ ယောက်ျားမိန်းမ၊ သူပဲငါပဲ ဆိုတာတွေက အရှိတရားတွေ မဟုတ်ဘူး။ အခေါ်ရှိ ပညတ်တွေ။ ဒီပညတ်ရှိ သမုတိသစ္စာတွေကိုပဲ ပုထုဇဉ်တွေက အရှိတရားတွေလို့ ထင်နေကြတယ်။ ဒီပုဂ္ဂိုလ်သတ္တဝါတွေဟာ အရှိတရား အမှန်တရားတွေ မဟုတ်ဘူး၊ ရုပ်နာမ်ဓမ္မကသာ အစစ်အမှန် အရှိတရား ဖြစ်တယ်လို့ သဘာဝရှိအတိုင်းတိုင်း သိမြင် နားလည်အောင် ဆုံးမတော်မူခဲ့တယ်။ အဲဒီလို ဆုံးမခဲ့တဲ့ အဘိဓမ္မာပိဋကတ်ကို ယထာဓမ္မ သာသနာလို့ ခေါ်တာပဲကွဲ့။ (ယထာဓမ္မ= တရားသဘော အစစ်အမှန်၊ သာသနာ= အဆုံးအမ) သဘောကျပြီလား။



● ကျပါပြီ ဘုရား။ တပည့်တော် ဦးနှောက်ထဲမှာ ဉာဏ်အလင်းတွေ ဖြစ်ပေါ်လာသလား မှတ်ရပါတယ် ဘုရား။

○ အေးလေ၊ အဲဒါ ဗုဒ္ဓဓမ္မကြောင့်ဖြစ်တဲ့ ဉာဏ်အလင်းဓာတ်ပဲပေါ့။ ဒီလို အလင်းဓာတ် (အာလောကမျိုး) ဘယ်တရားမှာမှ မရှိဘူး။

● မှန်ပါ၊ ကထာသုံးမျိုးကို ရှင်းပြပါဦး ဘုန်းဘုန်းဘုရား။

○ ကထာသုံးမျိုးရှိတယ်။ (၁) သံဝရာသံဝရကထာ (၂) ဒိဋ္ဌိဝိနိဝေဓနကထာ (၃) နာမရူပ ပရိစ္ဆေဒကထာ ဒီကထာသုံးမျိုးရဲ့ အမည်ကို မှတ်မိအောင် နှုတ်သွင်းရမယ်။

● မှတ်မိပါပြီဘုရား။

○ ဆိုစမ်းပါဦး။

● သံဝရာ သံဝရကထာ။ ဒိဋ္ဌိဝိနိဝေဓနကထာ။ နာမရူပ ပရိစ္ဆေဒကထာ ပါဘုရား။

○ မှန်တယ်။ ဒါဆိုရင် ဒီကထာသုံးပါးရဲ့ သဘော အကျယ်ကို ရှင်းပြမယ်။ သေသေချာချာ နားထောင်။

● (ဖေဖေ၏ ပြောဆိုပုံများ ပြောင်းလဲနေသည်ကို ကျွန်မ သတိထားမိသည်။ ယခင်က လေသံနှင့် မတူ။ ယခု ဘုန်းကြီးဖြစ်သောအခါ ဘုန်းကြီးလေသံ ဖြစ်လာသည်။) အမိန့်ရှိပါဘုရား။

○ သံဝရာသံဝရကထာဆိုတာ ဝိနည်းပိဋကတ်ကို ခေါ်တာ။ ဝိနည်း ပိဋကတ်ထဲက ဝိနည်း ဥပဒေစည်းကမ်းတွေကို ကျူးလွန် ဖောက်ဖျက်ခြင်း မပြုမိအောင် ကိုယ်၊ နှုတ် (ကာယကံ၊ ဝစီကံ) တို့ကို ဘယ်သို့ဘယ်ပုံ စောင့်စည်း ထိန်းချုပ်ရမယ် ဆိုတာကို စောင့်စည်းနည်း အမျိုးမျိုးကို ဖော်ပြထားတယ်။ ကြီးကျယ်သော ပြစ်မှုများကို မကျူးလွန်မိအောင် စောင့်ထိန်းပုံ၊ စောင့်ထိန်းနည်းများနှင့် သေးငယ်တဲ့ ပြစ်မှုများကိုလည်း မကျူးလွန်မိအောင် စောင့်ထိန်းပုံ၊ စောင့်ထိန်းနည်းများကိုလည်း ပညတ်ပြီး သတ်မှတ် ပေးထားတယ်။ ဒါကြောင့် ဝိနည်း ပိဋကတ်ကို သံဝရာသံဝရကထာလို့ ခေါ်တယ်။ (သံဝရ= သေးငယ်သော အပြစ်များကို စောင့်ထိန်းနည်း၊ အသံဝရ= အပြစ်ကြီး များကို စောင့်ထိန်းနည်း၊ ကထာ= ဆုံးမစကား) မှတ်မိရဲ့လား။

● မှတ်မိအောင် ကြိုးစားနေပါတယ် ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



○ အေး မှတ်မိအောင်၊ ကြိုးစားရမယ်။ ချက်ချင်း မမှတ်မိရင်လည်း ခဏ ခဏ နှလုံးသွင်းရင် မှတ်မိပါတယ်။ သဒ္ဓါနဲ့ သတိနဲ့ ဝီရိယ ညီရင် ရတာပေါ့။

● တင်ပါဘုရား။ ဒိဋ္ဌိဝိနိဝေဌနကထာကို အမိန့်ရှိပါဦး။

○ အဲဒါ သုတ္တန်ပိဋကတ်ကို ခေါ်တဲ့အမည်။ သုတ္တန်ထဲမှာက အယူဝါဒ အမျိုးမျိုးကို လက်ခံ ယုံကြည်နေကြတဲ့ သမဏ၊ ဗြာဟ္မဏတို့ရဲ့ အတွင်းအဇ္ဈတ္တသန္တာန်မှာ ရစ်ပွဲ့နေတဲ့ အယူမှား အမြင်မှား မိစ္ဆာဒိဋ္ဌိ ၆၂ မျိုးကို ဖယ်ရှင်း ပယ်နုတ်ဖို့အတွက် အသုံးပြုတဲ့ နည်းအမျိုးမျိုးကို အများဆုံး ဟောကြားထားတယ်။ ဒါကြောင့် သုတ္တန်ပိဋကတ်ကို ဒိဋ္ဌိဝိနိဝေဌနကထာလို့ ခေါ်ခြင်းဖြစ်တယ် (ဒိဋ္ဌိ= အယူမှား၊ ဝိနိ= ဖြေခြင်း၊ ဝေဌန= ရစ်ပတ်ခြင်း၊ ကထာ= စကား) သဘောကျရဲ့လား။ ရှင်းရဲ့လား။

● ရှင်းပါတယ် ဘုရား၊ သဘောကျပါတယ် ဘုရား၊ နာမရူပပရိစ္ဆေဒ ကထာကို ရှင်းပြပါဦး ဘုရား။

○ အေး ရှင်းပြမယ်။ ဒါက အဘိဓမ္မာပိဋကတ်ကို ခေါ်တဲ့ အမည်လို့ မှတ်ပါ။

● တင်ပါဘုရား။

○ အဘိဓမ္မာ ပိဋကတ်ဟာ တပ်မက်မှုရာဂ စသည်တို့နှင့် ဆန့်ကျင်ဘက် ဖြစ်တယ်။ အဘိဓမ္မာမှာ ပုဂ္ဂိုလ်သတ္တဝါ၊ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမ ဆိုတဲ့ အပေါ်ယံ ပညတ်ကို ဖောက်ထွင်း၍ အတွင်းဓာတ်ဖြစ်တဲ့ နာမ်နဲ့ရုပ် သဘောကို ခွဲခြား သိမြင်နိုင်အောင် နည်းအမျိုးမျိုးနှင့် ဟောပြောထားတယ်ကွဲ့။ ဒါကြောင့် အဘိဓမ္မာ ပိဋကတ်ကို နာမရူပပရိစ္ဆေဒကထာလို့ ဝိသေသန ပုဒ်တပ်ပြီး ခေါ်ရတာ။ (နာမရူပ= နာမ်ရုပ်၊ ပရိစ္ဆေဒ= ပိုင်းခြားခြင်း၊ ကထာ= စကား)။ ဒါက ကထာ(စကား) အနေနဲ့ ပိဋကတ်သုံးပုံကို ဝေဖန်ထားတာပဲကွဲ့။ သဘောရှင်းအောင် နှလုံးသွင်းရမယ်နော်။

● နှလုံးသွင်းထားပါတယ် ဘုရား။ သိက္ခာသုံးပါးအနေနဲ့ ဝေဖန်ပုံကို ရှင်းပြပါဦး ဘုရား။

○ သိက္ခာ ဆိုတာက ကျင့်စဉ်ကို ဟောတာဖြစ်တယ်။ ပိဋကတ်သုံးပုံကို ကျင့်စဉ် သိက္ခာအားဖြင့် ဝေဖန်ရင် (၁) ဝိနယပိဋကကို အဓိသီလ



သိက္ခာ၊ (၂) သုတ္တပိဋကကို အဓိစိတ္တသိက္ခာ၊ (၃) အဘိဓမ္မ ပိဋကကိုတော့ အဓိပညာသိက္ခာ ဆိုပြီး ဝေဖန် ပိုင်းခြားနိုင်ပါတယ်။ ပိဋကတ်သုံးပုံကို အကျဉ်းချုပ်ပြီး အနှစ်သာရ ထုတ်ယူလျှင် သီလ၊ သမာဓိ၊ ပညာဆိုပြီး ကျင့်စဉ်သုံးရပ် ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

● အရှင်ဘုရား၊ စောစောက ပြောတဲ့ အထဲမှာ၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာလို့ မိန့်ခဲ့ပါတယ်။ 'အဓိ'ဆိုတဲ့ အထူးပြုသဒ္ဒါကို တပည့်တော် သတိထားမိပါတယ်။ အဲဒီ 'အဓိ'ဆိုတဲ့ အထူးပြုပုဒ် ထည့်ရခြင်း အကြောင်းကို သိပါရစေ ဘုရား။

○ ဒါက ဒီလိုကွဲ့။ သီလ၊ သမာဓိ၊ ပညာ သိက္ခာပုဒ်တွေဟာ သာသနာပ မှာလည်း ရှိတယ်။ ဒါပေမဲ့ ဗုဒ္ဓ သာသနာမှာရှိတဲ့ သီလ၊ သမာဓိ၊ ပညာသိက္ခာပုဒ်များဟာ သာသနာပ သီလ၊ သမာဓိ၊ ပညာ သိက္ခာပုဒ်တွေနှင့် နှိုင်းယှဉ်ကြည့်ရင် နှိုင်းယှဉ်မရအောင် အဆင့်အတန်း မြင့်လှပါတယ်။ ဒါကြောင့် 'အဓိ'ဆိုတဲ့ အထူးပြုပုဒ် ထည့်ပြီး ခေါ်ဆိုထားခြင်း ဖြစ်တယ်လို့ မှတ်ရမယ်။

● တင်ပါ ဘုရား။ သဘောကျပါတယ် ဘုရား။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သဘောအကျယ်ကို အမိန့်ရှိပါဦးဘုရား။

○ ပိဋကတ်သုံးပုံထဲမှာ ဝိနည်းပိဋကတ်ကတော့၊ မပြုလုပ်သင့်တဲ့ အမှုမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ ဝါရိတ္တ သီလနဲ့ ဖြည့်ကျင့် ပြုလုပ် ဆောင်ရွက် သင့်တဲ့ အမှုတို့ကို ပြုလုပ် ဆောင်ရွက်ခြင်းဆိုတဲ့ စာရိတ္တ သီလ နှစ်ပါးကို အများဆုံး ဖော်ပြထားတာ တွေ့ရပါတယ်။ ဝါရိတ္တသီလက ရှောင်ရန်ကိစ္စ၊ စာရိတ္တသီလက ဆောင်ရန်ကိစ္စပေါ့ကွယ်။ ဒါကြောင့် ဝိနယပိဋက ဟာ ပိဋကတ် သုံးပုံထဲမှာ သီလသိက္ခာပုဒ်ကို အထူးပြုပြီး ဟောကြားထားကြောင်း ထင်ရှားတယ်။ အကျင့်သီလကို အထူးဦးစားပေးပြီး ဟောကြားထားတဲ့ တရား ဖြစ်တဲ့ အတွက်ကြောင့် 'အဒိသီလသိက္ခာ' လို့ ခေါ်ရခြင်း ဖြစ်တယ်။

● ကိုယ်နှုတ် အမှုအရာများနဲ့ ပတ်သက်တဲ့ ကျင့်ဖွယ် ကိစ္စတွေကို ဘယ်ဟာက ရှောင်ရန်၊ ဘယ်ဟာက ဆောင်ရန်ဖြစ်တယ် ဆိုတာကို အထူး ဖော်ပြထားလို့ အဓိသီလသိက္ခာခေါ်တယ်လို့ မှတ်ထားရမှာလား ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



○ အေး ဟုတ်တာပေါ့။ အကျင့်သီလပိုင်းကို ထူးထူးခြားခြား ဖော်ပြထားလို့ ဝိနည်းပိဋကတ်ကို 'အဓိသီလသိက္ခာ' လို့ ခေါ်ရတယ်။

● တပည့်တော် ခေါင်းထဲမှာရော နှလုံးသားမှာပါ စွဲမြဲအောင် မှတ်ထားလိုက်ပါပြီ ဘုရား။

○ အေး ထေရဝါဒ ဗုဒ္ဓဘာသာရဲ့ အုတ်မြစ်အခြေခံတွေကို ခေတ်လူငယ်တွေ ကျယ်ကျယ်ပြန့်ပြန့် သိထားမှ ကောင်းတယ်၊ ဘာသာခြားတို့က လာရောက် ချောက်ချားခြင်း မပြုနိုင်ဘူး။

● အဓိစိတ္တသိက္ခာ အကြောင်းကို ရှင်းပြပေးပါဦးဘုရား။

○ ကောင်းပြီ။ လောကမှာ သတ္တဝါအမျိုးမျိုးရဲ့ စိတ်ဟာ၊ လောကီအာရုံကာမဂုဏ် အမျိုးမျိုး၊ စွဲလမ်းမှု အမျိုးမျိုးကြောင့် ဖောက်ပြန်လှုပ်ရှားနေကြတယ်။ စိတ်တည်ငြိမ်မှု မရဘူး။ စိတ်မတည်ငြိမ် လှုပ်ရှားနေတော့ စိတ်ရဲ့ အေးချမ်းမှု ငြိမ်သက်မှုကိုလည်း မရဘူး။ စိတ်ကြည်လင်မှုကိုလည်း မရကြဘူး မဟုတ်လား။

● ဟုတ်ပါတယ် ဘုရား။

○ အေး စိတ်တည်ငြိမ်မှသာလျှင် စိတ်ကြည်လင်တယ်။ ဥပမာ ရွှံ့ခဲတစ်တုံးကို ထည့်ပြီး မွှေထားတဲ့ ရေခွက်ဟာ နောက်ကျိမနေဘူးလား။

● နောက်ကျိနေပါတယ် ဘုရား။

○ အဲဒါ ဘာကြောင့် နောက်နေရသလဲ။

● လှုပ်နေလို့ပါ ဘုရား။

○ ကောင်းပြီ။ ဒါဆိုရင် အဲဒီရေခွက် ကြည်လာအောင် ဘာလုပ်ရမလဲ။

● ငြိမ်ငြိမ်ကလေး ထားရပါမယ် ဘုရား။

○ ဒီအတိုင်းပဲ လှုပ်ရှားလို့ နောက်ကျိနေတဲ့ စိတ်ကို ကြည်လင်စေချင်ရင် တည်ငြိမ်အောင် လုပ်ရမယ်။ ဒီလို လုပ်တာကို သမာဓိလို့ ခေါ်တယ်။ သမာဓိရပြီး တည်ငြိမ်တဲ့ စိတ်ဟာ ကြည်လင်တယ်။ စိတ်ကြည်လင်မှ အမှန်တရား (သစ္စာ) ကို ထိုးထွင်းပြီး အမှန်အတိုင်း သိနိုင်တာပေါ့။ မဟုတ်ဘူးလား။

● ဖြစ်နိုင်ပါတယ် ဘုရား။



○ မှန်တာပေါ့၊ စိတ်တည်ငြိမ်မှ စိတ်ကြည်တယ်။ စိတ်ကြည်မှ ဉာဏ်ပွင့်တယ်။ ဒါသဘာဝပဲဟာ၊ ဒါကြောင့် စိတ်ပျံ့လွင့်ပြီး လှုပ်ရှားနေတဲ့ ပုဂ္ဂိုလ်ကို ချက်ချင်း အမှန်တရားကို သိမြင် နားလည်အောင် ဟောကြားဖို့ မလွယ်ဘူး။ ဒီသဘာဝကို သိတော်မူ မြင်တော်မူတဲ့ မြတ်စွာဘုရားက သတ္တဝါတွေကို သုတ္တန် ဒေသနာများကို ဟောကြားတဲ့အခါ စိတ်တည်ငြိမ်မှု (သမာဓိ) ကို ရရှိစေမည့် အဓိစိတ္တသိက္ခာလို့ ခေါ်တဲ့ သမထကျင့်စဉ်များကို အသေးစိတ်ညွှန်ကြား ပြသထားတော်မူခဲ့တယ်။ ပြီးမှ အဓိပညာစခန်းဖြစ်တဲ့ ဝိပဿနာအဆင့်ကို ရောက်အောင် ဆက်လက် ဟောကြားတော်မူခဲ့တယ်။ စိတ်တည်ငြိမ်မှု ရရှိစေတဲ့ အကျင့်ကို ဦးစားပေးပြီး ဟောကြားတော်မူတဲ့ တရားဖြစ်လို့ သုတ္တန်ပိဋကတ်ကို 'အဓိစိတ္တသိက္ခာ' လို့ ခေါ်ရတယ်။ မှတ်မိပြီလား။

● မှတ်မိပါပြီ ဘုရား။ တပည့်တော် ဉာဏ်အမြင်လည်း ပိုပြီး ရှင်းသွားပါပြီ ဘုရား။

○ အေး၊ ဒါဆိုရင် အဘိဓမ္မာပိဋကတ်ဖြစ်တဲ့ အဓိပညာသိက္ခာ အကြောင်းကို ဆက်ပြောမယ်။

● အမိန့်ရှိပါ ဘုရား။

○ အဘိဓမ္မာဆိုတာ ရုပ်ဓမ္မ နာမ်ဓမ္မတို့ရဲ့ သဘာဝအမှန်ကို နည်းအမျိုးမျိုးနဲ့ ဝေဖန် ပိုင်းခြားပြီး ဟောတော်မူတဲ့ ဒေသနာဖြစ်တယ်။ ဒါကြောင့် အဓိပညာသိက္ခာလို့ ခေါ်ရတယ်။ ဒီလို ရုပ်နာမ်ဓမ္မတို့ရဲ့ သဘာဝအမှန် (အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ) ကို သိမြင်တဲ့ ပုဂ္ဂိုလ်ဟာ နာမရူပပရိစ္ဆေဒဉာဏ်ကို ရတယ်။ ဒါဟာ ဝိပဿနာဉာဏ်ရဲ့ အခြေခံဉာဏ်ပဲကွဲ့။ ဒီဉာဏ်ကို အခြေခံပြီး တက်ရင် ဝိပဿနာ ပညာစခန်းကို ရောက်တယ်။ အဲဒီ ဉာဏ်ကမှ လောကုတ္တရာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့ အဆင့်မြင့် ဉာဏ်တွေကို တိုးတက်ရောက်ရှိသွားနိုင်တယ်။ ဒါကြောင့် အဘိဓမ္မာ ပိဋကတ်ကို 'အဓိပညာသိက္ခာ' ဖြစ်တယ်လို့ ဟောကြားတော်မူခဲ့တယ်။

● ဉာဏ်ရှင်းပါပြီဘုရား။ နောက်တစ်နည်း ကျန်သေးတယ် ထင်ပါတယ် ဘုရား။ ဝေဖန်ပိုင်းခြားပုံကို ဆိုလိုပါတယ် ဘုရား။

○ အေး၊ ဘာလဲ ပြောစမ်း။

● ပဟာန် သုံးပါးအားဖြင့် ပိုင်းခြားပုံကို ပြောတာပါ ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



○ အေး သမီးက ဆင်ခြင်ဉာဏ်ရော၊ မှတ်ဉာဏ်ရော ကောင်းပါတယ်။ တရားအားထုတ်ရင် ဒီဘဝမှာတင် အနည်းဆုံး တစ်မဂ်တစ်ဖိုလ် ရနိုင်တယ်။ တရားသိဖို့ အရေးကြီးသလို၊ တရားရဖို့လည်း အရေးကြီးတယ် နော်။

● မှန်လှပါ။ တပည့်တော် အားထုတ်ဖို့ ဆုံးဖြတ်ထားပြီးပါပြီ ဘုရား။ အရှင်ဘုရား တောင်ငူအနုရုဒ္ဓါတောရမှာ အလုပ်ပေး တရားစခန်း ဖွင့်တဲ့အခါ တပည့်တော် လာပြီး အားထုတ်ပါ့မယ်ဘုရား။

○ အေး၊ အခွင့်အရေးဆိုတာ ယူတတ်မှ ရတယ်။ ဘယ်အလုပ်ကို ဦးစား ပေးသင့်သလဲဆိုတာ တန်ဖိုးထားပြီး ရွေးချယ်တတ်ရတယ်။ သိရုံနဲ့ မပြီးဘူး။ တရားဆိုတာ ရအောင် လုပ်မှ ဖြစ်တယ်နော်။ ကဲ ပဟာန်သုံးပါး အကြောင်းကို ဆက်ပြောဦးမယ်။

● အမိန့်ရှိပါ ဘုရား။

○ ပဟာန= ပဟာန်ဆိုတာက ကိလေသာတွေကို ပယ်ရှားတဲ့ သဘော ဖြစ်တယ်။ (၁) ဝီတိက္ကမပဟာန် (၂) ပရိယုဋ္ဌာနပဟာန် (၃) အနုသယ ပဟာန် သုံးပါးကွဲ့။

● ရှင်းပြပါဦး အရှင်ဘုရား။

○ မြတ်စွာဘုရား ပိဋကတ်သုံးပုံကို ဟောကြားတော်မူခြင်းရဲ့ ရည်ရွယ် ချက်က သတ္တဝါများရဲ့ သန္တာန်မှာ ဖြစ်ပေါ်ကိန်းအောင်းနေတဲ့ အကုသိုလ် ကိလေသာတွေကို ပယ်ရှားနိုင်ဖို့ပဲ ဖြစ်တယ်။ အဲဒီ ကိလေသာတွေ ကို ပယ်သတ်တဲ့ နည်းက (၁) ကိုယ်ထိလက်ရောက် ကျူးလွန်မှု (အကြမ်းစား ကိလေသာတွေ) ကို ပယ်နည်း။ ဒါကို ဝီတိက္ကမပဟာန်လို့ ခေါ်တယ်။ (၂) က အဇ္ဈတ္တ သန္တာန်မနောမှာ ထကြွ သောင်းကျန်းနေတဲ့ အကုသိုလ် ကိလေသာ တွေကို ပယ်တာက ပရိယုဋ္ဌာန ပဟာန်လို့ ခေါ်တယ်။ (၃) က စိတ်သန္တာန်တွင် အမြဲ စွဲမှီနေတဲ့ ကိလေသာအနုစားတွေကို ပယ်မှုက အနုသယပဟာန် ဖြစ်တယ်။

● ဒီပဟာန်သုံးပါးဟာ ပိဋကတ်သုံးပါးနဲ့ ဘယ်လို ဆက်စပ်တယ်ဆိုတာ အကျယ် အမိန့်ရှိပါဦး ဘုရား။

○ ကောင်းပြီ။ ဝိနည်းနဲ့ ဝီတိက္ကမပဟာန် ဆက်စပ်တယ်။ ဝိနည်းပိဋကတ် မှာ ကိုယ်ထိလက်ရောက် ကျူးလွန်တဲ့ ကာယကံ၊ ဝစီကံ (ကိုယ်၊ နှုတ်) ကျူးလွန်မှုကို ပယ်တာကို ဝီတိက္ကမပဟာန်လို့ ခေါ်တယ်။ မြတ်စွာဘုရားဟာ အကျယ် ကုဋေကိုးထောင်ရှိတဲ့ ဝိနည်း ဥပဒေ စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်း သတ်မှတ်ပြီး ရဟန်းတော်များ ကျူးလွန်တဲ့ ကာယကံမှု၊ ဝစီကံမှုတို့ကို ထိန်းချုပ်တော်မူတယ်။ စိတ်နှင့် ကျူးလွန်တဲ့ မနောကံကိုတော့ ဥပဒေ စည်းမျဉ်း သတ်မှတ်ပြီး မထိန်းချုပ်နိုင်လို့ ဝိနည်းသိက္ခာပုဒ်တွေ ဥပဒေတွေကို ပညတ် တော် မမူခဲ့ဘူး။



● ကာယကံ၊ ဝစီကံနဲ့ ပြုလုပ်တဲ့ အကုသိုလ်အပြစ်တွေက ကြမ်းတာပေါ့၊ ဒါတွေကို ထိန်းချုပ်တဲ့ ဥပဒေတွေကို ပညတ်ပြီး ဒီအပြစ်တွေကို မကျူးလွန်နိုင်အောင် ပယ်နိုင်အောင် ပြုလုပ်ထားတာ ဝိနည်း၊ ဝိနည်းကို ဒါကြောင့် ဝီတိက္ကမပဟာန်လို့ ဝေဖန် ပိုင်းခြားနိုင်တယ်ဆိုတာ တပည့်တော် သဘောကျပါပြီ ဘုရား။

○ နေဦး ဝိနည်းပိဋကတ်မှာပါတဲ့ ဥပဒေတွေက ကိလေသာတွေကို ခဏပဲ ပယ်နိုင်တယ်။ ဒါကြောင့် ဒီလို ပယ်နည်းကို 'တဒင်္ဂပဟာန်' လို့လည်း ခေါ်ရတယ်။

● ဒါက အချိန်သဘောနဲ့ ပြောတာ ဖြစ်မှာပေါ့နော် ဘုရား။

○ သုတ္တန်ဒေသနာကျတော့ စိတ်တည်ငြိမ်မှု၊ စိတ်အေးချမ်းမှု၊ စိတ် ကြည်လင်မှုကို ရအောင် ပြုလုပ်တဲ့ သမာဓိလမ်းစဉ်တွေကို အသေးစိတ် ဟောကြားတော်မူခဲ့တယ်ကွဲ့။ တည်ကြည် ငြိမ်သက် အေးချမ်း ကြည်လင် နေတဲ့ စိတ်အစဉ်ထဲကို ကိလေသာတွေ ဝင်ရောက်ပြီး ထကြွ သောင်းကျန်းခြင်း မပြုနိုင်ဘူးလေ။

● မှန်ပါတယ် ဘုရား။

○ အေး... ဒါကြောင့် သုတ္တန်ဒေသနာဟာ အဇ္ဈတ္တသန္တာန် မနောကံ၌ ကိလေသာတွေ ဝင်ရောက် သောင်းကျန်းခြင်း မပြုနိုင်အောင် ပယ်နည်း ပရိယုဋ္ဌာနပဟာန်ကို အထူးပြု ဟောတဲ့ ဒေသနာဖြစ်တယ်လို့ မှတ်ရတယ်။

● အချိန်ကာလအားဖြင့် မနောကံကို ပယ်သတ်ပုံကော ဘုရား။

○ အေး သုတ္တန်ဒေသနာမှာ မဟဂ္ဂုတ်ကုသိုလ်စိတ်နဲ့ နေ့ရက်၊ လ နှစ် ပိုင်းခြားပြီး ကာလအတန်ကြာအောင် ပယ်ပုံတွေကို ဟောကြားတော် မူတယ်။ 'ဝိက္ခမ္ဘနပဟာန်' လို့ ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



- မှတ်မိပါပြီ ဘုရား။ အဘိဓမ္မာပိဋကတ်က ဘာကို ပယ်သလဲ ဘုရား။

○ အေး အဘိဓမ္မပိဋကတ်ကတော့ အနုသယကိလေသာ ခေါ်တဲ့ သိမ်မွေ့တဲ့ ကိလေသာ အနုစားတွေကို ပယ်တယ်။ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ ကျူးလွန်ခြင်းတွေကို ပယ်နိုင်ရုံမျှနဲ့ ကိလေသာအားလုံး အကြွင်းမဲ့ ပျောက်ကွယ် မသွားဘူးကွဲ့။ သတ္တဝါတို့ရဲ့ စိတ်အစဉ်မှာ အစွဲအလမ်းတွေ ကျန်နေတယ်။ မြက်ပင်တွေ နွေအခါ သေသွားကြပေမဲ့၊ မိုးအခါ ပြန်ပေါက်လာကြသလိုပေါ့။ အပြီး ချုပ်ငြိမ်းသွားတာ မဟုတ်ဘူး။ အဲဒီ ကိလေသာတွေကို အကြွင်းအကျန်မရှိ အမြစ်ကပါ ပယ်ရှားနိုင်တဲ့နည်းက နာမရူပ ပရိစ္ဆေဒဉာဏ်ကို အခြေခံတဲ့ ဝိပဿနာ ဘာဝနာ။ ဒါက ပညာဘာဝနာ၊ ဒါကို ပွားများမှ ရတယ်။ အဲဒီ ပညာပိုင်း ဝိပဿနာပိုင်းကို ဟောကြားတာက အဘိဓမ္မာဖြစ်တယ်။ ဒီပိဋကတ်မှာ ကိလေသာကို အကြွင်းမဲ့ ပယ်သတ်နည်း အနုသယပဟာန်ကို ဟောတော်မူတယ်။

- အချိန်အားဖြင့်ကော ဘုရား။

○ အဘိဓမ္မာမှာ ကိလေသာအားလုံးကို လောကုတ္တရာ ကုသိုလ်မဂ်စိတ်နဲ့ အကြွင်းမဲ့ အမြစ်ပြတ်၊ နောက်ထပ်တစ်ဖန် ပြန်မဖြစ်အောင် ပယ်သတ်နည်းကို ဟောတာဖြစ်တယ်။ ဒီလို ပယ်တာကိုတော့ 'သမုစ္ဆေဒပဟာန်'လို့ ခေါ်တယ်ကွဲ့။

- တပည့်တော် မကြားဖူးသေးတာတွေ၊ မသိသေးတာတွေကို ကြားရသိရလို့ ဝမ်းမြောက်လှပါတယ် ဘုရား၊ အရှင်ဘုရား သက်ရှည် ကျန်းမာပြီး သာသနာတော့် အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းရပါတယ် ဘုရား။

○ ဘုန်းကြီးကလည်း ဒကာမကြီးနဲ့ သမီးတို့က ခုလို ကြည်ဖြူနှင့်ပြုကြလို့ ဝမ်းသာတယ်။ စိတ်ချမ်းသာပါတယ်။ ခန္ဓာကတော့ ဒုက္ခသစ္စာမို့ မကျန်းမာတာ မဆန်းပါဘူးကွယ်။ ခုပိဋကတ်သုံးပုံရဲ့ သဘောသဘာဝတွေကို နားလည်ပြီ မဟုတ်လား။

- နားလည်ပါတယ် ဘုရား။ ခုန ကြားခဲ့ရတာတွေကို ပြန်ပြီး တပည့်တော် ခေါင်းထဲမှာ အကျဉ်းချုပ် စီစဉ်ကြည့်မိပါတယ် ဘုရား။

○ အေး... စီစဉ်ကြည့်တော့ ဘယ်လို နားလည်သလဲ။



- ဝိနည်းဒေသနာဆိုတာ၊ ကာယဒုစရိုက်၊ ဝစီဒုစရိုက်တွေကို ပယ်သတ်နည်းတွေ ဖြစ်တယ်။ သုတ္တန်ဒေသနာက တဏှာကို ပယ်သတ်တာဖြစ်တယ်။ အဘိဓမ္မာက ဒိဋ္ဌိကို ပယ်သတ်တာ ဖြစ်တယ်လို့ ထင်ပါတယ် ဘုရား၊ မှန်သလား ဘုရား။

○ အိမ်း ဟန်ကျလိုက်တာ။ မှန်တာပေါ့ကွယ်။ မင်းကတော့ ဘုရားသမီးတော် ဘုန်းကြီးသမီး ပီသပါပေတယ်။ (သာဓု... သာဓု... သာဓု။)

❑

www.burmeseclassic.com

www.burmeseclassic.com

## ၂

# တိဟိတ်သဘောကို နားလည်ခြင်း

ရဟန်းဝတ်သွားပြီးနောက် တစ်နှစ်ကျော် ကြာအောင် ဖေဖေ (ဘုန်းဘုန်း) ရန်ကုန်သို့ မကြွပါ။ ဆီးချိုရောဂါကြောင့် ခြေချောင်းကလေး ဖြတ်ရလောက်အောင် ရောဂါ အခြေအနေ ဆိုးလာသောအခါ တောင်ငူမြို့က ဒကာဒကာမများ ဝိုင်းဝန်း တိုက်တွန်းသောအခါကျမှ ရန်ကုန်ကို ကြွသည်။ ခြေသူကြွယ်ကလေးမှာ နောက်သုံးရက်လောက် နောက်ကျပြီးမှ ရန်ကုန်သို့ ရောက်ပါက ပုပ်ပြီး ဖြတ်ပစ်ရမည်ဟု သမားတော်ကြီးများက ဆိုသည်။ ကံကောင်းထောက်မသည်ဟု ဆိုရမည်။ ခေတ်မီ ဆေးစွမ်းကောင်းများကြောင့် ဘုန်းဘုန်းခြေချောင်းမှာ မဖြတ်ရဘဲ သီသီကလေး လွတ်သွားသည်။ သို့သော် သွေးပုပ်ပြည်ပုပ်များကြောင့်လား မသိပါ။ ကိုက်ခဲမှု ရောင်ရမ်းမှုက ကျန်နေပါသည်။ ဆီးချိုနှလုံးပါရဂူ ပါမောက္ခ သမားတော်ကြီး နောက်တစ်ဦးနှင့် ပြပြီး ကုနေရပြန်သည်။ ဘုန်းဘုန်းက ချက်ချင်း တောင်ငူကို ပြန်ကြွချင်သော်လည်း ကြွခွင့်မရပါ။ ရန်ကုန်မှာ စောင့်ပြီး ကုနေရသည်။ ထိုနှစ်က ပထမဝါဆိုကိုပင် တောင်ငူသို့မီအောင် မပြန်ရဘဲ၊ ဒုတိယဝါဆိုကျမှ ပြန်ခွင့်ရသည်။ ကျွန်မလည်း ရန်ကုန်မှာ ဘုန်းဘုန်းနှင့် ပြန်လည် ဆုံတွေ့ခွင့်ရသော အချိန်ကိုကောင်းစွာ အသုံးချရန် စိတ်ကူးရသည်။

ဘုန်းဘုန်း ရန်ကုန်မှာ တစ်လလောက် သီတင်းသုံးနေစဉ် ဘာတွေ မေးလျှောက်ရမလဲဟု စဉ်းစားသည်။ ထိုအခါ ဖေဖေ (ဘုန်းဘုန်း)ထံသို့ တပည့်များ မိတ်ဆွေများ စာအုပ် ထုတ်ဝေချင်သူများ လာကြသည်။ သူတို့က ဖေဖေ ဘုန်းကြီး ဝတ်သွားသည်ကို နားမလည်သလို အံ့သြသလို ခံစားနေကြ

www.burmeseclassic.com



သည်။ လောကီစည်းစိမ်ချမ်းသာတွေ မရခင်ကတော့ ဖေဖေသည် လောကီစည်းစိမ်ချမ်းသာတွေကို ရအောင် ရှာခဲ့သည်။ ယခု သူ့မှာ ဒါတွေ ရလာသောအခါ ထိုစည်းစိမ်တွေကို သူမခံစားချင်တော့ဘဲ မိသားစုကိုရော၊ သူကျင်လည်ခဲ့သော စာပေ အနုပညာလောကကိုရော စွန့်ခွာသွားခဲ့သည်။ ဤကဲ့သို့ တပ်မက်ဖွယ် စည်းစိမ်ဥစ္စာတို့ကို တပ်မက်ခြင်း အလျှင်းမရှိဘဲ စွန့်လွှတ်တတ်သော ဖေဖေ(ဘုန်းဘုန်း)ကို သူတို့က “ဆရာဆန်းလွင်က တိဟိတ်ပုဂ္ဂိုလ်မျိုးပဲ” ဟု မှတ်ချက်စကား ပြောဆိုသံကို ကျွန်မ ကြားရသည်။ ထိုစကားကို ကျွန်မကြားဖူးသည်မှာ ယခု တစ်ကြိမ်မကပါ။ ငယ်စဉ်ကတည်းက မကြာခဏကြားဖူးသော်လည်း ကျွန်မ နားမလည်ပါ။ မိတ်ဆွေတွေ အပေါင်းအသင်းတွေကို မေးကြည့်တော့လည်း သူတို့ တိတိကျကျ မဖြေနိုင်ပါ။ “တို့လည်း တိတိကျကျ မသိဘူး။ ဘုန်းကြီးတွေတော့ သိနိုင်တယ်” ဟု အဖြေပေးကြသည်။ ထေရဝါဒ အခြေခံအုတ်မြစ်များကို ဗုဒ္ဓဘာသာဝင် ခေတ်လူငယ်တွေ တိတိကျကျ နက်နက်နဲနဲ သိသင့်သည်ဟု ကျွန်မ ခံယူထားပါသည်။ ဒါကြောင့် ဖေဖေ ရန်ကုန်မှာ သီတင်း(ယာယီ)သုံးခိုက်မှာ ကျွန်မ မေးကြည့်မိပါသည်။

● ဘုန်းဘုန်းဘုရား၊ တပည့်တော် တစ်ခု မေးပါဦးမယ်။

○ မေးချင်တာ ရှိရင် မေးရမယ်။ မေးရမယ်၊ မြန်းရမယ်၊ စုံစမ်းရမယ်၊ ဆင်ခြင်ရမယ်၊ မှတ်သားရမယ်။ ဒါတွေဟာ အသိပညာကို တန်ဖိုးထားတဲ့ လူတွေရဲ့ အကျင့်ပဲကွဲ့။ မေးမြန်းတယ်ဆိုတာ မေးစရာ ပြဿနာရှိမှ ဖြစ်တာပဲ။ ဒီပြဿနာကလည်း အလိုလို ဖြစ်မလာဘူး။ ကိုယ်က စူးစမ်းရှာဖွေနေတဲ့ အပေါ်မှာတည်တယ်။ မသိလို့ သိအောင် မေးတာလည်း ရှိတယ်။ သိပြီး သံသယ ဆူးငြောင့် စူးဝင်နေတာကို ပယ်ရှင်းချင်လို့ မေးတာလည်း ရှိတယ်။ ကိုယ်သိထားတာ မှန်မမှန် စိစစ်ချင်လို့ မေးတာလည်း ရှိတယ်။ အမေးခံသူကို အကဲစမ်းချင်လို့ ကိုယ်တတ်ကြောင်း ပြချင်ကြွားချင်လို့ မေးတာလည်း ရှိတယ်။

● တပည့်တော်က မသိလို့၊ သိချင်လို့ မေးတာပါ ဘုရား။

○ အေးပါ၊ သမီးကို ဘုန်းဘုန်းက အပြစ်တင်ချင်လို့ ပြောတာ မဟုတ်ဘူး၊ မေးခွန်းမေးသူရဲ့ သဘောသဘာဝ ရှိတတ်ပုံကို သိစေချင်လို့ ပြောတာပါ။ ဘုန်းဘုန်း အခု နယ်တွေမှာ ‘အလွှတ်သင် အခြေပြု ဝိပဿနာသင်တန်း’ ဆိုပြီး ဝိပဿနာ အခြေခံသင်တန်းတွေ ပေးနေတယ်။ အန္တပုထုဇဉ် မြန်မာဗုဒ္ဓဘာသာတွေ သစ္စာဉာဏ်မရဘဲနဲ့၊ ဉာဏ်မဦးခင် အသေဦးသွားရင် အပါယ်ကျသွားမှာစိုးလို့ သူတို့ကို ကလျာဏပုထုဇဉ် (စူဠသောတာပန်) ဖြစ်အောင် ကြိုးပမ်းပေးနေတာလေ။ အဲဒီသင်တန်းမှာ မေးချင်တဲ့ မေးခွန်းတွေ မေးမြန်းခွင့်ပြုထားတယ်။ မေးခွန်းမျိုးစုံ အများကြီးပဲ တက်လာတယ်။ အဲဒီ မေးခွန်းတွေကို စိစစ်ကြည့်တော့၊ စောစောက ပြောခဲ့သလို အမျိုးမျိုးပေါ့ တွေ့ရတယ်။ ကဲ သမီးက ဘာကို သိချင်တာလဲ မေးလေ။



● သမီး သိချင်တာက၊ လူတွေ ပြောပြောနေကြတဲ့ တိဟိတ်၊ တိဟိတ်ဆိုတာ ဘာလဲ သိချင်တာပါ ဘုန်းဘုန်း။

○ အင်း ဒါ ဗုဒ္ဓဘာသာတွေ ကြားဖူးနေကျစကားပဲ။ ဒါပေမဲ့ အဓိပ္ပာယ်နဲ့ ဒီစကားရဲ့ အကျိုးသက်ရောက်ပုံကိုတော့ နားလည်ကြဟန် မတူဘူး။ လူငယ်တွေ ဒါကို သိသင့်တယ်။ တိဟိတ်ဆိုတဲ့ စကားလုံးအနက်က တိ ဆိုတာ သုံး၊ ဟိတ် ဆိုတာ ဟေတု အကြောင်းရင်း အခြေအမြစ်။ ဒါကြောင့် တိဟိတ်ဆိုတာ အကြောင်းရင်း အခြေအမြစ်သုံးပါးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်လို့ ပြောနိုင်တာပေါ့။

● အကြောင်းရင်း အခြေအမြစ်သုံးပါး ဆိုတော့၊ အကြောင်းက ဘာအကြောင်းလဲ ဘုန်းဘုန်းဘုရား၊ သုံးပါးဆိုတာကကော ဘာတွေလဲ ဘုရား။

○ အကြောင်းသုံးပါးမှာ အကြောင်းဆိုတာက ဒီဘဝမှာ ဒုက္ခဆင်းရဲအပေါင်းက ကျွတ်နိုင်လွတ်နိုင်တဲ့၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို ရသင့်ရထိုက်တဲ့ အကြောင်းကို ပြောတာ။ အဲဒီအကြောင်းရင်း အခြေအမြစ်က သုံးပါး ပြည့်စုံရတယ်။ သံသရာဝဋ်ဆင်းရဲက ကျွတ်ထိုက်လွတ်ထိုက်သောအကြောင်းသုံးပါးနှင့် ပြည့်စုံသူ တိဟိတ်ပုဂ္ဂိုလ်ဖြစ်မှသာလျှင် လောကီမှာရော လောကုတ္တရာမှာပါ ထွန်းပေါက် အောင်မြင်သူ ဖြစ်တယ်။ တစ်နည်းအားဖြင့် အထက်တန်းကျတဲ့ ဉာဏ်ပညာကို ရနိုင်ဖို့၊ အဲဒီလို ကိုယ်ရည်ကိုယ်သွေးကောင်းမွန် ထက်မြက်သူဖြစ်ဖို့ အရည်အချင်း သုံးမျိုး လိုအပ်တယ်။ IQ လို့ ပြောရင်လည်း ရနိုင်မယ်ထင်ပါရဲ့။

● အဲဒီ အရည်အချင်း သုံးမျိုးဆိုတာက ဘာတွေလဲ ဘုရား။

○ (၁)က အလောဘ၊ (၂) အဒေါသ၊ (၃) အမောဟ ဆိုတဲ့ တရားသုံးပါးပဲ သမီးရဲ့။ အလောဘဆိုတာက မလိုချင်တာ၊ အဒေါသက မဖျက်ဆီးချင်

www.burmeseclassic.com

www.burmeseclassic.com



တာ၊ အမောဟဆိုတာက မတွေဝေတာလို့ အကြမ်းအားဖြင့် နားလည်ထားနိုင်တယ်။

● ဒါဆို သမီးတို့ တွေ့နေတဲ့ လူတွေမှာက လောဘ၊ ဒေါသ၊ မောဟ တွေနဲ့ချည်းပဲ မဟုတ်လား။

○ မဟုတ်ဘူးကွဲ့။ တိရစ္ဆာန်မှာသာ လောဘ၊ဒေါသ၊မောသ သက်သက် ရှိတယ်။ ဒါကြောင့် သူတို့ကို အဟိတ်တိရစ္ဆာန်လို့ ခေါ်ရတယ်။ လူမှာက လောဘလည်း ရှိတယ်။ အလောဘလည်း ရှိတယ်။ ဒေါသလည်း ရှိတယ်။ အဒေါသ(မေတ္တာ)လည်း ရှိတယ်။ တချို့လူကျတော့ မောဟ (အဝိဇ္ဇာ)ပဲ ရှိတယ်။ အမောဟ(ဝိဇ္ဇာဉာဏ်၊ ပညာစေတသိက်) မရှိဘူး။ အန္ဓ ပုထုဇဉ်က အမှန်ကို အမှန်အတိုင်း သိတဲ့ သစ္စာဉာဏ်(ဝိဇ္ဇာ) မရှိဘူး။ အဲဒီလို လူကို ဒွိဟိတ်လို့ ခေါ်တယ်။ သစ္စာဉာဏ် မရှိတဲ့အတွက် ဒွိဟိတ်ပုဂ္ဂိုလ်ဟာ ဒီဘဝမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရဘူး။ ဒီလူမျိုး မကျွတ်ထိုက်ဘူးလို့ မှတ်ရမယ်။

● ဟုတ်ပြီ၊ တပည့်တော် နည်းနည်း သဘောပေါက်လာပါပြီ ဘုရား၊ တိဟိတ်သဘောအကျယ်ကိုကော သိခွင့်ပြုပါဦးဘုရား။

○ ပထမဦးစွာ အလောဘဆိုတဲ့(ဟိတ်) အကြောင်းကို ပြောမယ်။ သတ္တဝါတွေမှာ မွေးကတည်းက လောဘမူစိတ်ပါလာတယ်။ လိုချင် တပ်မက်တဲ့ သဘောပေါ့။ မြင်မြင်သမျှ အပေါ်မှာ သာယာနှစ်သက်တဲ့ ဝေဒနာကြောင့် အဲဒီ မြင်မြင်သမျှကို ငါ့ဟာ၊ ငါ့ဥစ္စာ ဖြစ်ချင်တဲ့ ဒိဋ္ဌိ အစွဲအလမ်းရှိတဲ့အတွက် လိုချင်တယ်၊ တပ်မက်တယ်။ အလောဘဟိတ်ရှိတဲ့ ပုဂ္ဂိုလ်ကတော့ ရရှိတဲ့ စည်းစိမ်ဥစ္စာတွေအပေါ် ကိလေသာအာရုံ ကာမဂုဏ်တွေ အပေါ်မှာ မတပ်မက်ဘူး၊ မစွဲလမ်းဘူး၊ မတပ်မက် မစွဲလမ်းတဲ့အတွက် သူက စွန့်နိုင်တယ်။ လိုချင်တပ်မက်သူက မစွန့်နိုင်ဘူး။ စွန့်နိုင်သူဟာ မလိုချင်ဘူး၊ မတပ်မက်ဘူး၊ မတွယ်တာဘူး။ လိုချင်တပ်မက်သူက လောဘကြောင့် အပြစ်မကင်းတဲ့ အလုပ် အကုသိုလ်တွေကို လုပ်ဖို့ ဝန်မလေးဘူး။ မလိုချင် မတပ်မက်တဲ့လူကတော့ စွန့်လွှတ်နိုင်တဲ့အတွက် အပြစ်မကင်းတဲ့ အလုပ်ကို မလုပ်ဘူးလေ။ ဒါကြောင့် အလောဘကို ကုသလမူလ ကုသိုလ်ရဲ့ အခြေအမြစ်လို့ ခေါ်ရတယ်။

● တပည့်တော် ခေါင်းထဲမှာ ခုမှ ရှင်းသွားတယ်။ အဒေါသရဲ့ သဘောကို အမိန့်ရှိပါဦး ဘုရား။



○ အဒေါသ ဆိုတာက သူတစ်ပါး ပျက်စီးအောင် ဖျက်ဆီးလိုခြင်း မရှိတာကို ခေါ်တာပဲ။ ဖျက်ဆီးလိုခြင်း ဒေါသဆိုတာ သူတစ်ပါးကို မဖျက်ဆီးခင်၊ ပျက်စီးအောင် မလုပ်ခင်ကတည်းက ကိုယ့်စိတ် ပျက်စီးတယ်။ အမျက်ဒေါသ ရှိသူရဲ့ ရင်ထဲမှာ အေးငြိမ်းမှု မရှိဘူး။ ပူလောင် နှိပ်စက်တဲ့ သဘောပဲရှိတယ်။ ဒေါသဆိုတဲ့ ဖျက်ဆီးလိုခြင်း သဘောဟာ ကိုယ့်ကိုလည်း ထိခိုက်တယ်။ သူတစ်ပါးကိုလည်း ထိခိုက်တယ်။ ဘုန်းဘုန်း တွေ့ဖူးတာ တစ်ခုကို ပြောမယ်။ ဒကာမကြီးတစ်ဦးဟာ သူ့မှာ နှလုံးရောဂါ ရှိတယ်။ သူ့သမီး မင်္ဂလာဆောင် ကိစ္စမှာ သားမက်လောင်းရဲ့ အပြုအမူတွေ အပေါ် မကျေမနပ် ဒေါသဖြစ်ပြီး ဆတ်ဆတ်တုန်ပြီး ထခုန်လိုက်တာ ဖျတ်ဆို နှလုံးရပ်သွားလား၊ ဦးနှောက်သွေးကြော ပြတ်သွားသလား မသိဘူး ချက်ချင်း သေသွားတယ်။ တွေ့ဖူးတယ်။ ဒါကြောင့် မဖျက်ဆီးလိုမှု အဒေါသကို ကုသလမူလလို့ ခေါ်တယ်။ ကုသိုလ်တရားရဲ့ အခြေအမြစ်ပေါ့ကွယ်။

● နားလည်ပါပြီ ဘုရား။ အမောဟရဲ့ သဘောကို သိပါရစေဦး ဘုရား။

○ မတွေဝေမှု အမောဟရဲ့ သဘောကတော့ တော်တော်ကျယ်ဝန်းတယ်။ ဒါက ပညာသဘော၊ ဝိဇ္ဇာဉာဏ်သဘော ဖြစ်တာကိုး။ စာထဲမှာတော့ အမောဟဆိုတာ မတွေဝေဘဲ ခွဲခွဲခြားခြား အပြားအားဖြင့် သိမှုလို့ ဖော်ပြတယ်။ ဘာကို အပြားအားဖြင့် သိတာလဲ။ အဲဒါကို ပထမ နားလည်ရမယ်။ သစ္စာဆိုတဲ့ သဘောအမှန်တရားကို ခွဲခွဲခြားခြား အပြားအားဖြင့် သိမှုပဲကွဲ့။ ခု ဒီပစ္စုပ္ပန် ဘဝမှာ မိမိတို့ ရထားတဲ့ ပရမတ်ခန္ဓာ(ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး)ဟာ ဖြစ်ပြီးပျက်နေတဲ့ မမြဲတဲ့ တရားကြီးပဲဆိုတာကို ဟုတ်သလား မဟုတ်ဘူးလား လို့ စိစစ်နိုင်ရမယ်။ အဲဒီလို ခွဲခွဲခြားခြား အပြားအားဖြင့် စိစစ်တတ်တဲ့သဘော၊ ဒုက္ခသစ္စာကို စိစစ်ပြီး သိမြင်နားလည်ခြင်းသဘော၊ သတ္တဝါတွေ ဒုက္ခရောက်ရတဲ့ အကြောင်း သမုဒယသစ္စာကို စိစစ် နားလည် သိမြင်ခြင်းသဘော၊ ဖြစ်ပျက် ဒုက္ခသစ္စာရဲ့ အဆုံးမှာ ဒုက္ခချုပ်ငြိမ်းခြင်း နိရောဓသဘောရှိတယ် ဆိုတာကို စိစစ် သိမြင် နားလည်ခြင်းသဘော၊ အဲဒီ ဒုက္ခ အေးငြိမ်းခြင်းသဘော နိဗ္ဗာန်ကို ရောက်အောင် ပို့ဆောင်တတ်တဲ့ မဂ္ဂင်နည်းလမ်း ရှိတယ် ဆိုတာကို စိစစ် နားလည်ခြင်း သဘော၊ လူဟာ ဒီဘဝကို ဘာလုပ်ဖို့ ရောက်လာသလဲ၊ ဒီဘဝမှာ လူသားရဲ့ အမြင့်ဆုံး အမြတ်ဆုံး အလုပ်ဟာ ဘာဖြစ်သင့်သလဲ ဆိုတာကို သိတတ်တဲ့ ဉာဏ်ရှိသူရဲ့ အဖြစ်ဟာ အမောဟရဲ့ သဘောပဲကွဲ့။

www.burmeseclassic.com

www.burmeseclassic.com



- ဒါဆို အမောဟဟိတ်နဲ့ ပြည့်စုံတဲ့ တိဟိတ်ပုဂ္ဂိုလ်ဟာ လူ့ဘဝရဲ့ အဓိပ္ပာယ်နဲ့ လူ့ဘဝရဲ့ တန်ဖိုးကို ရှာဖွေသူလို့ ဆိုရင်ရပါ့မလားဘုရား။

○ အမောဟဟိတ်ရှိတဲ့ တိဟိတ်ပုဂ္ဂိုလ်ဟာ အလိမ္မာဉာဏ်ရှိသူ ဖြစ်တယ်။ သစ္စာတရားကို အမြဲတမ်း ကပ်ပြီး စိစစ်တယ်၊ မှတ်သားတယ်၊ စဉ်းစားတယ်၊ ဆင်ခြင်တယ်၊ သုံးသပ်တယ်၊ ဘာလုပ်သင့်တယ် ဆိုတာကို ဝေဖန်ပိုင်းခြားပြီး တိတိကျကျ ဆုံးဖြတ်နိုင်တယ်။ ဆုံးဖြတ်ချက် တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချပြီးရင် သူ လုပ်သင့်တာကိုလည်း သိတယ်။ သိတဲ့အတိုင်းလည်း ပြောတယ်။ ပြောတဲ့အတိုင်းလည်း လုပ်တယ်။ သူဟာ ဟုတ်မှန်တာကိုပဲ နှစ်သက်တယ်။ ဟုတ်မှန်တဲ့ သဘောမှာပဲ မွေ့လျော်တယ်။ ကိလေသာအာရုံ ကာမဂုဏ်တရားတွေကို နှိပ်ကွပ်နိုင်တဲ့ အစွမ်းသတ္တိလည်း ရှိတယ်။ ပိုပြီး ရှင်းအောင်ပြောရရင် လမ်းမှားပေါ်ကို ပြေးချင်တဲ့ စိတ်ကို လမ်းမှန်ပေါ်သို့ ရောက်အောင်မောင်းနှင် ပို့ဆောင်နိုင်တဲ့ အစွမ်းသတ္တိမျိုး ရှိတယ်ကွဲ့။ ဒါကြောင့် အယူဝါဒများနဲ့ တွေ့ရင်လည်း သူ့မှာ ဒီအယူ မှားတယ် ဆိုတာကို ထိုးထိုးထွင်းထွင်းသိတဲ့ ဝိဇ္ဇာဉာဏ်ရှိတယ်။ ဒီလိုသိတာနဲ့ ချက်ချင်း အဲဒီ အယူကို စွန့်ပစ်နိုင်တဲ့ ပညာဓိုလ်လည်း ရှိတယ်။ သူဟာ ဆရာများကို တွေ့ရင်လည်း ကြာရှည် ပေါင်းသင်းမနေဘူး။ သိတာနဲ့ ချက်ချင်း ဒီဆရာကို စွန့်ခွာဖို့ ဝန်မလေးဘူး။ သူ ဘယ်တော့မှ မတွေဝေဘူး။ အားမနာသင့်တဲ့ လူကိုလည်း အားနာပြီး ကိုယ့်ကိုယ်ကိုယ် အနစ်မွန်း မခံဘူး။ အဆုံးရှုံးမခံဘူးကွဲ့။ မိမိဖြစ်ရာပုဂ္ဂိုလ်၊ ဖြစ်ရာဘဝကိုလည်း အစဉ်သဖြင့် မြင့်တက်အောင် အထွတ်အထိပ်ကိုရောက်အောင် ပို့ဆောင်နိုင်တဲ့ ဉာဏ်ပညာ အပြားအားဖြင့် သိတတ်တဲ့သဘော ရှိတယ်။

- တပည့်တော် ဉာဏ်ထဲမှာ ခုမှ ခွဲခွဲခြားခြား ပိုပြီး ရှင်းသွားပါပြီဘုရား။ ဒါကြောင့် လူတွေက ဘုန်းဘုန်းကို တိဟိတ်ပုဂ္ဂိုလ်လို့ ဘာကြောင့်ခေါ်တယ် ဆိုတာကိုလည်း သဘောပေါက်ပါပြီ ဘုရား။ ခု အမှန်အတိုင်းဝန်ခံရရင်၊ အစက တပည့်တော်တို့ရဲ့ စိတ်ထဲမှာ (မေမေ့ စိတ်ထဲမှာရော) တပည့်တော်တို့ မိသားစုမှာ ဖခင်တစ်ယောက်၊ ခင်ပွန်းကောင်း တစ်ယောက် ဆုံးရှုံးသွားပြီလို့ ထင်ခဲ့တဲ့ အထင်မှား အမြင်မှားတွေ အားလုံး ပပျောက်ပြီး တိဟိတ်ပုဂ္ဂိုလ်ရဲ့ သဘောကို ဉာဏ်ထဲမှာ ရှင်းသွားပါပြီ ဘုရား။ ဘုန်းဘုန်း သက်တော်ရာကျော် ရှည်ပြီး၊ သာသနာတော် အကျိုး လူသားများရဲ့ အကျိုးကို



ဆတက်ထမ်းပိုး ကြိုးစား ဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းပါတယ်ဘုရား။ ဒီတရားကို သိခွင့်ရတဲ့အတွက်လည်း ကျေးဇူး အထူးတင်ပါတယ် ဘုရား၊ သာဓု... သာဓု... သာဓုပါ ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

## ၃

## ကုသိုလ် အကုသိုလ်ကို နားလည်ခြင်း

ဖေဖေ အိမ်မှာနေစဉ်တုန်းက ပြောသင့်သော အကြောင်းမရှိဘဲနှင့် စကားကို အပို ပြောလေ့မရှိပါ။ မနက် အိပ်ရာက ထပြီး ကျန်းမာရေးကိစ္စ သန့်ရှင်းရေး ကိစ္စကို ဦးစွာ ဆောင်ရွက်သည်။ ထို့နောက် ဘုရားရှိခိုး၍ တရားရှုမှတ်သည်။ တစ်နာရီလောက် ကြာသည်။ ဘုရားရှိခိုး တရားထိုင်ပြီးနောက် နံနက်စာကို စားသည်။ ကျွန်မတို့အိမ်မှာ ဈေးဝယ်ခြင်း ကိစ္စကို ဖေဖေကိုယ်တိုင် လုပ်သည်။ မေမေ့ကို တစ်ဖက်တစ်လမ်း ကူညီရန် ဖြစ်ရုံမျှမကဘဲ၊ ကျန်းမာရေးအတွက် မာတ်ကြိုက် အစားအစာများကို ဖေဖေက သိသောကြောင့် အစာမမှားရအောင် သူကိုယ်တိုင် ဈေးဝယ်လို၍ ဖြစ်သည်။ ဈေးကပြန်လျှင် ဖေဖေသည် အိမ်ပေါ် ထပ်သို့ တက်သွားပြီး သူ့စာဖတ်ခန်းထဲမှာသာ နေတော့သည်။ ရေချိုးချိန်၊ အစာစားချိန်၊ သူ့မိတ်ဆွေ ဧည့်သည်တွေ လာချိန်ကျမှ အောက်ထပ်သို့ ဆင်းလာပါသည်။

ကျွန်မသည် မနက်တိုင်း ဘုရားရှိခိုးပြီးနောက်၊ တံမြက်စည်းလှည်းဖို့၊ သန့်ရှင်းရေးလုပ်ဖို့ ဖေဖေ့ စာဖတ်ခန်းထဲကို ဝင်ပါသည်။ နေ့စဉ် လုပ်နေကျ ဝေယျာဝစ္စကိစ္စ မဟုတ်ဘဲ၊ လက်ထဲမှာ စာအုပ်ကိုင်ပြီး ဖေဖေ့ စာဖတ်ခန်း ထဲသို့ ဝင်သွားလျှင် ကျွန်မမှာ မေးစရာရှိ၍ ဝင်လာသည်ကို ဖေဖေက သိပါ သည်။ ထိုအခါ ဖေဖေသည် သူ့အလုပ်တွေကို ခေတ္တ ဖယ်ချထားပြီး ကျွန်မကို လှမ်းမေးတတ်ပါသည်။

:) ဘာမေးစရာ ရှိသလဲ သမီး။

www.burmeseclassic.ocm

www.burmeseclassic.com



- ဟုတ်ကဲ့ဖေဖေ။ မေးစရာရှိပါတယ်။ သမီး ဘုရားရှိခိုးပြီး တရားရှုမှတ်နေစဉ် ခေါင်းထဲကို မေးခွန်းကလေး တစ်ခု ရောက်လာလို့ပါ ဖေဖေ။

○ အေး မေးစရာရှိရင် မေး… မေး။ ဘယ်လို ပြဿနာမျိုးလဲကွဲ့။

- ပြဿနာတော့ မဟုတ်ပါဘူး ဖေဖေရဲ့။ အကြောင်းအရာကလေးက သိပ်ရိုးပါတယ်။ နေ့စဉ် လူတွေ ကြားထဲမှာ ဒီစကားလုံးကလေးတွေကို ပြောနေကြပါတယ်။ သမီးတို့လည်း ပြောတာပဲ။ မေမေ့လိုပေါ့၊ ကုသိုလ်ရတယ်ဆိုတဲ့ စကားကို ခဏခဏ ပြောကြပါတယ်။ ဒါပေမဲ့ ကုသိုလ် အကုသိုလ်ဆိုတာ ဘာလဲလို့ မေးလိုက်ရင်တော့ လွယ်လွယ်ကူကူ ဖြေနိုင်မယ် မထင်ပါဘူး။ ကြားတော့ ကြားဖူးတယ်။ သိလားဆိုတော့ မသိပါဘူး ဖေဖေ။ ကိုယ့်ကိုယ်ကိုယ် သိလားလို့ မေးကြည့်တယ်။ ကုသိုလ်ဆိုတာ ကောင်းမှု၊ အကုသိုလ်ဆိုတာ မကောင်းမှု ဆိုတာလောက်ပဲ သိတယ်။ ကောင်းမှုဆိုတာ ဘာလဲ၊ မကောင်းမှုဆိုတာ ဘာလဲဆိုတာ ပြန်ပြီး သုံးသပ်ကြည့်တော့ အဖြေတွေက မရေမရာနဲ့ ခေါင်းထဲ ရှုပ်ကုန်ပါတယ် ဖေဖေ။

○ အေး သိပ်ကောင်းတယ်။ ဒါတွေဟာ ထေရဝါဒ ဗုဒ္ဓဘာသာရဲ့ အခြေခံ အုတ်မြစ် foundation တွေပဲကွဲ့။ သမီးလို လူငယ်တွေက ဒီသဘောတရားတွေကို အခြေခံကျကျ သိနားလည်ချင်လာတာကို ဖေဖေ အားရတယ်။ ဒါဟာ ဗုဒ္ဓဘာသာရဲ့ အခြေခံ အယူအဆ အစစ်ပဲ။ ဘာကြောင့်လဲ ဆိုတော့ တခြားဘာသာ အယူဝါဒတွေမှာ ကုသိုလ် အကုသိုလ် ဆိုတာကို နားမလည်ကြဘူး။ သူတို့မှာ ဒီအယူအဆ မရှိဘူး။

- ဟင် ဟုတ်လားဖေဖေ၊ ဒါဆို သူတို့မှာ ကောင်းတာနဲ့ မကောင်းတာကို ဘယ်လို ဆုံးဖြတ်သလဲ ဟင်။

○ ကမ္ဘာပေါ်မှာ ဖန်ဆင်းရှင် ဘုရားသခင်ကို ယုံကြည် ကိုးကွယ်တဲ့ ဘာသာ အယူဝါဒက များတယ်။ သူတို့က ဒုစရိုက် အပြစ် sin ကို မကောင်းဘူး။ blessing ဘုရားသခင်ရဲ့ ချီးမြှင့်ခြင်းကို ကောင်းတယ် လို့ ယူတာ၊ တို့ ထေရဝါဒနဲ့တော့ မတူဘူး တခြားစီပဲ သမီးရဲ့။

- ဘယ်လို ကွာခြားသလဲ ဖေဖေ၊ ဗဟုသုတရအောင် ပြောပြပါဦး။

○ အင်း တခြား ဘာသာက အယူအဆတွေကိုလည်း ထိုက်သင့်အားလျော်စွာ သိသင့်ပါတယ်။ ဖေဖေကတော့ ဘာသာအယူဝါဒ များစွာကို လေ့လာခဲ့ဖူးလို့ အခြေခံသဘော အယူအဆတွေ တစ်ဘာသာနဲ့ တစ်ဘာသာ မတူကြတာ၊ ကွဲပြား ခြားနားကြတာကို တော်တော် များများ သိခွင့်ရခဲ့တယ်။ ကဲ ထားပါတော့၊ ကုသိုလ် အကုသိုလ်ကို အကျယ် မလေ့လာခင်မှာ အပြစ် sin နဲ့ ကောင်းချီးမင်္ဂလာ ကောင်းကျိုးချမ်းသာ blessing ရဲ့ သဘောကို အရင် ပြောပြမယ်။



- ဗဟုသုတ ရပါတယ် ဖေဖေ။ ပြောပြပါ။ သမီး မှတ်သားထားပါ့မယ်။

○ sin ကို အဘိဓာန်မှာ transgression of God's known will or any principle or law တဲ့၊ ဘုရားသခင်ရဲ့ အလိုတော်ကို ကျူးကျော်တာ ဥပဒေစည်းမျဉ်းကို ကျူးလွန်တာဟာ အပြစ် ဒုစရိုက်ပဲကွဲ့၊ ဘုရားသခင်က တားမြစ်ထားတာကို ကျူးလွန်တာကို sin လို့ ခေါ်ရတယ်။ blessing ဆိုတာကတော့ ဘုရားသခင်ထံက စောင့်မ ကြည့်ရှုခြင်း၊ ချီးမြှောက်ခြင်းကို ခံရတာကို ကောင်းချီးမင်္ဂလာ blessing လို့ ခေါ်တာ၊ အစ္စလာမ်ဘာသာမှာတော့ အာရဗီစကားနဲ့ ဒါကို 'ဘရကတ်' လို့ ခေါ်တယ်။ ကုသိုလ် အကုသိုလ်နဲ့ မဆိုင်ဘူး သမီးရဲ့။

- ဘယ်လို ကွာခြားတာလဲ ဖေဖေ။

○ အေး အဲဒါကို သိရမယ်။ ဗုဒ္ဓဘာသာမှာ မြတ်စွာဘုရားက သံဃာတော်တွေကို တားမြစ်ထားတဲ့ ဝိနည်း ဥပဒေကြီးရှိတယ်။ အဲဒီ တားမြစ်ချက်တွေကို ဆန့်ကျင် ဖောက်ဖျက်ရင် သံဃာတော်တွေမှာ အာပတ်(အပြစ်) ဖြစ်တယ်။ ဒါက အကုသိုလ် မဟုတ်ဘူး။ အာဏာနဲ့ တားမြစ်ထားတာကို မလိုက်နာလို့ ကျူးလွန်လို့ ကျရောက်တဲ့ အပြစ်ကွဲ့။ ဒါကို ပဏ္ဏတ္တိဝဇ္ဇလို့ ခေါ်တယ်။ သူတစ်ပါး အသက်ကို သတ်တာ၊ သူတစ်ပါးပိုင် ပစ္စည်းကို မပေးဘဲ အဓမ္မ ရယူတာကျတော့၊ သဘာဝက ပေးတဲ့အပြစ်၊ ဒါကို လောကဝဇ္ဇလို့ ခေါ်တယ်။ အကုသိုလ် ဆိုတာက သဘာဝအားဖြင့် ထိခိုက် နစ်နာစေတယ်။ အကျိုးမဲ့ ဖြစ်စေတယ်။ မိမိ သူတစ်ပါး နှစ်ဦးစလုံးကိုလည်း မထိခိုက်ဘူး။ အကျိုးကျေးဇူးလည်း ဖြစ်စေတယ်လို့ဆိုရင် အဲဒါက ကုသိုလ်သဘောပဲ သမီးရဲ့။ အဘိဓာန် အရကတော့ blameless wholesome action producing benifical result လို့ ဆိုတာ၊ အပြစ်ဆိုဖွယ်မရှိ၊ ပကတိအားဖြင့် အကျိုးကျေးဇူးကို ပေးသော ကုသလကမ္မကို(ကုသိုလ်ကံ)လို့ ခေါ်ရတယ်တဲ့။ kusala (ကုသလ) ရဲ့ သဘောကို ပါဠိအဘိဓာန်မှာ ပြထားတာကတော့

www.burmeseclassic.com

www.burmeseclassic.com



skillful တတ်သိ နားလည်သော၊ ကျွမ်းကျင်လိမ္မာသော၊ expert အထူးတတ်ကျွမ်းသော၊ clever တတ်သိလိမ္မာသော၊ lucky ကောင်းကျိုး ခံစားရသော၊ happy ဝမ်းမြောက်ဖွယ်ဖြစ်သော၊ pros-perous ကြီးပွားချမ်းသာသော၊ good ကောင်းမြတ်သော၊ right မှန်ကန်သော၊ virluous အကျင့်သိက္ခာနှင့် ပြည့်စုံသော၊ meritorious အကျိုးကျေးဇူးကို ခံထိုက်သော ဆိုတဲ့ ကျယ်ပြန့်တဲ့ အနက်အဓိပ္ပာယ်တွေ ပါရှိတယ်လို့ မှတ်ရမယ်။ ကုသိုလ်ရဲ့ ဘာသာရေး အနက်အဓိပ္ပာယ်ကို ပိုပြီး ကျယ်ဝန်းတဲ့ အနက်အဓိပ္ပာယ်ပါအောင် ဘာသာပြန်ချင်ရင်တော့ wholesome လို့ ပြန်သင့်တယ်ကွဲ.၊ အပြစ်ကင်းတယ်၊ ကဲ့ရဲ့ခြင်းလည်း ကင်းတယ်၊ ကိုယ်ရောစိတ်ပါ ကောင်းကျိုးချမ်းသာကိုလည်း ဖြစ်စေနိုင်တဲ့ အကျင့်သိက္ခာအရ နှစ်သက်ဖွယ် ကောင်းတဲ့ အပြုအမူဟာ ကုသိုလ်ပဲလို့ မှတ်နိုင်တာပေါ့ သမီးရဲ့။

- ဒါက သဘာဝအတိုင်း စဉ်းစားတာပဲနော်၊ ထေရဝါဒ ဘုရားသခင်ရဲ့ အလိုတော်တွေ၊ ပညတ်တော်တွေနဲ့တော့ မဆိုင်ဘူး ထင်ပါတယ် ဖေဖေ။

○ ကုသိုလ် အကုသိုလ်မှာ ဘုရားကိစ္စ ဘာမှမပါဘူး။ ဒါဟာ ကိုယ့်ကိစ္စသက်သက်ပဲ။ ကိုယ်ပြုတဲ့ကံနဲ့ ကံရဲ့အကျိုးသက်ရောက်မှု သဘောပေါ်မှာ လုံးလုံးလျားလျား တည်နေပါတယ်။ ကုသိုလ် အကုသိုလ်ရဲ့ သဘောကို လူရဲ့ ပိုင်းခြား ဝေဖန်နိုင်တဲ့ ဉာဏ်နယ်ထဲမှာပဲ နားလည်ရမယ်။ ကုသိုလ် အကုသိုလ်ကို ပိုင်းခြား ဝေဖန်နိုင်တဲ့ ဉာဏ်နဲ့ ပိုင်းခြားတဲ့နည်း ရှိတယ်။ အဲဒါကို ကျေးဇူးရှင် ချမ်းမြေ့ဆရာတော်က သူ့ရဲ့ 'ဆင်းရဲငြိမ်းအေး ချမ်းသာရေး' ဆိုတဲ့ ကျမ်းမှာ (စတုတ္ထအကြိမ် နှာ- ၁၄၆) မှာ ဟောထားတယ်။ ကောင်းမှု မကောင်းမှု ခွဲခြားနည်းကိုတော့ (နှာ- ၁၇၂) မှာ ဖော်ပြထားတယ်။ ဖတ်ကြည့်ပေါ့။

- ဟုတ်ကဲ့ပါ ဖေဖေ။ သမီး ဖတ်ကြည့်ပါ့မယ်။ (ကျွန်မ ထိုစာအုပ်ကို ဖတ်ကြည့်ပြီး ပြောသည်။) ဒီမှာ ဆရာတော်က အပြစ် ရှိတာဟာ မကောင်းမှု (အကုသိုလ်) ဖြစ်တယ်။ အပြစ်ကင်းတာဟာ ကောင်းမှု(ကုသိုလ်) ဖြစ်တယ်လို့ ဖော်ပြထားပါကလား ဖေဖေ။ အပြစ်ဆိုတာ sin ဆိုတယ် မဟုတ်လား။

○ အေး သမီး မေးပုံကောင်းတယ်။ ဒီမှာ ဗုဒ္ဓဘာသာက နားလည်တဲ့ အပြစ်ဆိုတာဟာ၊ အခြားဘာသာ အယူဝါဒတွေထဲက sin နဲ့ မတူဘူး။



ဗုဒ္ဓဘာသာက အပြစ်ကို သဘာဝကျကျ ရှုမြင်ထားတာ ဖြစ်တယ်။ မိမိ သူတစ်ပါး နှစ်ဦးစလုံးကို မထိခိုက်ဘူး။ ချမ်းသာခြင်း အကျိုးကို ပေးတဲ့ လက္ခဏာလည်းရှိတယ်။ အဲဒါကုသိုလ်ပဲ (အပြစ်ကင်းတယ်) 'ကုသလာ အနဝဇ္ဇ သုခ ဝိပါက လက္ခဏာ' လို့ ဖော်ပြထားတယ် မဟုတ်လား။

- ဟုတ်ပါတယ် ဖေဖေ။ အကုသိုလ်ကတော့ မိမိ သူတစ်ပါး နှစ်ဦးသား အနက် တစ်ဦးတစ်ယောက်ကို ထိခိုက် နစ်နာစေတယ်။ ဆင်းရဲခြင်းကို ဖြစ်စေတယ်။ 'အကုသလာ သာဝဇ္ဇ ဒုက္ခ ဝိပါက လက္ခဏာ' ကို ဆိုပါတယ်။

○ အေး အဲဒါ သဘာဝမကျဘူးလား။ ဒါက ကုသိုလ် အကုသိုလ် သဘောကို လူတိုင်း နားလည်လွယ်တဲ့ သုတ္တန်နည်းအရ ရှင်းထားတာပဲကွယ်။ အဘိဓမ္မာနည်း၊ ပဋိစ္စသမုပ္ပါဒ်နည်းတွေနဲ့ ဟောထားတာတွေလည်း ရှိသေးတယ်။

- သမီး သိချင်ပါသေးတယ် ဖေဖေ။

○ အေး သိချင်ရင် သိရမယ်။ သိသင့်ပါတယ်။ အဲဒီအပိုင်းကျတော့ အဆင့်မြင့် ဒဿန higher philosophy တွေ ပါလာပြီ။ လေးနက်လာပြီ။ ဒီတော့ ရော့ ဆရာကြီးဦးရွှေအောင်ရေးတဲ့ ဒီ 'ကုသိုလ်နှင့် အကုသိုလ်' စာအုပ်ကလေးကို ကနဦး လေ့လာထားရင် ပိုကောင်းတယ်။

ကျွန်မကို ဖေဖေက ဆရာကြီးဦးရွှေအောင်၏ စာအုပ်ကလေးကို ပေးပါသည်။ ကျွန်မ တစ်နေ့တည်းနှင့် ကုန်အောင် ဖတ်ပစ်လိုက်ပါသည်။ နောက်တစ်နေ့ ဖေဖေ စာဖတ်ခန်းမှာ ထိုင်ပြီး စာရေးနေစဉ် ကျွန်မ အပေါ်ထပ်သို့ တက်သွားပါသည်။ ဖေဖေက လှမ်းမေးသည်။

○ သမီး မနေ့က ပေးလိုက်တဲ့ ဆရာကြီးဦးရွှေအောင်ရဲ့ စာအုပ်ကလေးကို ဖတ်ပြီးပလား။

- ဖတ်ပြီးပါပြီ ဖေဖေ။ ဆရာကြီးက ဉာဏ်ကြီးတော့ ရေးသားပုံကို သမီးတို့ လူငယ်တွေရဲ့ ဉာဏ်နဲ့ကျတော့ မြင့်နေသလိုပဲ ခံစားရပါတယ် ဖေဖေ။

○ အေး ဟုတ်လိမ့်မယ်။ မနေ့က ဖေဖေ ပြောသလို အဆင့်မြင့် ဒဿန higher philosophy တွေ ပါနေတယ်။ အဲဒါကို နားလည်ဖို့အတွက် ကုသိုလ် အကုသိုလ်နဲ့ ပတ်သက်တဲ့ အဘိဓမ္မာအမြင်ကို ပထမ နားလည်အောင် သမီး ကြိုးစားထားမှ ဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



● ဟုတ်ပါတယ် ဖေဖေ၊ သမီးလည်း အဲဒါကို ပြောမလို့ပဲ။

○ ကဲ ဒါဆိုရင် ကုသိုလ် အကုသိုလ်ရဲ့ ပင်ကို သဘောသဘာဝကိုတော့ သမီး ကြားခဲ့ရပြီးပြီ။ နားလည်မယ်လို့လည်း ဖေဖေ ထင်ပါတယ်။

● သဘာဝအားဖြင့် အပြစ်ကင်းတာ၊ အကျိုးကျေးဇူး ခံစားရတာ၊ ဝမ်းမြောက်ဖွယ်ဖြစ်၊ နှစ်သက်ဖွယ် ဖြစ်တာဟာ ကုသိုလ်၊ အပြစ်မကင်းတာ၊ အကျိုးမဲ့ဖြစ်တာ၊ ဝမ်းနည်းစရာ မနှစ်သက်စရာ ဖြစ်တာဟာ အကုသိုလ်လို့ နားလည်ရင် ရမယ် ထင်ပါတယ် ဖေဖေ။

○ အေး အကျဉ်းအားဖြင့် အဲဒီလို မှတ်ထားပေါ့။ တို့များ မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်မှာ ကမ္မနိယာမနဲ့ ပတ်သက်ပြီး အကျယ်ဟောထားတာတွေ ရှိတယ်။ သဘာဝယုတ္တိ၊ အာဂမယုတ္တိနဲ့ ပြည့်စုံတယ်၊ ဟိန္ဒူဘာသာမှာလည်း ကံနဲ့ ပတ်သက်တဲ့ သဘောတရားတွေ ရှိတယ်။ ဒါပေမဲ့ သူတို့က အတ္တဝါဒ ဒိဋ္ဌိအမြင်ပေါ်မှာ အခြေခံတယ်။ ဗုဒ္ဓ ဘာသာမှာက အနတ္တဝါဒ အပေါ်မှာ အခြေခံတယ်။ အခြေခံချင်း မတူဘူး။ ကုသိုလ် အကုသိုလ်ဆိုတာ သူ့အလိုလို ဖြစ်လာတဲ့ တရား မဟုတ်ဘူး။ လူတို့ ပြုမူတဲ့ ကံအကြောင်းကြောင့် ဖြစ်လာတဲ့ တရားတွေပဲလို့ နားလည်ရမယ်။ ဒီကံဟာ ဘယ်သူ လုပ်တာလဲ ဆိုပြီး စဉ်းစားကြတဲ့ အယူဝါဒတွေမှာတော့ ဒီလို ဘာကြောင့်လုပ်သလဲ၊ ဒီလို ဘာကြောင့် ဖြစ်သလဲလို့ မေးရင်၊ အဲဒါ ထာဝရ ဘုရားသခင်ရဲ့ အလိုတော်ပဲ၊ (အင်ရှာအလ္လာဟ်) လို့ ပြောတယ်။ ဗုဒ္ဓဘာသာမှာတော့ ဒီလို မဟုတ်ဘူး သမီးရဲ့၊ ကံကို ပုဂ္ဂိုလ် သတ္တဝါက လုပ်တာ မဟုတ်ဘူး။ ဓမ္မက လုပ်တာလို့ ဗုဒ္ဓက ရှုမြင်တယ်။ ဘယ်ဓမ္မက လုပ်တာလဲ ဆိုတော့၊ စေတနာဆိုတဲ့ ဓမ္မက လုပ်တာ၊ စေ့ဆော်တဲ့ သင်္ခါရက္ခန္ဓာက လုပ်တာလို့ သိမြင်တော်မူတယ်။ စေတနာကိုသာ ဘုရားက ကံလို့ သတ်မှတ်တော်မူတယ်။

● အင်း နက်နဲတယ်နော် ဖေဖေ။ အနတ္တဉာဏ်အမြင်နဲ့ ကြည့်တော့ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတစ်ပါးမှ မရှိတာဘဲ။ ဟုတ်တာပေါ့၊ စေတနာက လုပ်တာပဲပေါ့။ ဒါ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ စေတနာ မပါရင် ကံမဖြစ်နိုင်ဘဲဟာ။

○ အဲဒီ ကံဟာ လုပ်ပြီးရင် ပြီးမသွားဘူး။ သူ့မှာ အကျိုးပေး သတ္တိ ကျန်နေတယ်လို့ ဘုရားက သိမြင်တော်မူတယ်။ ကံအကျိုးပေး သဘောဟာ စွမ်းအင် ဖြစ်တယ် ဆိုတာကိုလည်း ဗုဒ္ဓမြတ်စွာဘုရားက သဗ္ဗညုတဉာဏ်နဲ့ သိမြင်တော်မူတယ်။



● အင်း ကံဟာ စွမ်းအင်ဆိုတော့ Kammic energy လို့ ဆိုရမှာပေါ့နော် ဖေဖေ။

○ ဟုတ်တာပေါ့ သမီးရဲ့။ ကံသတ္တိဆိုတာ၊ ကံစွမ်းအင်ပဲပေါ့။ အဲဒီ စွမ်းအင်ဟာ အကျိုးဝိပါက်ကို ဖြစ်စေတယ် ဆိုတာကိုလည်း မြတ်ဗုဒ္ဓက ထိုးထိုးထွင်းထွင်း သိတော်မူတယ်။ အဲဒီ ကံအကျိုးသဘောကြောင့် အဲဒီ ကံစွမ်းအင်ကြောင့် သတ္တဝါတွေဟာ သံသရာမှာ ချာချာလည် နေရတယ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်အနုလုံကို သိတော်မူတဲ့အခါ သဗ္ဗညုတ ဉာဏ်တော်ကို ရပြီး ဘုရားပွင့်တော်မူတယ်။

● ဒါဆိုရင် ကံကြောင့် သံသရာ လည်နေကြရတာဆိုတော့၊ ကံစွမ်းအင်ဟာလည်း တခြား သဘာဝစွမ်းအင်တွေလိုပဲ အမြဲတည်ကိန်းနေတယ်လို့ ယူဆရမလား ဖေဖေ။

○ အေး သမီး မေးတာက The Law of conservation of Mass and Energy သဘောတရားအရ၊ စွမ်းအင်တို့ ဒြပ်တို့ဟာ ဒီစကြဝဠာထဲမှာ အမြဲတည်ကိန်းနေတယ်။ အမြဲသိမ်း သိမ်းဆည်းထားတယ် ဆိုတဲ့ သဘောတရားနဲ့ မေးတာ ဒါပေမဲ့ ကံစွမ်းအင်က ရုပ်စွမ်းအင် မဟုတ်ဘူး။ မနောဝိညာဏ ဓာတုစွမ်းအင်မျိုးကွဲ့။ ရုပ်စွမ်းအင်က တစ်စက္ကန့်မှာ တစ်သိန်း ရှစ်သောင်းခြောက်ထောင် ဖြစ်တယ်။ နာမ် စွမ်းအင်၊ စိတ်စွမ်းအင် Psychic energy က ကုဋေတစ်သိန်း ဖြစ်တယ်လို့ ဘုရားက သဗ္ဗညုတဉာဏ်နဲ့ သိမြင်တော်မူခဲ့တယ်။ ပြီးတော့ ပြုလုပ်စဉ်က ပါတဲ့ 'ဇော'ကို လိုက်ပြီး ကံသတ္တိချင်းကလည်း မတူဘူး ကွာခြားတယ်လို့ ဘုရားက ဟောတော်မူတယ်။

● ဘယ်လို ကွာခြားတာလဲ ဖေဖေ။

○ ဇောက ခုနစ်တန်ရှိတယ်။ ပထမဇောနဲ့ လုပ်တဲ့ ကံကို ဒိဋ္ဌဓမ္မဝေဒနီယကံလို့ ခေါ်တယ်။ သူက မျက်မှောက်ဘဝမှာ ချက်ချင်းလက်ငင်း အကျိုးပေးတယ်။ နောက်ဘဝတွေကို မလိုက်ဘူး။ ဒီဘဝမှာ အကျိုးပေးခွင့် မရလို့ရှိရင် အဟောသိကံ ဖြစ်သွားတယ်။ အကျိုးမပေးတော့ဘူး။

● ဒါဆို ဒိဋ္ဌဓမ္မ ဝေဒနီယကံဟာ အမြဲသိမ်း သိမ်းဆည်းထားတဲ့ ကံမျိုး မဟုတ်ဘူးလို့ ဆိုရမှာပေါ့နော် ဖေဖေ။

○ အေး သူက ကာလ အကန့်အသတ် ရှိတယ်။ ကာလ အကန့်အသတ် ရှိတဲ့ နောက်ကံတစ်မျိုးလည်း ရှိသေးတယ်။ အဲဒါက ဥပပဇ္ဇဝေဒနီယကံ

www.burmeseclassic.com

www.burmeseclassic.com



လို့ခေါ်တယ်။ နောက်ဆုံး သတ္တမဇောနဲ့ လုပ်တဲ့ကံ။ သူက ဒီဘဝက လွန်ပြီး နောက်ဘဝ (ဒုတိယဘဝ) ကျမှ အကျိုးပေးတယ်။ သူလည်း ဒုတိယဘဝမှာ အကျိုးပေးခွင့် မရရင်၊ ပျက်ပြယ်သွားတယ်။ အဟောသိကံ ဖြစ်သွားရော နားလည်ပြီ မဟုတ်လား။

● ဒါဆို အကျိုးမပေးဘဲ မပျက်ပြယ်တဲ့ကံ၊ အမြဲ သိုမှီး သိမ်းဆည်းထားတဲ့ kammic energy conserved ကော ရှိသလား ဖေဖေ။

○ အေး ရှိတယ်။ အဲဒါက အလယ်ငါးဇောနဲ့ လုပ်တဲ့ အပရာပရိယ ဝေဒနီယကံလို့ ခေါ်တယ်။ သူက ပျောက်ကွယ် မသွားဘူး။ သံသရာ တစ်လျှောက်လုံး အကျိုး မပေးရမချင်း လိုက်တဲ့ကံ ဖြစ်တယ်တဲ့။

● ဒါဆို အလယ်ဇောတွေနဲ့ လုပ်တဲ့ကံ၊ ကုသိုလ်၊ အကုသိုလ်တွေက သံသရာ တစ်လျှောက်လုံး အကျိုးမပေးဘဲ မနေဘူးဆိုတော့၊ ဒီကံဟာ ပေးဆပ်ရတဲ့ အကြွေးဖြစ်သွားတာပေါ့နော်။

○ ဟုတ်တယ်။ အတိတ်ကံကြွေးတွေကို မပေးဆပ်လို့ မရဘူး။ ပေးဆပ်ရတယ်။ ဒါက ဝိပါကဝဋ် ဖြစ်သွားပြီ။ ဒါကြောင့် ငရဲကို မကျအောင် လုပ်လို့ရတယ်။ ဝဋ်ကို မပေးဆပ်လို့ မရဘူးတဲ့။ ဝဋ်ကအမြဲ ငရဲက အပလို့ ဆိုတာ ကြားဖူးမှာပေါ့။

● ဟုတ်ကဲ့ ကြားဖူးပါတယ် ဖေဖေ။ ဒါဆိုရင် ငရဲကျတာ အကုသိုလ်ကံတွေကြောင့် ကျရတာ မဟုတ်လား။ ငရဲမကျအောင် လုပ်လို့ကော ရပါ့ မလား။

○ အဲဒါလည်း တခြား ဘယ်ဘာသာမှာမှ မရှိတဲ့ ဗုဒ္ဓဘာသာရဲ့ ထူးခြားချက်ပဲကွဲ့။ ဒီမှာ အတိတ်ကံနဲ့ ပစ္စုပ္ပန်ကံရဲ့ ခြားနားချက် ရှိသေးတယ်။ အတိတ်က ဝဋ်ကြွေးအဖြစ် ပါလာတဲ့ ကံကိုတော့ ပေးဆပ်ရတယ်။ အဲဒီ အတိတ်ကံတွေထဲမှာ ပစ္စုပ္ပန် ကံ၊ ဉာဏ်၊ ဝီရိယနဲ့ ပြောင်းလဲအောင် လုပ်လို့ရတဲ့ ကံတွေလည်း ရှိတယ်။ အတိတ်ကံကြောင့် ဒီဘဝမှာ ဆင်းရဲတဲ့ မိဘဝမ်းမှာ စွဲပြီး မွေးလာတဲ့ ကလေးဟာ ဒီဘဝကို ရောက်တော့ ပစ္စုပ္ပန် ကံ၊ ဉာဏ်၊ ဝီရိယ ကောင်းလို့ ကြီးပွား ချမ်းသာသွားနိုင်တာ အများကြီးရှိတယ် မဟုတ်လား။

● ဟုတ်ပါတယ် ဖေဖေ။ ဆက်ပြောပါ ဖေဖေ။



○ အဲဒီလိုပဲ ပစ္စုပ္ပန်ကံတွေကို နောက်ဘဝမှာ ဝဋ်ကြွေးဖြစ်မသွားအောင် ပစ္စုပ္ပန်မှာ ဉာဏ်နဲ့ ဖြတ်ပစ်လိုက်လို့ ဖျက်ပစ်လိုက်လို့လည်း ရတယ်။ အဲဒီကံကို ဖြတ်တဲ့ စက်ကတော့ 'မဂ်'ပဲ သမီးရဲ့။

● သမီး သဘောပေါက်ပါပြီ ဖေဖေ။ အဘိဓမ္မာ နည်းအရ ကုသိုလ် အကုသိုလ်ရဲ့ အဆင့်မြင့် ဒဿန အမြင်သဘောကို ရှင်းပြပါဦး။ သမီး ရင်ထဲမှာ မေးချင်တဲ့ မေးခွန်းကလေး တစ်ခုတော့ ရှိသေးတယ်။ အခု မမေးသေးဘူး။ ပြီးမှ မေးမယ်။

○ အေး ဓမ္မသင်္ဂဏီကျမ်း ဆိုတာက၊ ပထမ အဘိဓမ္မာကျမ်းပေါ့ကွယ်။ အဲဒီကျမ်းမှာ ကုသိုလ် အကုသိုလ်ရဲ့အဓိပ္ပာယ်ကို စဖွင့်ပြီး ကုသိုလ် အကုသိုလ်စိတ် ဖြစ်ပုံကို အကျယ် ဟောထားတယ်။ ကုသိုလ်ဆိုတာ အပြစ်ကင်းတာ၊ အကျိုးရှိတာ၊ ချမ်းသာတာ၊ ကုသိုလ်။ အကုသိုလ်ကတော့ အပြစ်မကင်းတာ၊ အကျိုးမဲ့တာ၊ ဆင်းရဲတာ အကုသိုလ်လို့ မှတ်သားခဲ့တယ် မဟုတ်လား။ ဓမ္မသင်္ဂဏီကျမ်းမှာလည်း အကုသိုလ်ကို အပြစ်နှင့်တကွ ဖြစ်ခြင်း၊ မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိကြောင်း ဖော်ပြထားတယ်။

● နေပါဦး ဖေဖေ။ ကောင်းပြီ ဒီအပြုအမူဟာ အပြစ်ကင်းတယ်၊ အပြစ်မကင်းဘူးဆိုတဲ့ စိတ်အစဉ်ကို ဘယ်လိုလုပ်ပြီး သိနိုင်မလဲ ဖေဖေ။

○ သမီး မေးခွန်းက တော်တော် နက်ရှိုင်းတယ်။ အဲဒါဟာ ဒဿနပုစ္ဆာပဲကွဲ့။ Philosophical question ပေါ့၊ တိုရှင်းလိုရှင်းကို ဖြေရရင် ဒီကံ(အပြုအမူ)ကို ပြုလုပ်တဲ့အတွက် မိမိ သူတစ်ပါး နှစ်ဦးသားမှာ သောမနဿလည်း ဖြစ်ရတယ်။ ဒီအပြုအမူဟာ အသိဉာဏ်နဲ့လည်း ယှဉ်တယ်ဆိုရင် အဲဒါဟာ ကာမာဝစရ ကုသိုလ် စိတ်အစဉ် ဖြစ်တယ်လို့ ဆိုနိုင်တယ် သမီးရဲ့။

● ကောင်းပါပြီ ဖေဖေ။ အဲဒီ ကာမာဝစရ ကုသိုလ်စိတ်ဟာ ဘယ်လို ဖြစ်ပေါ်တယ် ဆိုတာကို တပည့်တော် သိလွယ်အောင် ရှင်းပြပါဦး ဘုရား။

○ အင်း အဲဒါကို ရှင်းပြဖို့သင့်တယ်။ ဒီမှာ စိတ်ဆိုတာဟာ ဘယ်နေရာမှာ ရှိတယ်ဆိုပြီး ပြောကြတဲ့ အတ္တဝါဒနဲ့ အနတ္တဝါဒဟာ မတူဘူး။ အနတ္တဝါဒဟာ စိတ်ကို အကြောင်းတိုက်ဆိုင်မှ ပေါ်တဲ့ တရားလို့ သိနားလည်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမှာ တည်ရှိသလဲလို့ မမေးနဲ့၊ ဘယ်နေရာမှာ ဖြစ်သလဲလို့ မေးရမယ်။ မြင်စိတ်ဟာ မျက်လုံးအကြည်နဲ့ အဆင်း တိုက်တဲ့ အချိန်မှာ ပေါ်တယ်။ စက္ခုဒွါရမှာ ပေါ်တယ်။ ပေါ်ပြီး မြင်စိတ်ပျက်တယ်။ အသံနဲ့ နားအကြည်နဲ့ တိုက်ရင် ကြားစိတ် ပေါ်တယ်။ သူလည်းပေါ်ပြီး ပျက်တာပဲ။ အာရုံ တစ်မျိုးမျိုးကို အာရုံ ပြုဆဲမှာ အကြောင်း ညီညွတ်တိုက်ဆိုင်တဲ့အခါ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး သဘောတရားအရ ဖဿ ဖြစ်တယ်။ ဖဿ ဖြစ်ရင် သူနဲ့ ယှဉ်ဘက် (သဟဇာတ) ဖြစ်တဲ့ ဝေဒနာ (ခံစားမှု) ဖြစ်တာပဲ။ ဝေဒနာဖြစ်ရင် မှတ်သားမှု သညာဖြစ်တယ်။ သညာဖြစ်ရင် စေ့ဆော်မှု စေတနာ (သင်္ခါရက္ခန္ဓာ) ဖြစ်တော့တာပဲ။ ဒါကို နားလည်တယ် မဟုတ်လား။ ဖဿ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဖြစ်ရင် သိမှု ဝိညာဏ ဖြစ်တယ်။ အဲဒါစိတ်ပဲ။ အဲဒီစိတ်(ဝိညာဏ) ဖြစ်လာရင်၊ ကြံစည်မှု ဆိုတဲ့ (ဝိတက်) ဖြစ်ရော၊ ဝိတက်(ကြံစည်မှု) ဖြစ်ရင်လည်း သုံးသပ်မှု (ဝိစာရ) ဖြစ်လာတယ်။ ဒီအခါကျတော့ မြင်တဲ့ အာရုံအပေါ်မှာ ကြားတဲ့ အာရုံအပေါ်မှာ နှစ်သက်မှု (ပီတိ) ဖြစ်ပြန်ရော။ သဘောကျတယ်၊ နှစ်သက်တယ်ဆိုရင် စိတ်ချမ်းသာမှု (သုခ) ဖြစ်လာတယ် မဟုတ်လား။

- ဟုတ်ပါတယ် ဖေဖေ။ ခုမှ စိတ်ဟာ အစဉ်လိုက် တန်းသွားပါကလား ဆိုတာ၊ သပီး နားလည်သွားတယ်။

○ အေး မဆုံးသေးဘူး။ အဲဒီလို သုခချမ်းသာ ဖြစ်လာပြီဆိုရင် စိတ်ဟာ တစ်ခုတည်းသော အာရုံအပေါ်မှာ စူးစူးစိုက်စိုက် ဖြစ်သွားတယ် သမီးရဲ့။ အဲဒီလို တစ်အာရုံတည်းမှာ တည်သွားတာကို one pointed concentration (စိတ္တေကဂ္ဂတာ) လို့ ခေါ်တယ်။ အဲဒီအခါကျရင် ယုံကြည်မှုဆိုတဲ့ (သဒ္ဓါ) ကလေး ဖြစ်ပေါ်လာတယ်။ အဲဒီ သဒ္ဓါက အစိုးတရ ဖြစ်လာတယ်။ ဣန္ဒြေလို့ ခေါ်တယ်။ သဒ္ဓိန္ဒြေလို့ မှတ်ထားပေါ့။ နားကြီးကြီးနဲ့ နားထောင်နော်။ ဉာဏ်နဲ့လည်း ဆင်ခြင်ပြီး လိုက်ပါ။

- သမီး လိုက်နေပါတယ် ဖေဖေ။ အလွန် စိတ်ဝင်စားစရာ ကောင်းပါတယ်။

○ အဲဒီလို အနိုင်အမာ ယုံကြည်မှု ဖြစ်လာရင် အားထုတ်မှု ဝီရိယ (ဝီယိန္ဒြေ) ဖြစ်လာတာပဲ။ အဲဒီအခါကျမှ သတိဆိုတဲ့ မမေ့မလျော့မှုကလည်း အစိုးတရ ဖြစ်လာတယ်။ (သတိန္ဒြေ) လို့ ခေါ်ရတယ်။ သတိ အစိုးတရ



ဖြစ်လာတဲ့အခါကျရင် စိတ်ဟာ တည်ကြည်လာတယ်။ သမာဓိလို့ ခေါ်တယ် (သမာဓိန္ဒြေ) ပေါ့၊ မှတ်ထား ကြားလား။

- ဟုတ်ကဲ့ မှတ်ထားပါတယ် ဖေဖေ။

○ ကောင်းပြီ၊ သေသေချာချာ မှတ်တော့။ အဲဒီ သမာဓိဆိုတဲ့ စိတ်တည်ကြည်မှုဟာ အစိုးတရ ဖြစ်လာပြီဆိုရင်၊ အပြားအားဖြင့် သိမှု (ပညာ)လည်း ဖြစ်ပေါ်လာတယ်။ (ပညိန္ဒြေ)ပေါ့။ အဲဒီလို အစိုးတရ သိမှုအားကောင်းလာပြီဆိုရင် ထိုးထွင်းပြီးသိတဲ့ မနိန္ဒြေဟာ အစိုးတရ ဖြစ်လာပြန်ရော၊ အဲဒီအခါကျရင် စောင့်ရှောက်မှု အစိုးတရ အခိုင်အမာ ဖြစ်လာပြန်တယ်။ ဒါကို ဇီဝိတန္ဒြေလို့ ခေါ်တယ်။ ပြီးရင်တော့ သမ္မာဒိဋ္ဌိ(မှန်သောအမြင်)၊ သမ္မာသင်္ကပ္ပ(မှန်သောအကြံအစည်)၊ သမ္မာဝါယမ(မှန်သောအားထုတ်မှု)၊ သမ္မာသတိ(မှန်သော မမေ့မလျော့မှု)၊ သမ္မာသမာဓိ(မှန်သော တည်ကြည်မှု) ဆိုတဲ့ မဂ်အင်္ဂါငါးပါး ဖြစ်ပေါ်လာတယ်။ အဲဒီအခါ မတုန်မလှုပ် ယုံကြည် သက်ဝင်တဲ့ သဒ္ဓါဗိုလ်နဲ့တကွ ဝီရိယဗိုလ်၊ သိတဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်တွေ ဆက်တိုက် ဖြစ်လာတယ်။ ဒီအခါကျရင် မကောင်းမှုမှ ရှက်တတ်မှု ဟိရိဗိုလ်၊ မကောင်းမှုကို ပြုရမှာ ကြောက်တဲ့ ဩတ္တပ္ပဗိုလ်တွေ ဖြစ်လာတယ်လို့ မြတ်ဗုဒ္ဓက ဟောတော်မူခဲ့တယ်။

- သမီး စိတ်ထဲမှာ ခံစားပြီး နားလည်သလိုပါပဲ ဖေဖေ။ ဗိုလ်ဆိုတာ ဘာလဲ ဖေဖေ။

○ မတုန်လှုပ်တဲ့ စိတ်အင်အား (ဗလ)ကို ဆိုတာ ဖြစ်တယ်။ ဒီလို ဟိရိ ဩတ္တပ္ပတရားတွေ ဖြစ်လာရင် လိုချင် တပ်မက်မှုကင်းခြင်းဆိုတဲ့ အလောဘ ဖြစ်လာတာပဲလေ။ အဲဒီအခါ သူတစ်ပါးကို ဖျက်ဆီးချင်တဲ့ ပျက်စီးစေချင်တဲ့ စိတ်လည်း ကင်းလာတယ်။ အဲဒါ အဒေါသ စေတနာ မေတ္တာပေါ့ သမီးရဲ့။ ဒီအခါ အမှားနဲ့ အမှန်ကို ခွဲခြားသိတဲ့ အမောဟ (ပညာ) စေတသိက်လည်း ဖြစ်လာတယ်။ အဲဒီအခါ ဘဝသစ္စာကို မှန်မှန်ကန်ကန် သိမြင်လာတယ်။ ဒီအချိန်မှာ သူတစ်ပါး ဥစ္စာကို လိုချင် မက်မောခြင်းကင်းတဲ့ (အနဘိဇ္ဈာ) လည်း ဖြစ်လာတယ် သမီးရဲ့။

- ဟုတ်ကဲ့ပါ ဖေဖေ။ သမီး ဉာဏ်ဝင်စားလို့ ရပါတယ်။ သိပ်သဘောကျတာပဲနော်။

www.burmeseclassic.com



○ မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်တွေဟာ အလွန် ယုတ္တိရှိတယ်။ ဒါဟာ လူတိုင်းမှာ ဖြစ်တတ်တဲ့ စိတ်အစဉ်ပဲလေ။ လူတိုင်းနဲ့ ဆိုင်တဲ့ တရား၊ ဘာမှ သဘာဝလွန် ယုံတမ်းသဘော မပါဘူး။ အားလုံးဟာ သဘာဝ လောကနယ်ထဲမှာ ဖြစ်နေတဲ့ ဓမ္မသဘောတွေချည်းပဲကွဲ့၊ ကဲ ဆက်ကြဦးမယ်။ အနဘိဇ္ဈာဖြစ်ရင် သူတစ်ပါးကို မပျက်စီးစေချင်တဲ့၊ မနစ်နာစေချင်တဲ့(အဗျာပါဒ) ဆိုတဲ့ တရားကောင်း တရားမြတ်ဟာ မိမိ ရင်ထဲမှာ ဖြစ်ပေါ်လာတာ ကိုယ်တွေ့ပဲလေ။

● မှန်ပါတယ် ဖေဖေ။ လူတိုင်း နားလည်နိုင်တဲ့ တရားပါ။

○ ဒီတရားတွေဟာ မိမိ သူတစ်ပါး နှစ်ဦးသားစလုံးကို မထိနိုက်ဘူး။ မဖျက်ဆီးဘူး။ ဒါကြောင့် အပြစ်ကင်းတာ ထင်ရှားတယ်။

● ရှင်းလိုက်တာ ဖေဖေရယ်။ ဘာမှ စောဒက တက်စရာ မကျန်တော့ပါဘူး။ မြတ်စွာဘုရားရဲ့ ဉာဏ်တော်က အန္တန္တပါပဲနော်။ အံ့သြဖို့ ကောင်းလိုက်တာ။ စိတ်အစဉ်တန်းပြီး ဆက်စပ် ဖြစ်ပေါ်သွားပုံကို ဟောလိုက်တာ ရင်ထဲမှာ ဘာသံသယမှ အကြွင်းမကျန်ခဲ့ပါဘူး ဖေဖေရယ်။

○ အဲဒါကြောင့် မြတ်ဗုဒ္ဓရဲ့ ဉာဏ်တော်ဟာ အတိုင်းမဲ့၊ အနှိုင်းမဲ့လို့ ဆိုရတာပေါ့။ ဒီဉာဏ်မျိုး ဘယ်အယူဝါဒ၊ ဘယ်ဘုရားမှာမှ မရှိဘူး။ ကဲ ဆက်ပြီး ကုသိုလ်စိတ် ဖြစ်ပေါ်ပုံကို ပြောဦးမယ်။

● ပြောစရာ ကျန်သေးရင် ပြောပြပါ ဖေဖေ။

○ ပြောခဲ့သလို၊ အပြစ်ကင်းတဲ့၊ မိမိ သူတစ်ပါး နှစ်ဦးသားကို ထိနိုက်နစ်နာခြင်း မရှိတဲ့ စိတ်တွေ ဖြစ်ပေါ်လာတဲ့အခါ၊ ကိုယ်ရဲ့ ငြိမ်းအေးမှု (ကာယပဿဒ္ဓိ)၊ စိတ်ရဲ့ ငြိမ်းအေးမှု(စိတ္တပဿဒ္ဓိ) စတဲ့ စိတ်ရွှင်လန်းမှု ပေါ့ပါးမှုတွေဟာလည်း အလိုက်သင့် ဖြစ်ပေါ်လာတာပေါ့ သမီးရယ်။ ဒီအခါမှာ ကိုယ်ရောစိတ်ပါ နူးညံ့သိမ်မွေ့ သွားတယ်။ ကြမ်းတမ်း ခက်ထန်မှု မရှိတော့ဘူး။ ကိုယ်ရောစိတ်ပါ ကြံ့ခိုင်ပြီး လုံးဝ ဖြောင့်မတ်တဲ့ သဘော၊ ကောက်ကျစ် စဉ်းလဲခြင်း ကင်းတဲ့ သဘောတွေဟာ အလိုလို ဖြစ်ပေါ်လာတယ်။ ဒါတွေဟာ ကုသိုလ်စိတ်တွေပဲပေါ့။

● သမီးမှာ မှတ်စရာတွေ သိပ်များသွားပြီ ဖေဖေ။ ပြန်ပြီး သုံးသပ်ဆင်ခြင် ကြည့်ချင်ပါသေးတယ်။ ဒီမှာ ခဏရပ်ကြပါစို့ ဖေဖေရယ်။



○ အေး ကိုယ်တိုင် သုံးသပ် ဆင်ခြင်ပါ။ သူများ ပြောတိုင်း မယုံနဲ့၊ သူများ ပါးစပ်ဖျားမှာ လမ်းမဆုံးစေနဲ့၊ ပြောတိုင်းယုံ၊ ကျွေးတိုင်းလိုက်၊ နိုင်းတိုင်းလုပ်တာမျိုး မဖြစ်စေနဲ့၊ အဲဒါ ဖေဖေ လုံးဝ မကြိုက်ဘူး။

● သမီးမှာလည်း ဖေဖေ့ စိတ်ဓာတ်ပါတယ် ထင်ပါရဲ့။

○ အေး ဖအေ့ခြေရာ နင်းနိုင်တဲ့ သားသမီး မိဘထက်လွန်ပြီး မြတ်တဲ့ သားသမီးကို (အတိဇာတ)လို့ ခေါ်တယ်။ ရှိတော့ ရှိတယ်။ ရှားတယ်။

● သမီးမှာလည်း ကြိုးစားချင်တဲ့ စိတ်ရှိပါတယ် ဖေဖေ။ သာဓုနော် သာဓု၊ သာဓု။

❑

www.burmeseclassic.com

၄

# ကံနှင့် ကုသိုလ် အကုသိုလ်ကို နားလည်ခြင်း

တစ်ခါက ကြီးကြီးကျယ်ကျယ် လှူသော အလှူကြီး တစ်ခုသို့ ဖေဖေ လူ့ဘဝမှာ ရှိစဉ်က ကျွန်မ လိုက်သွားပါသည်။ ပရိယတ္တိတက္ကသိုလ်မှ ဌာနမှူး ပါမောက္ခ ဆရာတော်ကြီး တစ်ပါးကို ထိုစဉ်က ကျပ်ငွေ သုံးသိန်း ငွေသား အပါအဝင် လှူဖွယ်ဝတ္ထုများ အားလုံးကိုပါ လှူသော အလှူပွဲကြီး ဖြစ်၏။ လူပရိသတ်ကို လည်း ဖိတ်ပြီး ကျွေးမွေးလှူဒါန်းပါ၏။ ထိုအလှူပွဲတွင် အလှူ့ရှင်ဇနီးမောင်နှံ က ပစ္စည်းလေးပါး ဒါယကာ ခံယူကြောင်း လျှောက်ထားရာတွင် (ဒါန အားသန်သော ပုဂ္ဂိုလ်များ၏ ဓမ္မတာအတိုင်း) ဘုရားတပည့်တော် တပည့် တော်မ တို့သည် ကံ ကံ၏ အကျိုးကို ယုံကြည် အားထားသူများ ဖြစ်ကြသည့် အလျောက် ဤလှူဖွယ်ဝတ္ထုအစုစုကို ဆရာတော်ကြီးအား သာသနာတော်ကြီး အကျိုးအတွက် လှူဒါန်းပါကြောင်း လျှောက်ထားကြသည်ကို ကြားလိုက်မိသည် ဟု ထင်ပါသည်။ ထိုအလှူပွဲကြီးတွင် အဘ ဓမ္မဃောသက ဦးမောင်မောင် ကလည်း အမှာစကား ပြောကြားရာ၌ အလှူဒါယကာ ဒါယိကာမများက ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လှူဒါန်းကြခြင်းသည် သံဃာတော်များ အနေနှင့် ရဟန်းအဖြစ်ကို တန်ဖိုးထား မြတ်နိုးကြစေလို၍ ဖြစ်ကြောင်း ဟောပြောသည်ဟု မှတ်မိသည် ထင်ပါ၏။

ထိုပွဲက ပြန်လာသောအခါ ကျွန်မ ရင်ထဲမှာ မရှင်းမလင်း ဖြစ်လာခဲ့ ပါသည်။ မြန်မာလူမျိုးများသည် ကံ ကံ၏ အကျိုးကို ယုံကြည်ကြသည် ဆိုခြင်းမှာ ဘာကို ယုံကြည်တာလဲ။ များများလှူလျှင် နောင်ဘဝမှာ ငါ များများ ရမှာပဲဟု ကံအကျိုးကို မျှော်လင့်ကြတာလား။ ရဟန်းဘဝမှာ ဒကာ

www.burmeseclassic.com

www.burmeseclassic.com



ဒကာမများ၏ လှူဒါန်း ပူဇော်ခြင်းကို ကြီးကြီးကျယ်ကျယ် ရနိုင်သည်။ ဒါကြောင့် ချမ်းချမ်းသာသာ စည်းစိမ်တွေကို များများစားစား ခံစားပြီး နေချင်လျှင် ရဟန်းဘ၀က မထွက်နှင့်ဟု ကံအကျိုးကို မျှော်ကိုး၍ နေသင့်သည်ဟု ဆိုခြင်းလား။ ကျွန်မ ရင်ထဲမှာ အတွေးများစွာ ဖြစ်လျက် ကြာမြင့်စွာ နေခဲ့ရလေသည်။ ဖေဖေ ရဟန်းဘ၀ကို ရောက်သွားသောအခါ ကျွန်မ ရင်ထဲမှာ စိတ်ရှင်းသွားပါသည်။ ဖေဖေသည် သဒ္ဓါပဗ္ဗဇိတ ဖြစ်သည်။ သူ လူ့ဘ၀မှာ နေလျှင် စည်းစိမ် ခံစားစရာတွေ အများကြီး ရှိသည်။ ဒါတွေကို သူ တပ်မက်ခြင်း အလျှင်း မရှိဘဲ၊ အားလုံးကို ပစ်ချပြီး ထွက်သွားသည်။ ရဟန်းဘ၀ ရောက်တော့လည်း ဖေဖေက မြို့မှာ မနေပါ။ တောရကျောင်းမှာ အဆောင်အယောင် ဘာမျှ မရှိဘဲ ရတတ်သမျှဖြင့်သာ ရောင့်ရဲ၍ နေပါသည်။

ထိုအခါကျမှ ကျွန်မ ရင်ထဲမှာ ရှိနေသော ကံနှင့် ကုသိုလ်၊ အကုသိုလ် ဆက်စပ်ပုံ အကြောင်းများကို ကျွန်မ နားမလည် ဖြစ်နေသမျှ မေးခွင့်ရသည်။

ကျွန်မသည် ဘာသာရေး စာပေများကို အဖတ်များလာသောအခါ၊ ဆရာကြီးဦးရွှေအောင် ရေးသားခဲ့သော 'ကုသိုလ်နှင့် အကုသိုလ်' အကြောင်း စာအုပ်ငယ်ကလေးကို ဖတ်မိပါသည်။ လေးနက်သော အဓိပ္ပာယ်များ၊ ခေတ်သစ် အမြင်များ ပါသည်ဟု ကျွန်မ ထင်ပါသည်။ ဖေဖေ ဘုန်းကြီးဖြစ်ပြီး၊ ရန်ကုန် ရောက်သောအခါ ကျွန်မ ရင်ထဲ ဦးနှောက်ထဲမှာ (ဉာဏ်မမီ၍) မရှင်းမလင်း ဖြစ်နေသော ကိစ္စများကို မေးမြန်း ဖြေရှင်းခွင့် ရပါတော့သည်။ ဦးရွှေအောင်၏ စာအုပ်ငယ်ကလေးကို လက်မှာ ကိုင်ပြီး ကျွန်မ ဘုန်းဘုန်း ထံသို့ သွားပါသည်။

○ မေးစရာ ရှိလို့လား သမီးရဲ့ ဟု ဘုန်းဘုန်းက မေးသည်။

● တင်ပါ။ ကံ ကုသိုလ် အကုသိုလ်နဲ့ ပတ်သက်ပြီး အရင် ဘုန်းဘုန်း ရှင်းပြခဲ့တာတော့ တပည့်တော် နားလည်နိုင်ပါပြီ ဘုရား။ ဒါပေမဲ့ ဒီစာအုပ်ကလေးထဲမှာ ဆရာကြီးဦးရွှေအောင် ရေးသား တင်ပြထားတာတွေကိုတော့ တပည့်တော် ဉာဏ်မမီလို့ နားမလည်ပါဘူး ဘုရား။

○ ကဲ ဘာ နားမလည်တာလဲ။ ပြောပါဦး။

● တပည့်တော် ရင်ထဲမှာ မရှင်းလင်းလို့ သဘောမပေါက်တာတွေကို တစ်ခုချင်း မေးပါရစေ။



○ အေး ကောင်းတယ်။ မေး... မေး။ သမီးတို့ လူငယ်တွေဟာ မြတ်ဗုဒ္ဓရဲ့ အဆုံးအမ ဖြစ်တဲ့ သာသနာတော်ရဲ့ အနှစ်သာရတွေကို ရင်ထဲမှာ ရှင်းရှင်း နားလည်ဖို့လိုတယ်။ ခေတ်ဆိုတာက သေပေါက်သေ၀ ရောက်နေတဲ့ လူအိုလူနာကြီးတွေ လက်ထဲမှာ မရှိဘူး။ တက်လူလို့ ခေါ်တဲ့ လူငယ်လူရွယ်တွေရဲ့ လက်ထဲမှာပဲ ရှိတယ်။ သူတို့ဟာ ခေတ်ကို ဖန်တီးသူတွေ ဖြစ်တယ်။ ဒီတော့ ခေတ်သစ်အခါသမယမှာ ခေတ်ပညာ ဆိုတာကလည်း ထွန်းကားတော့၊ မြတ်ဗုဒ္ဓရဲ့ တရားတွေကို ခေတ်သစ်အမြင်၊ ခေတ်ရှုထောင့်က နားလည်တတ်ဖို့လည်း လိုတယ်။ ရှေးက အယူအဆတွေ၊ အသုံးအနှုန်းတွေနဲ့ ပြောနေရင် ခေတ်လူငယ်တွေရဲ့ နားထဲမှာ မ၀င်ဆန့်တော့ဘူး။ ဒါဆို သူတို့ လက်ခံနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ဗုဒ္ဓရဲ့ တရားဒေသနာတော်တွေကို ခေတ်အမြင် ခေတ်အသုံးအနှုန်းနဲ့ အဓိပ္ပာယ် ဖွင့်ဆိုဖို့ ကြိုးစားရာမှာ၊ ဘုန်းကြီးတို့ မြန်မာပြည်မှာတော့ ဆရာဦးရွှေအောင်ဟာ ပထမဆုံး ခေတ်ရှေ့ဆောင် (ပိုင်အိုနီးယား) ပဲလို့ ဆိုသင့်ပါတယ်ကွယ်။

● အင်း ဟုတ်တယ်နော်။ ဘုန်းဘုန်း ပြောမှ တပည့်တော် သတိထားမိတယ်။ ဆရာကြီးက ခေတ်အမြင် ခေတ်အကြားတွေ ရှိတယ်။ ခေတ်စကားနဲ့လည်း ပြောတတ်တယ်။ ခု တပည့်တော် မေးသည့် အချက်ကိုပဲ ကြည့်ပါဦး။ ဆရာကြီးက ဘာသာရေး လောကမှာ လမ်းစဉ်(means)နဲ့ ပန်းတိုင်(end)ဆိုတဲ့ ဝေါဟာရနှစ်လုံး ရှိပါသတဲ့။ ဗုဒ္ဓဘာသာမှာ လမ်းစဉ်ဆိုတာက မဂ္ဂင်ရှစ်ပါးပဲတဲ့။ ပန်းတိုင်ကတော့ နိဗ္ဗာန်ပဲတဲ့ ဘုရား။

○ အိမ်း ဟုတ်လိုက်တာ၊ အဲဒါ ကမ္ဘာပေါ်က ခေတ်ပညာတတ်တွေ နားလည်နိုင်တဲ့ အသုံးအနှုန်းပဲကွဲ့။

● တင်ပါ။ အဲဒီလို ဖော်ပြပြီးမှ ထူးထူးခြားခြား နက်နက်နဲနဲ ဆိုလိုက်ပုံက "သိမ်းပိုက်လိုခြင်း ရှိလာလျှင်၊ လမ်းစဉ်သည် ပန်းတိုင်ဖြစ်သွား၏" တဲ့ ဘုရား။ အဲဒါကျတော့ တပည့်တော်ရဲ့ ဉာဏ်က လိုက်မမီတော့ပါဘူး ဘုရား။

○ အိမ်း သမီးက ဒဿနိကဗေဒလို့ ခေါ်တဲ့ Philosophy ကို မလေ့လာဖူးသေးလို့ ဒီစကားလုံးတွေနဲ့ မရင်းနှီးသေးတာပါကွယ်။ ဘုန်းကြီးတို့ရဲ့ ဒဿနပညာမှာ ပညာရပ် တစ်ခု ရှိတယ်။ အင်္ဂလိပ် Ethics လို့ ခေါ်တယ်။ မြန်မာလိုတော့ 'ကိုယ်ကျင့်တရားပညာ' လို့ ခေါ်တယ်။ 'means

www.burmeseclassic.com



and end' 'နည်းလမ်းနှင့်ပန်းတိုင်' ဆိုတဲ့ ဝေါဟာရကို အက်သစ်လို့ အသုံးတွင်ကျယ်ပါတယ်။ meansဆိုတာက နည်းလမ်းလို့ မြန်မာပြန်ပေမဲ့ ကိရိယာတန်ဆာပလာတွေကိုလည်း ခေါ်တယ်။ အိမ်ဆောက်ဖို့ အလုပ်မှာ အသုံးပြုရတဲ့ ရှူးဆောက်လွှလွှန် စတဲ့ ကိရိယာတန်ဆာပလာတွေ (instruments) တွေကိုလည်း means လို့ ခေါ်တယ်။ အင်္ဂလိပ်စကားမှာ by means of အကြောင်းအားဖြင့် ဆိုပြီး သုံးထားတာ သတိပြုမိမှာပေါ့။ ရန်ကုန်ကနေ မန္တလေးကို ခရီးသွားမယ်ဆိုရင် "ဘာအားဖြင့်" (ဘာနှင့်) သွားမလဲလို့ မေးတယ် မဟုတ်လား။

● တင်ပါ မေးရပါတယ်။

○ အေး အဲဒီ ကြားခံအဖွင့် အသုံးပြုရတဲ့ အရာကို meansလို့ ခေါ်တယ်။ သဘောပါရဲ့လား။

● တင်ပါ။ ခေါင်းထဲ ရှင်းသွားပါပြီ ဘုန်းဘုန်း။ endဆိုတာကတော့–

○ ရန်ကုန်က မန္တလေးကို သွားရာမှာ မန္တလေးဟာ ခရီးဆုံး ပန်းတိုင်ပေါ့။ အဲဒါ end ပဲ။ တရားအားထုတ်ရာမှာလည်း နိဗ္ဗာန်ဟာ ရည်မှန်းချက် ပန်းတိုင်ပဲ။ အလုပ်တစ်ခု လုပ်မယ်ဆိုရင် ရည်မှန်းချက် ပန်းတိုင် endက ဘာလဲ။ အဲဒီ ပန်းတိုင် endကို ရောက်အောင် ဘယ်နည်းလမ်း (ဘာအားဖြင့်) သွားမလဲ၊ လုပ်မလဲ ဆိုပြီး မေးကြတယ် မဟုတ်လား။ ဒါဆို means and endကို နားလည်ရောပေါ့။

● တင်ပါ့ ရှင်းသွားပါပြီ ဘုရား။ ဒါဆို ရည်မှန်းချက်ပန်းတိုင် endနဲ့ နည်းလမ်း (အသုံးပြုကိရိယာ) meansဟာ မတူဘူး တခြားစီလို့ တပည့်တော် နားလည်ပါတယ်။ ဟုတ်ပါ့မလား ဘုရား။

○ ဟုတ်ပါတယ်။ သဘောတရား အရတော့ ဘယ်တူမလဲ။

● ဒါဆို ဆရာကြီးဦးရွှေအောင်က "သိမ်းပိုက်လိုခြင်း ရှိလာလျှင် လမ်းစဉ်သည် ပန်းတိုင် ဖြစ်သွား၏" ဆိုတာ မှန်ပါ့မလား။

○ အင်း မေးခွန်းက ချက်ကျကျ မေးတာပဲ။ ဒီနေရာမှာ ဆရာဦးရွှေအောင်က စေ့စေ့စပ်စပ် ရေးထားတယ်။ ဘာရေးသလဲဆိုတော့ 'သိမ်းပိုက်လိုခြင်း ရှိလာလျှင်' ဆိုတဲ့စကား။ ဒါ သိပ်အရေးကြီးတယ်။ ဒီအပေါ်မှာ သမီး မျက်စိလည်သွားပြီ ထင်တယ်။



● တင်ပါ။ အဲဒါ ဘာကို ဆိုတာလဲ ဘုရား။

○ ကောင်းပြီ။ လူဟာ ဘယ်အခါ သိမ်းပိုက်ချင်သလဲ။

● အင်း တပည့်တော် နားလည်သလို ပြောရရင်တော့ စွဲလမ်းတပ်မက်တဲ့အခါ၊ သိမ်းပိုက်ချင်တယ်လို့ ထင်ပါတယ်။

○ မှန်တာပေါ့။ စွဲလမ်းတာက ဥပါဒါန်ပဲ။ ဘယ်အခါ စွဲလမ်းသလဲ ဒါကို စဉ်းစားစမ်း။

● အွန်း ဘယ်လို ပြောရမလဲ မသိဘူး။ ကိုယ်ပိုင်ဆိုင်ချင်တဲ့အခါလို့ ပြောလို့ရမလား မသိဘူး။

○ ရပါတယ်။ ပိုပြီး တိတိကျကျ ပြောရရင် ငါ့ဟာ၊ ငါ့ဥစ္စာ ဖြစ်ချင်တဲ့အခါ ကိုယ်ပိုင် ဖြစ်ချင်တဲ့အခါ မရမက လိုချင် စွဲလမ်းလာတယ်။

● ဟုတ် ဟုတ်တယ်၊ ဟုတ်တယ် ဘုရား။

○ ငါ့ဟာ ငါ့ဥစ္စာ ဆိုတာက 'အတ္တနိယ)။ အဲဒီ ငါ့ဟာ ဖြစ်ချင်တာ ပိုင်ချင်ဆိုင်ချင်တာက ငါဆိုတဲ့ အတ္တဒိဋ္ဌိရှိလို့ပေါ့ကွယ်။ ဟုတ်ပြီနော်။

● သဘောပေါက်ပါပြီဘုရား။

○ ကဲ ဒီနေရာမှာ ဆရာဦးရွှေအောင်က သံသရာကို သမုဒ္ဒရာနဲ့ နှိုင်းယှဉ်ထားတယ်။ မဂ္ဂင်ကိုတော့ ဖောင်နဲ့ နှိုင်းပြီးပြတယ်။ ဒီသမုဒ္ဒရာနဲ့ တူတဲ့ သံသရာပြင်ကျယ်ကို မဂ္ဂင်ဖောင်ကြီး စီးပြီး ကူးကြရာမှာ၊ ဖောင်က meansမဟုတ်လား၊ နိဗ္ဗာန် တစ်ဖက်ကမ်းက ပန်းတိုင်က နိဗ္ဗာန် မဟုတ်လား။ ဟုတ်ပြီနော်။

● တင်ပါ့။ ဟုတ်ပါတယ်ဘုရား။

○ ဒါဆိုရင် ပန်းတိုင်(end) ဖြစ်တဲ့ သံသရာ တစ်ဖက်ကမ်း(နိဗ္ဗာန်)ကို ရောက်သွားတဲ့အခါ means ဖြစ်တဲ့ ဖောင်ကို သိမ်းပိုက်ထားရမလား။ စွန့်လွှတ်ပစ်ရမှာလား။

● စွန့်ပစ်ရမှာပါဘုရား။

○ အေး means ဆိုတဲ့ အသုံးချစရာ ကိရိယာကို ကိစ္စပြီး ပန်းတိုင်(end) ကို ရောက်တဲ့အခါ မလိုအပ်တော့ဘူး။ စွန့်ပစ်ရုံ ရှိတာပဲ။ သိမ်းပိုက်ထားစရာ မလိုတော့ဘူး။ ဒါကို (စွန့်ပစ်ရမှာကို) မစွန့်ဘဲနဲ့ သိမ်းပိုက်ထားရင်၊

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုတာက means ကို endလုပ်လိုက်ရင်၊ လိုရာပန်းတိုင်ကို မရောက်တော့ဘူး။ means (နည်းလမ်း)က end(ပန်းတိုင်) ဖြစ်သွားတော့တာပေါ့ကွယ်။ ဒီလိုဆိုရင် ခရီးသည်က ဖောင်ကိုရရင် ပြီးပြီ။ ဒီအပေါ်မှာပဲ နေတော့မယ်လို့ ပန်းတိုင်သဘောဖြင့် သိမ်းပိုက် လိုက်မယ်ဆိုရင် တစ်ဖက်ကမ်း နိဗ္ဗာန်ကို ရောက်ပါတော့မလား။

● မရောက်တော့ပါဘူး ဘုရား။

○ အေး ဒါကြောင့် ဆရာကြီးက မဂ္ဂင်ဖောင်ကို အဆုံးပန်းတိုင်အဖြစ် သိမ်းပိုက်လိုက်ချင်ရင် အဲဒီ meansဟာ end ဖြစ်သွားတာပေါ့။ ခရီးသည်ဟာ ဖောင်ကိုပဲ ပန်းတိုင် လုပ်ပစ်လိုက်တဲ့အတွက် ဆက်မကူးတော့ဘူး။ နိဗ္ဗာန်ကိုလည်း မရောက်တော့ဘူးပေါ့။

● ဟုတ်တာပေါ့ ဘုရား။

○ သံသရာခရီးသည်သည် ဖောင်(means) ကို သိမ်းပိုက်လိုခြင်း ရှိလျှင် ဖောင်ဟာ ပန်းတိုင် ဖြစ်သွားလို့ သူလည်း တစ်ဖက်ကမ်းကို မရောက်တော့ဘဲနဲ့၊ ဖောင်ပေါ်မှာပဲ သောင်တင်သွားတော့တာပေါ့ကွယ်။ ရှင်းပြီလား ခု။

● ဉာဏ်ထဲမှာ ရှင်းပြီးလင်းသွားပါတယ် ဘုရား။ အဲဒါနဲ့ ကုသိုလ်၊ အကုသိုလ်နဲ့ ဘယ်လို ဆက်စပ်သလဲ ဘုရား။

○ အဲဒီအထဲမှာ ဆရာဦးရွှေအောင်က "ထို့ကြောင့် ကုသိုလ်နှင့် အကုသိုလ်ကို မဂ္ဂင်ရှစ်ပါး၌ ပါဝင်အောင် ကြိုးစားအပ်၏" လို့ ဆက်ပြီး ရေးထားတယ် မဟုတ်လား။

● တင်ပါ၊ ရေးထားပါတယ် ဘုရား။

○ ရေးထားရင်၊ ဒါကို သေသေချာချာ သဘောပေါက်ဖို့ လိုတယ်။ ဆရာကြီး ရေးထားတဲ့ နောက်စာပိုဒ်ကိုလည်း ဆက်ဖတ်ပါဦး။

● "သို့ဖြစ်၍ ကုသိုလ်နှင့် အကုသိုလ်ကို သံသရာ၌ ကျင်လည်နေစဉ် အသုံးပြုစရာ တန်ဆာပလာ (instrument — means) အဖြစ်သာ အသုံးပြုအပ်၏။ ပန်းတိုင်အဖြစ် အသုံးမပြုအပ်"လို့ ဖော်ပြထားပါတယ် ဘုရား။



○ အေး၊ အဲဒီစကား နှစ်ခုကို ဆက်စပ်ပြီး နားလည်တတ်ရမယ်။ ခက်နေတာက ဘုန်းကြီးတို့ မြန်မာဗုဒ္ဓဘာသာ အများစုရဲ့ စိတ်ထဲမှာက ကံကို မျှော်လင့်ကြတယ်။ ကံကောင်းချင်ကြတယ်။ ကံအကျိုးပေး ကောင်းစေချင်ကြတယ်။ ဒါ ဘာကို ပြသလဲဆိုတော့ ကံကို ပန်းတိုင်လုပ်တဲ့ သဘောပဲကွဲ့။ ဆရာကြီးက ကံကို means (အသုံးကိရိယာ၊ နည်းလမ်း) အဖြစ်ပဲ သုံးသင့်တယ်။ ကံကို အားမကိုးသင့်ဘူး၊ ကံကို ရည်မှန်းချက် ပန်းတိုင်အဖြစ် မထားရဘူး။ သူ့ကို မဂ္ဂင်ရှစ်ပါး၌ ပါဝင်အောင်ပဲ ကြိုးစားရမယ်လို့ ပြောတာ။ ကံ ကို အသုံးပြုတဲ့ ကိရိယာ တန်ဆာပလာလို့ပဲ သဘောထားရမယ်လို့ ပြောတာ။ သမုဒ္ဒရာ သံသရာကို ဖြတ်ကူးရာမှာ မဂ္ဂင်ရှစ်ပါးတရားကို ဖောင်အဖြစ် အသုံးပြုရတယ်။ တစ်ဖက်ကမ်း နိဗ္ဗာန်ပန်းတိုင်ကို ရောက်တဲ့အခါ အဲဒီဖောင်ကို သိမ်းထားဖို့ လိုသေးလား။ ကိစ္စပြီးသွားပြီ။ ဖောင်ကို စွန့်ပစ်ရုံ ရှိတော့တာပေါ့။ ဖောင်ဆိုတာကလည်း မမြဲဘူး။ ဖောင်ပေါ် ရောက်ရင် တော်ပြီ။ စိတ်ချပြီဆိုပြီး ဖောင်ကို ပန်းတိုင်လို သဘောထားရင် ဘယ်ဖြစ်မလဲ။ ခဏကြာ ဖောင်လည်း အနိစ္စပဲဟာ၊ ဖောင်ပျက်သွားတော့ အကုန်လုံး ရေနစ်ပြီး ပျက်စီးကုန်မှာပေါ့။ မဟုတ်ဘူးလား။

● မှန်ပါတယ် ဘုရား။

○ ဒီလိုပဲ ကံကိုလည်း ပန်းတိုင်လို့ သဘောထားပြီး အားမကိုးရဘူး။ ကံလည်း အနိစ္စပဲ။ ကံသတ္တိရှိတုန်းသာ သူက အကျိုးပေးပြီး သုဂတိဘဝ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ကို ရောက်တာ။ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ဆိုတာကလည်း အိုနာသေဘေး မလွတ်သေးဘူး။ ဒီတော့ ကံသတ္တိကုန်ရင် ဒီဋ္ဌိမပြုတ်ရင်၊ စကြာဝတေးမင်း၊ သိကြားမင်း၊ ဗြဟ္မာမင်း ဖြစ်ပါစေ၊ အပါယ်လေးပါးကို ပြန်ကျမှာပဲ။ ဒါကြောင့် ကံကို အားမကိုးရဘူး။ ကံက နတ်ိ ပဋိသန္ဓေကို ဆက်စပ်ပေးတဲ့ သတ္တိရှိတယ်။ နိဗ္ဗာန်ကို ကံက မပို့ဘူး။ တလွဲ လူ့ပြည်နတ်ပြည်ပဲ ပို့တယ်။ ဒါကြောင့် ကံကို ဉာဏ်နဲ့တွဲပြီး အသုံးပြုရမယ်။ သုံးတတ်လျှင် အဆုံးပန်းတိုင်ကို ပို့နိုင်တယ်။ ဒါဟာလည်း ဒိဋ္ဌိမပါတဲ့ ဝိဝဋ္ဋကံ ဖြစ်မှနော်။ ဒီနေရာမှာ ကံကို ဉာဏ်နဲ့ တွဲတတ်ဖို့ လိုကြောင်းကိုလည်း ဆရာကြီးက ပြထားသေးတယ် မဟုတ်လား။

● ဘာကို ပြောတာလဲ ဘုန်း။

www.burmeseclassic.com

www.burmeseclassic.com



ာ ဆရာကြီးက ပုထုဇဉ် သဘာဝဟာ လူ့ဘဝမှာ မလွဲသာ မရှောင်သာ အကုသိုလ်လည်း ပြုကောင်းပြုကြရမှာပဲတဲ့။ ဒီအကုသိုလ်ကို မလွဲသာ မရှောင်သာ ပြုမိရင်တောင်မှ ဉာဏ်ယှဉ်တတ်ရင် ဘာမှ စိုးရိမ်စရာ မလိုပါဘူးတဲ့။ အရပ်ထဲက ခွေးရူးတစ်ကောင် ဝင်လာရင် ဝိုင်းပြီး သတ်ကြရမှာပဲ။ အကုသိုလ်တော့ အကုသိုလ်ပဲ။ မလုပ်လို့ မဖြစ်တဲ့ အခြေအနေပဲကိုး။ ကိုယ့်ရွာကို ခိုးသားဓားပြတွေ ဝင်လာရင် ကိုယ်က ကြိုတင်ပြီး တိုက်ရမယ်။ ဓားပြတွေကို သတ်သင့်သတ်၊ ဖမ်းသင့်ဖမ်းပြီး အရေးယူရမှာပဲ။ အကုသိုလ်တော့ အကုသိုလ်ပဲ မတတ်နိုင်ဘူး။ မြွေက သားကို ပေါက်ဖို့ ပါးပျဉ်းထောင်နေရင် ဖအေက မြွေကို သတ်ရမှာပဲ၊ အကုသိုလ်တော့ အကုသိုလ်ပဲပေါ့။ ဒီလို လုပ်ရလို့လည်း ဉာဏ်ရှိရင် အပါယ်မကျနိုင်ဘူးတဲ့။ ဒီနေရာမှာ အကုသိုလ်ကို ပြုပြီးရင် မသိ ကျိုးကျွန် မပြုရဘူး။ ငါအကုသိုလ် ပြုမိပြီလို့ သတိနဲ့ ကပ်ပြီး ဉာဏ်နဲ့ သိအောင် ဝိပဿနာကပ်ပြီး ရှုရမယ်။ အကုသိုလ်ကို အကုသိုလ်မှန်း မသိရင် အကုသိုလ်က အကျိုးပေးတယ်။ အကုသိုလ်ကို အကုသိုလ်မှန်း ဉာဏ်နဲ့ ရှုလိုက်ရင် အကုသိုလ် အနိစ္စ ဖြစ်သွားတာ သိရမယ်။ သိတာက မဂ်ပဲ။ အဲဒါ သတိပဋ္ဌာန်ပဲ ဒါဆို ဒီအကုသိုလ်က အပါယ်ကို မချနိုင်တော့ဘူးတဲ့။ ဆရာကြီးက ဆက်ပြီး ရေးထားတယ် မဟုတ်လား။ ဤသည်ပင်လျှင် ကုသိုလ်နှင့် အကုသိုလ်ကို စွန့်ခြင်း ဟူ၍ စာပေ၌ဆို၏။ ဤကား ဗုဒ္ဓဘာသာ၏ ထူးခြားချက်ပဲတဲ့။ ကဲ ရှင်းပြီလား။

● ဒီနေ့တော့ တပည့်တော်အဖို့မှာ အလွန့်အလွန် တန်ကြေးရှိသွားပါပြီဘုရား။ ဝမ်းသာလိုက်တာ ဘုရား။ တပည့်တော် ရိုရိုးကန်တော့ပါတယ်ဘုရား။

ာ သာမုကွယ်၊ သာဓု၊ သာဓု၊ ဉာဏ်ရှင်းဖို့ အရေးကြီးတယ်နော်။

❑

# ၅
# ကိလေသာဆယ်ပါးကို နားလည်ခြင်း

ဖေဖေ အိမ်မှာ မရှိသောအခါ၌ ကျွန်မ စာကို များများ ဖတ်ဖြစ်ပါသည်။ မြတ်ဗုဒ္ဓ၏ စာပေတွေကို ဖတ်မိလေလေ ကျွန်မ စိတ်ထဲမှာ ကမ်းမမြင်သော သမုဒ္ဒရာထဲမှာ လက်ပစ်ကူးနေရသလို သိစရာတွေက ပိုများလာလေလေ ဖြစ်နေပါသည်။ ကျွန်မ သူငယ်ချင်းများမှာလည်း ကျွန်မကြောင့် ဓမ္မစာပေကို စိတ်ဝင်စားလာကြသည်။ သူတို့ နားမလည်သော ကိစ္စဆိုလျှင် ကျွန်မကို ဒိုင်ခံ၍ မေးနေကြသည်။ ကျွန်မလည်း တတ်သလောက် မှတ်သလောက် ရှင်းပြရသည်။ တစ်ခါတလေ သူတို့ ကျွန်မ အဖြေကို အစာမကြေ ဖြစ်တတ်ကြသည်။ ထို့ကြောင့် ဖေဖေ(ဘုန်းဘုန်း)နှင့် တွေ့ဆုံခွင့်သာသောအခါ ကျွန်မ မေးချင်တာတွေကို မေ့မသွားအောင် စာဖြင့် တေးမှတ်ထားရသည်။ ဝါကျွတ်ချိန်၌ ကျွန်မတို့ မိသားစုသည် ကမ္ဘာအေး ညောင်ရမ်းစေတီ ဓမ္မာရုံမှ စနေပတ်သံဃာ့ဒါနလောင်းလှူပွဲတွင် သံဃာ ၃၅၀ ကျော်ကို ဆွမ်းတစ်ရက် လောင်းလှူရန် တာဝန်ယူထားကြသည်။ ထိုဆွမ်းလောင်းပွဲသို့ ဘုန်းဘုန်း ကြွလာပါရန် မေမေက ဖိတ်ကြားထားသည်။ ထိုပွဲ မတိုင်မီ တစ်ရက်နှစ်ရက် ကြိုပြီး ဘုန်းဘုန်း ရောက်လာသည်။ ဆွမ်းလောင်းပွဲ ပြီးလျှင် ဘုန်းဘုန်းသည် မကွေးမြို့ ဆင်တောင် တောရသို့ ဆက်ကြွသွားတတ်ပါသည်။

ထေရဝါဒ အခြေခံ အယူအဆများတွင် ကိလေသာဆိုသော စကားတစ်လုံးကို အသုံးများပါသည်။ သို့သော် ကိလေသာ၏ အနက်အဓိပ္ပာယ်ကို မသိသူက များပါသည်။ ရိုးရာ ဗုဒ္ဓဘာသာဝင်တွေ ဩကာသကို ရွတ်ဆိုနေပါလျက် အဓိပ္ပာယ် မသိကြသလို ဖြစ်ပါသည်။ ကိလေသာဆယ်ပါး ရှိသည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကိုလည်း ပြောတော့ ပြောနေကြသည်။ ရေတွက်ပြစမ်းပါဆိုတော့ အိုးနင်းခွက်နင်း ဖြစ်သွားတတ်ကြသည်က များပါသည်။ ဘာပဲဖြစ်ဖြစ် သူများ ဘာသာခြားတို့က မချောက်ချားနိုင်အောင် ဤတရားများကို ဗုဒ္ဓဘာသာဝင် တိုင်း သိသင့်သည်ဟု ကျွန်မ ထင်ပါသည်။ အထူးသဖြင့် ကျွန်မလို လူငယ်တွေ သိစေချင်ပါသည်။

ယနေ့လည်း မေးခွန်း မေးစရာ ရှိသောကြောင့် ကျွန်မ ဆွမ်းပို့ရန် စောစောသွားပါသည်။ ဘုန်းဘုန်းထံ ချဉ်းကပ်ပြီး မေးပါသည်။

● ဘုန်းဘုန်းဘုရား၊ တပည့်တော် သိချင်တာကလေး မေးပါရစေ ဘုရား။

○ အေး အခွင့်သာတုန်း မေးရမယ်။ မေးစမ်းပါဦး။ ဘာများလဲ။

● ကိလေသာဆယ်ပါး အကြောင်းပါဘုရား။

○ ကိလေသာဆိုတာ ဘာလဲ၊ အဓိပ္ပာယ် သိချင်တာလား။

● တင်ပါ။ အဓိပ္ပာယ်လည်း သိချင်ပါတယ်။ သဘောကိုလည်း သိချင်ပါတယ်။ ဆယ်ပါးကိုလည်း သိချင်ပါတယ်။

○ ကောင်းပြီ။ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုတာလိုပေါ့။ ကိလေသာဆယ်ပါးကို ပြောရင်း ထေရဝါဒရဲ့ အခြေခံ အယူအဆတွေ တော်တော်များများကိုလည်း နားလည်သွားမယ်။ ကဲ ကိလေသာ(ကိလေသ) ဆိုတာကို စပြောမယ်နော်။

● တင်ပါ၊ အမိန့်ရှိပါဘုရား။

○ ကိလေသဆိုတဲ့ စကားဟာ လူ့စိတ်မှာ ဖြစ်ပေါ်တတ်တဲ့ ထူးခြားတဲ့ သဘောတရား တစ်ခုကို ဗုဒ္ဓက ထိုးထွင်းသိမြင်ထားတာ ဖြစ်တယ်။ ဖန်ဆင်းရှင် ဘုရားသခင်ကို ကိုးကွယ်တဲ့ ဘာသာအယူဝါဒတွေမှာ ဒီတရားမျိုးကို မတွေ့ရဘူး။ မကောင်းမှု (evil) ဆိုတာမျိုး၊ အပြစ်ဒုစရိုက် (sin) ဆိုတာလောက်ပဲ သူတို့က နားလည်ကြတယ်။ မကောင်းမှု၊ ဒုစရိုက်၊ အပြစ် ဆိုတာက ကံ(ကာယကံ၊ ဝစီကံ၊ မနောကံ)ပါမှ ဖြစ်တာ။ ကိလေသကတော့ စိတ်အစဉ်မှာ ကပ်ပြီးပါနေတဲ့ စိတ်ကို ညစ်ညူးစေတဲ့ တရားတွေ၊ ဒါကို (defilements) လို့ ဘာသာပြန်ရတယ်။ ကိလေသကို မြန်မာလိုပြန်ရင် (သတ္တဝါတို့ကို) ပူပန်စေတတ်၊ နှိပ်စက်တတ်သော တရားလို့ ပြန်တယ်။ ကိလေသာဆယ်ပါးဆိုတာက (၁) လိုချင်တပ်မက်မှု(လောဘ)၊ (၂) ပြစ်မှားမှု ဖျက်ဆီးလိုမှု(ဒေါသ)၊ (၃) အမှန်ကိုမသိမှု တွေဝေမှု(မောဟ)၊ (၄) ငါသာလျှင် မြတ်သည်လို့ ထင်မှတ်ပြီး ထောင်လွှားမှု(မာန)၊ (၅) အမြင်အယူအဆမှားမှု (ဒိဋ္ဌိ)၊ (၆) ယုံမှားသံသယဖြစ်မှု(ဝိစိကိစ္ဆာ)၊ (၇) စိတ်ရဲ့ ထိုင်းမှိုင်းမှု ကျေနပ်မှု (ထိန)၊ (၈) စိတ်ရဲ့ ပျံ့လွင့်မှု(ဥဒ္ဓစ္စ)၊ (၉) မကောင်းမှု ပြုရမှာကို မရှက်တတ်တဲ့ သဘော(အဟိရိက)၊ (၁၀) ကာယဒုစရိုက် မကောင်းမှု ကျူးလွန်ရမှာကို မကြောက်မှု (အနောတ္တပ္ပ) အဲဒါ ကိလေသဆယ်ပါးပဲ အကျဉ်းမှတ်ရ လွယ်အောင် ပြောတာ။



● ဘုန်းဘုန်း ဘုရား။ ဘာသာခြား မိတ်ဆွေသူငယ်ချင်းတွေက လူပဲ လိုချင်တပ်မက်တာ(လောဘ) ရှိတာဟာ အပြစ်လား။ အစ်မကြီးက တောင် ပြောတယ်။ လူမှာ လောဘမရှိရင် မွဲမှာပေါ့တဲ့ဘုရား။ အဲဒါ လောဘရဲ့ အပြစ်ကြီးပုံတွေကို သိခွင့်ပြုပါဘုရား။

○ အေး မင်းအစ်မက ဉာဏ်နည်းလို့ ပြောတာ။ သူ စင်ကာပူက အဆင် မပြေပြီး ပြန်လာတာ မှတ်မိလား။ အဲဒါ သူ့လောဘကြောင့် ဖြစ်တာပဲ။

● ဟုတ်ပါတယ်။ အစ်မကြီးက လောဘကြီးတယ်။ ဒါပေမဲ့ သူ ချမ်းသာတာ လောဘရှိလို့ လို့ ထင်နေပါတယ်ဘုရား။

○ အေးလေ ဉာဏ်မရှိတော့ သူ့ကိုယ်သူ ပူလောင်နေတာ၊ လောဘရဲ့ နှိပ်စက်ခံနေရတာကို မသိဘူး။ လောဘဟာ လူကို အစဉ်သဖြင့် ပူလောင်စေတယ်။ အစဉ်သဖြင့် နှိပ်စက်တယ်။ အစဉ်သဖြင့် နစ်မွန်းအောင် လုပ်တတ်တယ် ဆိုတာကို ဗုဒ္ဓဟောကြားထားတာ အံ့သြစရာ သိပ်ကောင်းတာ ပဲ။ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ထိုးထွင်းပြီးမှ သိမြင်ထားတာတွေ သမိုး ကြားနာရရင် အံ့အားသင့်နေမှာပဲ။

● အမိန့်ရှိပါဘုရား။

○ အရင်းခံ သဘောကတော့ လိုချင်တာ တပ်မက်တာဟာ လောဘပဲကွဲ့။ ဒီလောဘကို အကြောင်းခံပြီး ဖြစ်လာတဲ့ ပူလောင်စေတဲ့ တရားတွေ ပုထုဇဉ်ကို မနေသာ မထိုင်သာအောင် နှိပ်စက်တဲ့ တရားတွေကတော့ သိပ်များ တယ်။ လောဘကြောင့် -

(၁) စွဲလမ်းခြင်းသဘော 'ရာဂ' ဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၂) အပြင်းအထန် စွဲလမ်းခြင်း 'သာရာဂ' ဖြစ်လာတဲ့အခါ လူ့စိတ်ဟာ ဘယ်လိုနေမလဲ၊ အိပ်မရ၊ စားမဝင် ရင်ပူနာ ကပ်မလာဘူးလား။

● ကပ်လာပါတယ် ဘုရား။

○ လောဘကြောင့် သတ္တဝါတို့ရဲ့ စိတ်ဟာ မြင်ရကြားရ နံရစားရ အာရုံအမျိုးမျိုးရဲ့ ဆွဲဆောင်ခြင်းကို ခံရတယ်။ အာရုံ ဆွဲဆောင်လာတဲ့ အခါ မဆန့်ကျင်နိုင်ဘူး။ ရုန်းမထွက်နိုင်ဘဲ လိုက်ပါသွားတယ်။

● အင်း… နက်နဲလိုက်တာနော် ဘုန်း။

○ အိုး… ဒါထက် အများကြီး နက်နဲဦးမယ်။ နားထောင်၊ အာရုံမြင်ရင် လိုချင်တယ်။ အဲဒီ လိုလားတဲ့ သဘောဟာ လောဘရဲ့ သဘောပဲ။ ဒါ ဘာကြောင့် လိုချင်သလဲဆိုတော့ နှစ်သက်ခြင်းဆိုတဲ့ နန္ဒီသဘောကြောင့် ပေါ့။ အဲဒါလည်း လောဘရဲ့ အခြင်းအရာပဲလေ။ မြင်ရင် ကြားရင် နှစ်သက်ရုံ တင် မကဘူး။ နှစ်သက်တာကို မေ့ပျောက်ပစ်လို့ မရဘူး။ စွဲလမ်းသွားရော၊ အဲဒါကို 'နန္ဒိရာဂ' လို့ ခေါ်တယ်။ လောဘပဲ၊ နောက်ကျတော့ တနုံ့နုံ့ စဉ်းစား ရင်းက လောဘကြောင့် ဒီအာရုံကို ဖျောက်ဖျက်ပစ်လို့ မရဘူး။ အပြင်းအထန် စွဲလမ်းလာရော မဟုတ်လား။

● ဟုတ်တယ်နော်၊ အစ်မကြီး စင်ကာပူက ပြန်လာတုန်းက သူ့မှာ အရူး အမူး စွဲလမ်းတာတွေ ပါလာတယ်။ ဘုန်းဘုန်းက ဒါစိတ်ရောဂါ ဖြစ်သွားပြီဆိုတာ သိလို့ အချိန်မီ ကုသလိုက်လို့ ဒီရောဂါ ပျောက်သွား တာနော်။ မဟုတ်ရင် သူ သွက်သွက်ခါအောင် ရူးသွားမယ်ထင်တယ်။

○ ရူးတယ်ဆိုတာတွေဟာ အဲဒီ 'စိတ္တသသရတာ' ဆိုတဲ့ စိတ်ရဲ့ ပြင်းစွာ စွဲလမ်းမှုကြောင့် ဖြစ်တာပေါ့။ လောဘဟာ အာရုံမှန်သမျှကို လိုလား တယ်။ လိုချင်အားကြီးလွန်းလို့ မိန်းမောမှုတောင် ဖြစ်တယ်။ မရရင် ကိုယ့်ကိုယ် ကိုယ်တောင် သတ်သေပစ်ဖို့ ဝန်မလေးဘူး။ ဆင်ခြင်ဉာဏ်နဲ့ သတိသမ္ပဇဉ် လုံးဝ ကင်းစင်သွားအောင်တောင် လုပ်တတ်တယ်။

● ကြောက်စရာ ကောင်းလိုက်တာနော်။

○ ဒီသဘောတွေကို ဘယ်စိတ်ပညာရှင်မှ ဒီလောက် ထိုးထွင်းပြီး မသိဘူး၊ ခေတ်သစ်စိတ်ပညာမှာက စိတ်ဆိုတာ ဘာလဲ ဆိုတာရယ်။ ဘယ်မှာ စိတ်ရှိသလဲ ဆိုတာရယ်။ အဲဒီ စိတ်ကို ထိန်းချုပ်နိုင်တဲ့နည်း၊ ပြုပြင်နိုင်တဲ့



နည်းတွေကို ရှာဖို့ဘက်ကို ပိုပြီး အားသန်တယ်။ ဒါကြောင့် ကိလေသာရဲ့ အဆာကျယ်ပုံတွေကို မြတ်ဗုဒ္ဓလို ထိုးထွင်းပြီး မသိဘူး။ ဓမ္မသင်္ဂဏီ ခေါ်တဲ့ အဘိဓမ္မာကျမ်းမှာ ဟောထားတဲ့ တရားတွေဟာ အလွန် နက်နဲတယ်။

● လောဘရဲ့ သဘောကို ပြောပါဦး ဘုရား။ စိတ်ဝင်စားစရာ သိပ်ကောင်း တာပဲ။

○ လောဘဟာ ရလေလိုလေပဲ။ အကြွင်းအကျန် မရှိ အကုန်ကို လိုချင် တယ်။ ကျေးဇူးရှင် မန်လည်ဆရာတော်ကြီးက လောဘ အလိုကြီးတိုင်း ပိုတယ်လို့ ရေးခဲ့တယ်။ အကြွင်းအကျန် ရှိနေသမျှ ဘယ်တော့မှ မရောင့်ရဲဘူး။ မတင်းတိမ်ဘူး။ အကုန်ကို လိုချင်တာပဲ။ တပ်မက်ခြင်းအား အလွန်ကြီးတယ်။ တပ်မက်ခြင်းနယ် အလွန်ကျယ်တယ်။ ပတ်ဝန်းကျင် အားလုံးကို မလိုချင်တာ ဘာမှ မရှိဘူး။ တစ်ခုရရင် ပြီးရောပေါ့။ မပြီးဘူး နောက်ထပ် လိုချင်တယ်။ မရခင် ဒါကို လိုချင်တယ်။ အဲဒါကို လိုချင်တယ်။ လိုချင်တာ ရပြီးရင် နောက်ထပ် အသစ်အဆန်း ပေါ်လာရင် အဲဒါတွေကို လိုချင်ပြန်ရော၊ မရသေး တာ မှန်သမျှကို လိုချင်တယ်။ လောဘကြောင့် ကပ်ငြိ တွယ်တာခြင်း ဖြစ်တယ်။ လောဘဟာ ရွံ့ညွန်လိုပဲ နစ်မြုပ်စေခြင်း သဘောရှိတယ်။ ဖြစ်ချင် တာကို ပါအောင် ဆွဲငင် ယူဆောင်ခြင်း သဘောလည်း ရှိတယ်။ လောဘမှာ လှည့်ပတ်ခြင်းသဘော မာယာလည်း များတယ်။ ဒါကြောင့် လောဘဟာ ဆင်းရဲခြင်းနဲ့ပဲ ယှဉ်တယ်။ သတ္တဝါကို ဝဋ်ဆင်းရဲ၌ တဝဲလည်လည် ဖြစ်အောင် လုပ်တာလည်း လောဘပဲတဲ့။

● အင်း လောဘနယ်ကလည်း ကျယ်လိုက်တာနော်။

○ ဒါတင် ဘယ်ကမလဲ ဟိုဘက်ဘဝက စုတိနဲ့ ဒီဘက်ဘဝက ပဋိသန္ဓေ ကို ဆက်စပ်သွားအောင် ချုပ်စပ်တတ်တဲ့ သဘောဟာလည်း လောဘ ပဲတဲ့။ ဝဋ်ဆင်းရဲသို့ ဆွဲဆောင် ယူငင်သွားတတ်တဲ့ အတွင်လုပ်သော ရေအယဉ် ရှိတဲ့ မြစ်နဲ့လည်း တူသတဲ့။ လောဘဟာ အဆိပ်နဲ့လည်း တူတယ်တဲ့။ အကျိုးမဲ့ သို့ ရောက်အောင် နှောင်ဖွဲ့ ပစ်ချတတ်တာလည်း လောဘပဲတဲ့။ အာရုံ မြင်မြင်သမျှ အပေါ် ပျံ့နှံ့တဲ့ တပ်မက်ခြင်း သဘောရှိတာလည်း လောဘပဲ။

● မြင်မြင်ရာ ရူပါရုံတွေ အကုန်ကို လိုချင်တဲ့ စိတ် ပျံ့သွားတာကို ဆိုတာ လား ဘုန်း။

www.burmeseclassic.com



○ ဟုတ်တယ်။ လောဘက ဒါ မြင်ရင် ဒါကို လိုချင်တယ်။ ဟိုဟာမြင်ရင် ဟိုဟာကိုလည်း လိုချင်တယ်။ မြင်မြင်သမျှ ရူပါရုံ အားလုံးကို လိုချင်စိတ်က ပျံ့နှံ့ ရောက်ရှိသွားတာပဲ မဟုတ်လား။

● ဟုတ်တာပေါ့။ သိပ်ဟုတ်တာပဲနော်။ စဉ်းစားကြည့်မှ လောဘတစ်လုံးရဲ့ နှိပ်စက်မှုက ဘယ်ဆုံးနိုင်ပါ့မလဲ။

○ လောဘဟာ အာရုံမရှိရင် မနေနိုင်ဘူး။ အာရုံ မှန်သမျှကို ရအောင် အားထုတ်တတ်တဲ့ သဘောရှိတယ်။ ဖြစ်ရာ ဘဝတိုင်းမှာလည်း လောဘဟာ မိမိရဲ့ ချစ်နှစ်သက်တဲ့ အဖော် ဖြစ်နေတယ်တဲ့။ သတ္တဝါတွေကို ဘဝသို့ ဆွဲဆောင်တတ်တဲ့ ဘဝကြိုးနဲ့လည်း တူသတဲ့။ ဒါပေမဲ့ လောဘကြောင့် ချမ်းသာကို မရနိုင်ဘူး။ အကျိုးမဲ့ ဆင်းရဲကိုသာ ရစေတတ်တယ်။ ဒါကြောင့် တောနဲ့ တူတယ်တဲ့။ ဆင်းရဲခြင်းကို အလွန်အမင်း ဖြစ်စေတာလည်း လောဘပဲတဲ့။

● ဒါကြောင့် အရိယာသူတော်စင်တွေက လောဘ မရှိခြင်းကို ချမ်းသာတယ်လို့ ပြောတာပဲ ထင်ပါရဲ့။

○ ဒီစကားကို ပုထုဇဉ် နားမလည်နိုင်ဘူး။ သူတို့က လောဘရှိမှ ချမ်းသာတယ်လို့ ထင်နေကြတယ်။

● ဒါကတော့ ရုပ်ဝတ္ထုပစ္စည်း ပေါပေါများများရမှ လောကမှာ ချမ်းသာတယ် ထင်တာပါ။ ဒီပစ္စည်းတွေကို လိုချင်တပ်မက် စွဲလမ်းလို့ သောကရောက်ရတာတွေ။ ဒါတွေကို ရလေလိုလေ ဖြစ်ပြီး လောဘရဲ့ ဆွဲဆောင်ရာ လိုက်ရင် အမောဆိုက်နေကြတာကိုမှ ထည့်မတွက်တာပဲ။

○ ငါ့သမီးက ဉာဏ်ရင့်လာပြီပဲ။ ချမ်းသာ အတုနဲ့ ချမ်းသာ အစစ်ကို ခွဲခြားတတ်လာပြီပဲ။

● လောဘရဲ့ သဘောတွေ ပြောဖို့ ကျန်သေးလား ဘုန်း။

○ အများကြီး ကျန်သေးတယ်။ မှတ်ရလွယ်အောင် ဇယားချပြီး ပြောမှဖြစ်မယ်။

- ချစ်ကြိုက် ပေါင်းဖော် ရောနှောခြင်းဟာလည်း လောဘပဲ၊
- ချစ်ကြိုက်လို့ ငံ့ကွက် တွယ်တာတာဟာလည်း လောဘပဲ၊
- နှောင်ဖွဲ့တတ်တာဟာလည်း လောဘပဲ၊



- တောင့်တတာ၊ တမ်းတတာ၊ လွမ်းတာလည်း လောဘပဲ၊
- အဆင်း၊ အနံ့၊ အရသာ၊ အသံ၊ အတွေ့အာရုံ အားလုံးကို တောင့်တတာ၊ ပစ္စည်းဥစ္စာ တောင့်တမှု၊ သားသမီး၌ တောင့်တမှု၊ အသက်ရှင်ခြင်း၌ တောင့်တမှု၊ ကျန်းမာခြင်း၌ တောင့်တခြင်း သဘောတွေဟာလည်း လောဘချည်းပဲ၊
- ငါဟာ ငါ့ဥစ္စာလို့ ပြောဆိုစေတတ်တဲ့ တပ်မက်မှုသဘော၊ အချိန်ရှိ သရွေ့ ငါဟာ ငါ့ဥစ္စာလို့ ပြောဆိုစေတတ်တဲ့ တပ်မက်ခြင်း သဘောဟာလည်း လောဘပဲကွဲ့၊
- အမြီးနံ့သော ခွေးလိုပဲ။ လာဘ်လာဘ၌ တပ်မက် တုန်လှုပ်တဲ့ သဘောဟာလည်း လောဘပဲတဲ့၊
- မသင့်လျော်သော အရာ၌ တပ်မက်ခြင်း အဓမ္မရာဂဟာလည်း လောဘပဲ။ အဆမတန် လိုချင်အားကြီးမှု ဝိသမလောဘ၊ မျှော်လင့်ခြင်း၊ တောင့်တခြင်း၊ ချစ်ခင်ခြင်းဟာလည်း လောဘပဲ၊

● ကျယ်လိုက်တာနော်။

○ မကုန်သေးဘူး။ ဝဋ်ဆင်းရဲမှာ နစ်မြုပ်စေတတ်ခြင်း သဘော 'ဩဃ' ဟာလည်း တရားကိုယ်အားဖြင့် လောဘပဲ။

- ဝဋ်ဆင်းရဲမှာ ယှဉ်စေတွဲစေတတ်တဲ့ ယောဂဟာလည်း လောဘပဲတဲ့၊
- ဝဋ်ဆင်းရဲမှာ ဆက်စပ်ထုံးဖွဲ့ခြင်း ဂန္ထ ဟာလည်း လောဘပဲ၊
- သတ္တဝါတွေကို ဝဋ်ဆင်းရဲမှာ နှောင်ဖွဲ့စေတတ်တာလည်း လောဘပဲ၊
- စိတ်ကို ကပ်ပြီး ညစ်နွမ်းစေတတ်သော သဘောဟာလည်း လောဘတရားကိုယ်ပဲတဲ့၊
- ဆင်းရဲခြင်းရဲ့ အခြေအမြစ် ဒုက္ခမူလဟာလည်း လောဘပဲတဲ့ကွဲ့၊
- အကုသိုလ်တရားတို့ရဲ့ မူလ အခြေအမြစ် အကုသလမူလဟာလည်း လောဘပဲတဲ့ကွဲ့၊

● အောင်မယ်လေး လောဘတစ်လုံး နယ်ကလည်း သမုဒ္ဒရာလောက် ကျယ်ဝန်းလှပါကလား ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



○ အေး ဒါက သဗ္ဗညုတဉာဏ်တော်ရဲ့ အရာပဲလေ၊ ဘယ်တရားမှာမှ ဒါလောက် မနက်နဲဘူး။

● ဒေါသ အကြောင်းကိုတော့ နောက်နေ့မှပဲ အမိန့်ရှိပါတော့ ဘုရား။ ဆွမ်းစားချိန် နီးနေပြီနော်။

❑

BURMESE CLASSIC .com

## ကိလေသာဆယ်ပါး (အဆက်)

သဗ္ဗညုတဉာဏ်၏ နက်ရှိုင်းပုံကို တွေးမိတိုင်း ကျွန်မ အံ့သြနေမိပါသည်။ ဓမ္မ(တရား)၏ နယ်ကလည်း ကျယ်ဝန်းလွန်းလှပါသည်။ ဤတရားများ အားလုံးသည် ဗဟိဒ္ဓမှာ ရှာရသော တရားများ မဟုတ်ပါ။ အတွင်းအဇ္ဈတ္တမှာ ဖြစ်သော တရားများချည်း ဖြစ်ပါသည်။ ထိုအခါ ကိုယ့်အကြောင်းကို ကိုယ် အကုန်အစင် သိဖို့ မလွယ်ပါကလားဟု အောက်မေ့ပြီး ဓမ္မ၏ ကျယ်ဝန်းပုံ၊ နက်ရှိုင်းပုံကို ကျွန်မ အထူး စိတ်ဝင်စားလာပါတော့သည်။

ယနေ့လည်း ဖေဖေ (ဘုန်းဘုန်း) ကို ဆွမ်းပို့ရန် ကျွန်မတို့ သားအမိ စောစော သွားကြပါသည်။ တရား ဆွေးနွေးဖို့ အချိန်ပိုရရန် ဖြစ်ပါသည်။ ဘုန်းဘုန်း၏ ကျန်းမာရေး အခြေအနေမှာ ပိုကောင်းလာသည်ဟု ထင်ရပါသည်။ ဖေဖေ ရှိနေသေးသရွေ့ ကျွန်မအတွက် နေမင်းကြီး ထွန်းလင်းနေဆဲ ဖြစ်ပါသည်။ ဘုန်းဘုန်း၏ ဘွဲ့အမည်မှာ အရှင်အာဒိစ္စရံသီ (နေမင်း၏ အလင်းရောင်) ဖြစ်ပါသည်။

ဘုန်းဘုန်းထံ ရောက်လျှင်ရောက်ချင်း ဆွမ်းချိုင့်များကို ဇော်ရာမှာ ချထားပြီး ဘုန်းဘုန်း သီတင်းသုံးနေသော နေရာကို သွားပါသည်။

○ မနေ့က မဆုံးသေးတဲ့ ကိလေသာဆယ်ပါး အကြောင်းကို ဒီကနေ့ ဆက်ပြီး ဆွေးနွေးမလို့လား။

● တင်ပါ့၊ မနေ့က ရပ်ထားခဲ့ရတာ၊ ရင်ထဲမှာ မချင့်မရဲ ဖြစ်ရပါတယ် ဘုရား။

○ အေးလေ၊ အသိတစ်ခုက အဆုံးမသတ်ဘဲ ဖြတ်ထားခဲ့ရတာကြီး၊ ကဲ ထားတော့၊ ဒီကနေ့ (၂) ဒေါသအကြောင်းကို ဆက်ပြောမယ်။

www.burmeseclassic.com

www.burmeseclassic.com



● တင်ပါ့။ ဒေါသ သဘောရဲ့ အကျယ်ကို အမိန့်ရှိပါ ဘုရား။

○ ဒေါသရဲ့ သဘောက ဖျက်ဆီးလိုမှု၊ ပြစ်မှားမှုပဲကွဲ့။ ငါရဲ့ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီဆိုပြီး ရန်ငြိုးဖွဲ့တာလည်း ဒေါသပဲ။ အာဃာတလည်း ဒေါသပဲ၊ ရန်ငြိုးဖွဲ့ရာမှာ အတိတ်ကာလကလည်း ငါရဲ့ အကျိုးမဲ့ကို ပြုခဲ့ပြီ။ ခုလည်း ပြုနေဆဲ၊ နောင်အခါလည်း ပြုဦးမှာပဲ ဆိုပြီး အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံးမှာ ရန်ငြိုးဖွဲ့တတ်တယ်။ ကိုယ့်အပေါ်မှာ ပြုကျင့်ခဲ့တဲ့ အကျိုးမဲ့ ပြုမှုအပေါ်မှာသာ ရန်ငြိုးဖွဲ့တတ်တာ မဟုတ်ဘူး။ ကိုယ့်မိတ်ဆွေ၊ ကိုယ်ရဲ့ ချစ်ခင်သူအပေါ်မှာ အကျိုးမဲ့ ပြုရင်လည်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးနှင့် စပ်လျဉ်းပြီး ရန်ငြိုး(အာဃာတ) ပြုတတ်တယ်။ ပြီးတော့ ကိုယ်မချစ်ခင်သူ၊ မုန်းတီးသူရဲ့ အကျိုးကို ဆောင်ရွက်ရင်လည်း ထိုသို့ ဆောင်ရွက်သူအပေါ် ရန်ငြိုးဖွဲ့တတ်ပြန်သေးတယ်။

- ရန်ငြိုးဖွဲ့ရာမှာလည်း အလွန်အမင်း ရန်ငြိုးဖွဲ့တတ်တာလည်း ရှိတယ်။ ပဋိဃာတလို့ ခေါ်တယ်။ ပဋိဃ ဆိုတာက ထိပါးတာ၊ မုန်းထားတာပဲ။ ဒေါသကြောင့် အလွန်အမင်း ဆန့်ကျင်တာလည်း ရှိတယ်။ အမျက် ထွက်တယ်၊ စိတ်ဆိုးတယ် ဆိုတာလည်း ဒေါသပဲ မဟုတ်လား။

● ဟုတ်ပါတယ် ဘုရား၊ တော်တော် ကြောက်ဖို့ ကောင်းပါတယ် ဘုရား။

○ အေး သိပ်ကို ကြောက်စရာ ကောင်းတယ်။ ဒေါသ ဖြစ်လာရင် ဖျက်ဆီး ချေမှုန်းပစ်ချင်တာပဲလေ၊ အလွန်အမင်း ပြစ်မှားလိုခြင်း ဖြစ်တာပဲ၊ ကိုယ်မုန်းတီးသူရဲ့ ပျက်စီးခြင်း ဆုံးရှုံးခြင်း၊ နစ်နာခြင်း၊ ဘဝပျက်ခြင်းကို မြင်ရကြားရရင် အားရဝမ်းသာ ဖြစ်တယ်။ ဒါလည်း ဒေါသကြောင့် ဖြစ်တဲ့ စိတ်ရဲ့ ပျက်စီးခြင်းသဘော၊ ဖောက်ပြန်ခြင်း သဘောပဲလေ။

- ဒေါသကြောင့် စိတ်ဟာ ကြမ်းတမ်း ခက်ထန်လာတယ်။
- ဒေါသကြောင့် စကား ပြောတဲ့အခါမှာလည်း ကောင်းကောင်းမွန်မွန် ပြည့်ပြည့်စုံစုံ မပြောနိုင်တော့ဘူး။
- ဒီအချိန် (ဒေါသဖြစ်ချိန်)မှာ မိမိ စိတ်ဟာလည်း ပင်ကို ပကတိ စိတ် မဟုတ်တော့ဘူး။ ဘီလူးစိတ်၊ သရဲစိတ်လို ဖြစ်လာတယ်။ စိတ် ဖောက်ပြန်လာတာပေါ့။ စိတ်ထဲမှာ မနှစ်မြို့ခြင်း၊ မလိုလားခြင်းသာ ထင်ရှားရှိနေတာဟာလည်း ဒေါသရဲ့ သဘောပဲကွယ်။



● အင်း နှစ်ပေါလိုက်တာ၊ စိတ်အစဉ်ကို အကုန်အစင်လိုက်ပြီး မြင်နေတာ ပဲနော် ဘုန်း။ မြင်နေရုံတင် မကဘူး။ မြင်သမျှ စိတ်အစဉ်ကို ဖော်ပြနိုင်တဲ့ စကားလုံးတွေ သုံးနှုန်းထားတာကလည်း အံ့သြစရာပါပဲ ဘုရား။

○ အေး အဲဒါ မြတ်ဗုဒ္ဓရဲ့ ကြီးကျယ် မြင့်မြတ်တဲ့ ဂုဏ်တွေပဲပေါ့။ အနှိုင်းမဲ့ပဲ။ အတုမရှိ ဆိုတာ ဒါပဲပေါ့။

● (၃) မောဟကိလေသာရဲ့ အကျယ်ကို အမိန့်ရှိပါဦး ဘုရား။

○ အမှန် သဘောကို မသိတာ၊ တွေဝေတာကို မောဟလို့ ခေါ်တယ်။ သစ္စာလေးပါး မြတ်တရား (ဒုက္ခသစ္စာ၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ၊ ဒုက္ခချုပ်ကြောင်း နိရောဓသစ္စာ၊ ဒုက္ခချုပ်အောင် လုပ်နည်း မဂ္ဂသစ္စာ)ကို မသိတာ၊ မောဟ(အဝိဇ္ဇာ)ပဲ။ ပြီးတော့ သံသရာမှာ ရှေးက ဖြစ်ခဲ့ဖူးပြီးတဲ့ ခန္ဓာအစဉ်ကိုလည်း မသိဘူး။ နောင် ဖြစ်လတ္တံ့သော ခန္ဓာအစဉ်ကိုလည်း မသိဘူး။ 'ပုဗ္ဗန္တေ ပရန္တေ အညာဏ' တဲ့။ ဒါဖြင့် ဇာတိဆိုတဲ့ အကြောင်းကို စွဲ၍သာ ဇရာ၊ မရဏအကျိုးတွေ ဖြစ်နေရတာပဲ ဆိုတာကိုလည်း မသိဘူး။ ပစ္စုပ္ပန်မှာ ရထားတဲ့ ခန္ဓာငါးပါးဟာလည်း အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲလို့ မသိဘူး။ အဲဒီ ခန္ဓာငါးပါး (ရုပ်နာမ်နှစ်ပါး)ကို ငါပဲ၊ သူပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲလို့ မှားယွင်းစွာ သိမြင်နေခြင်းသည်လည်း မောဟပဲတဲ့ အကောင်းအဆိုးကို မဝေခွဲတတ်၊ မပိုင်းခြားတတ်တဲ့ သဘောသည်လည်း မောဟပဲတဲ့။ စိတ်ရဲ့ ဖြူစင်သန့်ရှင်းမှုကို မသိခြင်းသဘော၊ လူမိုက်ဖြစ်ခြင်း အကြောင်းကို အပြားအားဖြင့် မသိခြင်းသဘော၊ ထက်ဝန်းကျင် တရားအားလုံး၌ မသိခြင်း၊ တွေဝေခြင်းကြောင့် ဝဋ်ဆင်းရဲမှာ နစ်မျောရခြင်းဟာလည်း မောဟပဲ။ စိတ်မှာ ကိလေသာတွေ ထကြွ သောင်းကျန်းခြင်းကိုလည်း မသိခြင်း သဘောဟာ မောဟပဲ။ ဒီတော့ ဒီမောဟဟာ တံခါးကျင်(မင်းတုပ်)လိုပဲ စီးပွားချမ်းသာသို့ မရောက်အောင် ပိတ်ပင် တားဆီးတတ်ပါသတဲ့။ ဒါကြောင့် မောဟသည် အကုသိုလ်တရားတို့ရဲ့ မူလ အခြေခံပဲတဲ့၊ ကဲ ရှင်းပလား။

● အများကြီး ရှင်းသွားပါပြီ ဘုရား။ နောက်ကိလေသာက (၄) မာန မဟုတ်လား ဘုရား။

○ အိမ်း ဟုတ်တာပေါ့။ ဒီမာနဟာလည်း တရားဆိုး တစ်မျိုးပဲ။ ပင်ကို သဘောကတော့ ငါသာလျှင် မြတ်တယ်၊ ငါသာလျှင် တတ်တယ်လို့ စိတ်ကြီးဝင်ပြီး ထောင်လွှားခြင်း မောက်မာခြင်းဟာ မာနပဲ။

www.burmeseclassic.com



- မာနရဲ့ အကျယ်သဘောကိုလည်း လူငယ်များကို ငဲ့ညှာသောအားဖြင့် ဖွင့်ပြပေးပါဦး ဘုရား။

၁ စိတ်ထောင်လွှားတာ မာန၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတာ၊ အဆင့်အတန်းအားဖြင့် မြင့်မြတ်တယ်လို့ ထင်မှတ်တာလေ။ ဒီနေရာမှာ ဘုရားက ကိုယ့်ကိုယ်ကိုယ် အဆင့်အတန်း မြင့်တယ်၊ အဆင့်အတန်း တန်းတူဖြစ်တယ်၊ အဆင့်အတန်း နိမ့်တယ်လို့ ထင်ပြီး၊ ကိုယ့်ထမင်း ကိုယ်စားတာ ဘယ်သူ့ကိုမှ ဂရုစိုက်စရာ မလိုဘူးလို့ သဘောထားတာ၊ ထောင်လွှားတာတွေ အားလုံးဟာ မာနချည်းပဲတဲ့ကွဲ့။ ကိုယ့်ကိုယ်ကိုယ် စိတ်ကို မြှောက်ပင့်ထားတာ၊ တံခွန်ထူးထားတာ၊ တံခွန်မှန်ကင်းလို ဘဝင်မြင့်နေတာတွေ အားလုံးဟာ မာနချည်းပဲတဲ့။ စိတ်ဖောက်ပြန်ပုံ တစ်မျိုးပဲပေါ့။ ဒါကို အနောက်တိုင်းသား စိတ်ပညာရှင်တွေက စိတ်ပိုင်းဆိုင်ရာ ဖောင်းပွမှု Psychic Inflation လို့ ခေါ်ကြတယ်။ ငွေဖောင်းပွတာဟာ ငွေတန်ဖိုးကျတာပဲ မဟုတ်လား။

- ဟုတ်ပါတယ် ဘုရား။

၁ အေး Psychic Inflation စိတ်ဖောင်းပွတာဟာလည်း စိတ်ရဲ့ တန်ဖိုးကျခြင်း သဘောတစ်ခုပဲပေါ့။

- ရှင်းပါပြီ ဘုရား။ စိတ်ဖောက်ပြန်ခြင်း တစ်မျိုးပဲလို့ ယူဆရင်လည်း ရမယ် ထင်ပါတယ် ဘုရား။

၁ အေး ရတယ်။ ပင်ကိုစိတ် မဟုတ်ဘူး။ စိတ်ရဲ့ ညီညွတ်ခြင်း ကင်းမဲ့သွားတာကြောင့် စိတ်ဖောက်ပြန်တာပဲ ဆိုရမှာပေါ့။ ထောင်လွှားတဲ့ မာနက ကိုယ့်စိတ်ကို အပေါ်ကို မြှင့်တင်ပေမဲ့၊ တင်ပုံမဟုတ်တော့ တန်ဖိုးကျသွားတဲ့ သဘောပဲကွဲ့။

- ရှင်းပါပြီ ဘုရား။ (၅) ဒိဋ္ဌိကို ရှင်းပြပါဦး ဘုရား။ ပိုပြီး စိတ်ဝင်စားဖို့ ကောင်းလာပါပြီ ဘုရား။

၁ ဒိဋ္ဌိဆိုတာက အမြင်မှားခြင်းကို ဆိုလိုတယ်။ လူတွေမှာ လောက အမြင်အမှားတွေ (မိစ္ဆာဒိဋ္ဌိ)တွေ အလွန်များတယ်။ ဗုဒ္ဓပွင့်စဉ် အခါက အိန္ဒိယပြည်မှာ ဒိဋ္ဌိ ၆၂ မျိုး ရှိခဲ့တယ်လို့ ဗြဟ္မဇာလသုတ်မှာ ဟောတော်မူခဲ့တယ်။ ဒီဃနိကာယ်၊ သီလက္ခန်မှာ ပါတယ်။

- အမှန်ကတော့ လောက (ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး) ဟာ မြဲတယ်၊



- လောကဟာ မမြဲဘူး၊
- လောကဟာ အဆုံး အပိုင်းအခြား ရှိတယ်၊ (finite. limited)
- လောကဟာ အဆုံး အပိုင်းအခြား မရှိဘူး၊ (infinite, unlimited)
- ခန္ဓာကိုယ်ထဲမှာ အသက်ဇီဝ ရှိတယ်၊
- ခန္ဓာကိုယ်က တခြား၊ အသက်ဇီဝက တခြား ဖြစ်တယ်၊
- သတ္တဝါ သေပြီးရင် ဖြစ်သေးတယ်၊
- သတ္တဝါသေပြီးရင် နောက်ထပ် မဖြစ်တော့ဘူး၊
- သတ္တဝါ သေပြီးရင် ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်၊
- သတ္တဝါ သေပြီးနောက် ဖြစ်တာလည်း ရှိ၊ မဖြစ်တာလည်း ရှိ၊ ဒီလို မြင်တဲ့ အမြင်မှား ၆၂ ပါးကို ဒိဋ္ဌိလို့ ခေါ်တယ်။ အမြင်မှန်ကို ပိတ်ပင်တားဆီးတဲ့ တရားတွေပဲ၊ အမြင်မှန်ကို မရောက်နိုင်အောင် ခက်ခဲစေတဲ့ တရားတွေမို့ တောအုပ်လိုပဲတဲ့၊ အမြင်မှားမှုဟာ ခရီးခဲ 'ဒိဋ္ဌိကန္တာရ' လို့လည်း ခေါ်တယ်။ အမြင်မှန်ကို ဖောက်ထွင်း ဖျက်ဆီးတတ်တဲ့ သဘောဟာ အမြင်မှားဒိဋ္ဌိပဲ။ ဖောက်ပြန်တဲ့ အမြင်ပဲ။ တုပ်နှောင်တတ်တဲ့ သဘောဟာလည်း ဒိဋ္ဌိပဲတဲ့။ အာရုံကို မှားသောအားဖြင့် သုံးသပ်တတ်တယ်၊ စွဲယူတတ်တယ်၊ အယူသီးတတ်တယ်၊ ဒိဋ္ဌိဟာ မှားသော ခရီးလမ်းကြောင်း ဖြစ်တယ်။ အကျိုးမဲ့ ဖြစ်စေတဲ့သဘော၊ ဖောက်ပြန်တဲ့ အမြင်သည် ဒိဋ္ဌိပဲကွဲ့၊ ဒါလောက်ဆိုရင် သဘောကျရောပေါ့။

- သဘောကျပါပြီ ဘုရား။ ဉာဏ်မှာ သဘောကို ထင်မြင်တတ်ပါပြီ ဘုရား။ (၆) ဝိစိကိစ္ဆာကို ရှင်းပြပါဦး ဘုရား။

၁ ယုံမှားတာ၊ ဒွိဟသံသယ ဖြစ်တာဟာ ဝိစိကိစ္ဆာသဘောပဲ။

- အကျယ်ကို ဖွင့်ပြပါဦး ဘုရား။

၁ အေး... ဘုရားအပေါ်မှာ ယုံမှားတာ၊ သံသယဖြစ်တာ ဝိစိကိစ္ဆာပဲ။ (ဗုဒ္ဓဟာ ဘုရားစကန် အမှန်စင်စစ် ဖြစ်ကဲ့လားလို့ မဆုံးဖြတ်နိုင်ဘဲ စိတ်ပင်ပန်းစွာ သို့လော သို့လော ဖြစ်တာမျိုးပေါ့)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



- ဒီလိုပဲ ဓမ္မ၊ ဘုရားဟော တရားတွေ ပေါ်မှာလည်း သံသယ ဖြစ်တာ၊ ယုံမှားတာ၊ ဝိစိကိစ္ဆာပဲ။
- သံဃာအပေါ်မှာလည်း ယုံမှားတယ်၊ အကျင့်သိက္ခာ ရှိမှရှိရဲ့လားလို့ သံသယဖြစ်ပြီး တွေးတောတာလည်း ဝိစိကိစ္ဆာပဲ။
- ရှေးဘဝက ဖြစ်ခဲ့ပြီးတဲ့ ခန္ဓာတွေပေါ်မှာလည်း ဟုတ်ပါ့မလားလို့ သံသယဖြစ်တယ်၊ ယုံမှားတယ်။ သေပြီးရင် နောင်ဘဝမှာ ခန္ဓာတွေ ဖြစ်ပါဦးမလားလို့လည်း ယုံမှား တွေးတောတယ်။ ဇရာမရဏ ဖြစ်ရတာဟာ ဇာတိဆိုတဲ့ ပဋိသန္ဓေ နေခဲ့ရခြင်း အကြောင်းကြောင့် ဖြစ်ရတယ် ဆိုတာကိုလည်း ယုံမှားသံသယဖြစ်ပြီး ဟုတ်ပါ့မလားလို့ တွေးတောတယ်။ သဘာဝတရားကို မယုံသင်္ကာဖြစ်လို့ တွေးတောပြန်ရင်လည်း မဆုံးဖြတ်နိုင်လို့ ပင်ပန်းခြင်း ဖြစ်ရတာဟာ ဝိစိကိစ္ဆာပဲကွယ့်။ ဝိစိကိစ္ဆာရဲ့ သဘောက အမှန်နဲ့အမှားကို ပိုင်းခြားပြီး မဆုံးဖြတ်နိုင်ဘူး။ လမ်းနှစ်ခွ ဖြစ်နေတဲ့အတွက် စိတ်မတည်မငြိမ် ဖြစ်ရတဲ့ သဘောပဲ။ ဒါပဲလို့ ယတိပြတ် ဧကန္တအားဖြင့် မဆုံးဖြတ်နိုင်ဘူး။ သို့လော သို့လောနဲ့ ဖြစ်တတ်တာကြောင့် အာရုံမှ ဆုတ်နစ်တတ်တဲ့ သဘောဟာ ဝိစိကိစ္ဆာပဲတဲ့။ ဘယ်ကိစ္စမှာမှ ယတိပြတ် ဆုံးဖြတ်ခြင်းငှာ မစွမ်းတဲ့အတွက် တဝဲလည်လည် ဖြစ်ပြီး၊ ဉာဏ်နဲ့ မသက်ဝင်နိုင်ဘူး။ စိတ်ရှုပ်ထွေးပြီး အာရုံထွေပြားသွားတဲ့ သဘောဟာ ဝိစိကိစ္ဆာပဲလို့ မှတ်ရမယ်။

● တင်ပါ၊ စိတ်အဆင်ကွဲကလေးတွေကို ပီပီသသ ဖော်ပြသွားလိုက်တာ အံ့သြလောက်ပါတယ် ဘုရား။

○ အေး… ဒါဟာ ဗုဒ္ဓမြတ်စွာရဲ့ သဗ္ဗညုတဉာဏ် အရာပဲလေ၊ ကဲ အချိန်ရှိတုန်း (၇) ထိနအကြောင်းကို ဆက်ကြစို့။

● အမိန့်ရှိပါဘုရား။

○ ထိနဆိုတာက စိတ်ရဲ့ မခံ့မှု၊ မခိုင်မာမှု၊ ထိုင်းမှိုင်းမှုပဲ၊ စိတ်ရဲ့မခိုင်ခံ့မှုဆိုတာက ကိစ္စတစ်ခုကို ပြီးမြောက်အောင် မလိုက်လျောနိုင်တာ၊ မဆောင်ရွက်နိုင်တာကို ပြောတာ။ ရှိနေတဲ့ ဣရိယာပုထ်ကို ခိုင်မြဲအောင် မဆောင်ထားနိုင်တာဟာ ပျင်းရိတာပဲ၊ ထိနပဲလေ။ စိတ်ရဲ့ မခံ့မှုဆိုတာက တွန့်ဆုတ်တတ်တဲ့ သဘောပဲ။ ထိနဆိုတာ ဒါကြောင့် စိတ်မကြံ့ခိုင်တာ၊



ထိုင်းမှိုင်းတာ၊ ပျင်းရိတာ၊ စိတ်ဝင်စားမှု လျော့ကျသွားတာ၊ မေ့လျော့ပေါ့ဆပြီး စိတ်ကျဲပြန့်သွားတာကို ပြောတာပဲကွယ်။

● တပည့်တော် ခံစားကြည့်လို့ ရပါတယ် ဘုန်း။

○ အေး ဒါတွေက မိမိကိုယ်မှာ ဖြစ်တတ်တဲ့ တရားတွေပဲဟာ။ တိုက်ရိုက် ခံစားကြည့်လို့ ရတယ်။ သန္ဒိဋ္ဌိကော ဆိုတာပဲ။ You can Know directly by your own experience ပဲ။

● တပည့်တော် ကောင်းကောင်း သဘောပေါက်ပါတယ် ဘုရား။

○ ကဲ ဒါဆို (၈) ဥဒ္ဓစ္စကိုလေသာရဲ့ သဘောကို ပြောကြစို့၊ ဥဒ္ဓစ္စရဲ့ အနက်အဓိပ္ပာယ်က စိတ်ပျံ့လွင့်ခြင်းပဲ ဖြစ်တယ်။ စိတ်ပျံ့လွင့်တယ်ဆိုကတည်းက စိတ်တုန်လှုပ်တာ၊ စိတ်မငြိမ်သက်တာပဲ ဆိုတာ ရှင်းပါတယ်။

● ရှင်းပါတယ် ဘုန်း။

○ စိတ်ဟာ ရှုမှားဆဲ အာရုံ တစ်ခုခုပေါ်မှာ တည်ငြိမ်မနေတော့ဘဲ အထွေထွေ အပြားပြား အာရုံတွေ နောက်ကိုပါပြီး လေလွင့်သွားတာ၊ မျောပါသွားတာဟာ ဥဒ္ဓစ္စပဲ။ အမျိုးမျိုးသော အာရုံတွေ နောက်ကို စိတ်က လိုက်ပါသွားတာ။ သစ်ရွက်ခြောက် လေမှာ လွင့်သလို လွင့်သွားတာမျိုးပေါ့။ ဒါဟာလည်း စိတ် မတည်ငြိမ်တော့၊ မခိုင်မြဲတာ တစ်မျိုးပဲ။ စိတ်လှုပ်ရှားတဲ့ အမူအရာ တစ်မျိုးပဲပေါ့။

● မှန်ပါ တပည့်တော် နားလည်ပါပြီ ဘုရား။

○ နားလည်ရင် အချိန်ရှိတုန်း ဆက်ပြောမယ်။ (၉) အဟိရိက ကာယ ဒုစရိုက် မကောင်းမှု ပြုရတာကို အရှက်မရှိတာ၊ မရှက်တတ်တာပဲကွဲ့။ ဒီသဘောကတော့ နေ့စဉ် ဘဝထဲမှာ ထင်ရှားပါတယ်။ ယုတ်ယုတ်မာမာ အကုသိုလ်တရားတွေကို လွန်ကျူးရခြင်းကို မရှက်တတ်တာဟာ အဟိရိကပဲ။ ရှက်ရကောင်းမှန်း မသိဘူး။ ကိုယ်ပြုနေတာတွေ၊ ကိုယ်ပြောနေတာတွေဟာ၊ ရှက်စရာ ကောင်းနေပြီလို့ မသိဘဲ၊ ဒုစရိုက်တွေ လွန်ကျူးမှုတွေ ပြုနေကြတာတွေဟာ အဟိရိကတွေပဲပေါ့။

● ဒါက နေ့စဉ်ဘဝထဲမှာ သိသာမြင်လွယ်လှပါတယ် ဘုရား။

○ ကောင်းပြီ ဒါဆို (၁၀) အနောတ္တပ္ပကို ပြောမယ်။ ဒါက ဒုစရိုက် မကောင်းမှု ပြုရမှာကို မကြောက်မရွံ့ပဲ ပြုရဲတာ။ ဘောမနီးယားတို့၊

www.burmeseclassic.com

www.burmeseclassic.com



ကိုဆိုဗိုတို့မှာ လူတွေကို အစုလိုက် အပြုံလိုက် လက်ရဲဇက်ရဲ သတ်ဖြတ်နေကြတာ၊ သူတို့က သူတို့ လိုချင်တာ ရဖို့ပဲ အရေးကြီးတယ်။ လူတွေကို သတ်ဖြတ် ညှဉ်းဆဲရမှာကို ဝန်မလေးဘူး။ သူတစ်ပါး အိမ်ရာကို မီးရှို့ဖျက်ဆီးရမှာတို့၊ သူတစ်ပါး သားမယားကို ကျူးကျော် စော်ကားရမှာတို့ကို ဝန်မလေးဘူး။ အကုသိုလ်ကိုလည်း ကျူးလွန်ရမှာကို မကြောက်တတ်ဘူး။ အဲဒါ အနောတ္တပ္ပသဘောပဲကွဲ့။ အစမှ ပြုခြင်း၌ လက်ရဲဇက်ရဲ ရှိတာတွေပေါ့ သမီးရယ်။ အင်း ဒီအရှက်အကြောက် ကင်းမဲ့မှုကြောင့် လူ့ဘဝ မငြိမ်းမချမ်း ဖြစ်နေကြရတာပေါ့။

● မှန်ပါတယ် ဘုရား။

○ ကိလေသာ ဆယ်ပါးရဲ့ သဘောကို သိပြီလား။

● ကောင်းကောင်း နားလည်ပါပြီ ဘုရား။ ကျေးဇူးကြီးလှပါတယ် အရှင်ဘုရား။ သာဓု သာဓု သာဓုပါဘုရား။

□

## ၆

## သမ္မာဒိဋ္ဌိကို နားလည်ခြင်း

ဖေဖေ့ကို ကလျာဏမိတ္တအဖြစ် အမှီပြုရသောကြောင့်လား မသိပါ။ ကျွန်မ၏ နသော ဉာဏ်သည် တဖြည်းဖြည်း ရင့်ကျက်လာသည်ဟု ကိုယ့်ကိုယ်ကိုယ် သတိပြုမိလာပါသည်။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင် တစ်ဦးအနေနှင့် မိမိသည် ထေရဝါဒ ဗုဒ္ဓဘာသာ၏ အခြေခံ အုတ်မြစ်များကို နားလည်သလိုလို နားမလည်သလိုလို နဝေတိမ်တောင် ဖြစ်နေခြင်းကို အားမရပါ။ စာဖတ်များသောကြောင့် ကျွန်မ၏ သုတမယဉာဏ် ကျယ်ဝန်းလာသောအခါ စိန္တမယဉာဏ်ကလည်း အလိုက်သင့် ကျယ်ဝန်းလာသည်ဟု ထင်ပါသည်။ ထို့ကြောင့် ယခင်က ဉာဏ်ကျက်စားခြင်း မပြုနိုင်သော အသိနယ်ထဲကို ကျွန်မ တဖြည်းဖြည်း တိုးဝင်လာပါသည်။ ထိုအခါ မိမိ သိနားလည်သော အသိများသည် မှန်ကန်သော အသိအမြင်များ ဖြစ်ရဲ့လားဟူသော အချက်ကိုလည်း သုံးသပ်ချင်လာပါသည်။ ဖေဖေ(ဘုန်းဘုန်း)နှင့် ဆုံခွင့်ရတုန်းမှာ ကျွန်မ သိလိုသော ကိစ္စများကို မနားတမ်း မေးမြန်းဖို့ စိတ်ဆုံးဖြတ်ခဲ့ပါသည်။ ဘုန်းဘုန်း ရန်ကုန်သို့ ဆေးကုသခံရန် လာသောအခါ ကမ္ဘာအေးကုန်းမြေရှိ ညောင်ရမ်းစေတီဝင်းအတွင်းရှိ သူ့ဒကာကြီး ဦးကိုကိုလေး မှော်ရုံတွင် သီတင်းသုံးပါသည်။ ခြေမသန်သောကြောင့် ဆွမ်းခံခြင်းဝတ်ကို မပြုနိုင်ပါ။ ကျွန်မတို့ သားအမိက ဆွမ်းဝတ်ကို တာဝန်ယူပါသည်။ ထို့ကြောင့် ဘုန်းဘုန်း(ဖေဖေ)ကို တစ်နေ့ တစ်ကြိမ်လောက် တွေ့ခွင့်ရပါသည်။ တွေ့ခွင့်ရတိုင်း ကျွန်မ မေးခွန်းမေးဖို့ ကြိုးစားပါသည်။

● ဘုန်းဘုရား၊ တပည့်တော် မေးပါရစေဦး။

www.burmeseclassic.com

www.burmeseclassic.com



○ အေး၊ အခွင့်ရတုန်းမှာ မေးစရာရှိတာ မေးထား၊ ဘုန်းကြီး သေသွားမှ မမေးလိုက်ရဘူး မဖြစ်စေနဲ့။

● ဘုန်းဘုန်း မသေသေးပါဘူး ဘုရား။

○ ဘယ်နေ့ သေမလဲဆိုတာ မသိပေမဲ့ သေမှာကတော့ မုချပဲ။ ခုကြည့်လေ ရန်ကုန်အထိ လာပြီး သမားတော်ကြီးနဲ့ ဆေးကုနေရပြီ မဟုတ်လား။ ဒီခန္ဓာက စိတ်ချရတာ မဟုတ်ဘူး။ အသက် တစ်ချက်ရှူပြီးတိုင်း နောက်ထပ် ရှူချင်တဲ့ စိတ်တစ်ခု ပေါ်ပေါက်လာလို့ အသက်ရှင်နေရတာ၊ အဲဒီစိတ် နောက်တစ်ခါ မပေါ်ရင် သေပြီ။ သေခြင်းတရားက ခန္ဓာအနားမှာ ကပ်နေတာလေ။

● ဟုတ်တော့ ဟုတ်ပါတယ်ဘုရား။ ဒါပေမဲ့ ပုထုဇဉ်ကတော့ သေခြင်းကိစ္စကို မေ့ထားပြီး၊ မသေသေးဘူးဆိုတဲ့ မျှော်လင့်ချက်နဲ့ အားမကိုးထိုက်တဲ့ ဒီခန္ဓာကို အားကိုးပြီး အသက်ရှင်နေတတ်ကြပါတယ်။

○ အဲဒါ မှန်သလား။

● မမှန်ပေမဲ့၊ အားတော့ ရှိတာပေါ့ ဘုရား။

○ အဲဒီ စိတ်အင်အားက ဂင်္ဂါမြစ်ထဲ မျောလာတဲ့ ဆင်သေကောင်ကို တစ်သက်တာအတွက် ငါ့မှာ စားလို့ မကုန်တဲ့ အစာရပြီလို့ အားကိုးပြီး ဆင်သေပေါ်နားပြီး လိုက်သွားတဲ့၊ ကျီးမိုက်ရဲ့ အားမျိုးလည်း ဖြစ်နေဦးမယ်။

● ဘာပဲဖြစ်ဖြစ် မိုက်မဲခြင်းနဲ့ နေရတာကိုပဲ ပုထုဇဉ်ဟာ နေတတ်သွားလို့ အသက်ရှင်ရတာ အဆင်ပြေနေတယ်လို့ တပည့်တော် ထင်ပါတယ် ဘုရား။

○ အေး သမီး ပြောသလို ပုထုဇဉ်ဟာ အဝိဇ္ဇာနဲ့ နေတတ်အောင် လေ့ကျင့်ထားကြတယ်။ ဘဝကို မျက်ကန်းဘဝနဲ့ လမ်းသွားဖို့လည်း ဝန်မလေးဘူး။ ကျီးမိုက်လိုပေါ့၊ ဆင်သေကောင် သမုဒ္ဒရာထဲ ရောက်ပြီး လှိုင်းပုတ်လို့ မြုပ်သွားတဲ့ အခါကျမှ ကမ်းမမြင် လမ်းမမြင်တဲ့ သမုဒ္ဒရာ ရေပြင်ကြီးထဲမှာ သူ့ခန္ဓာပါ ပျက်စီးရတယ်။ အဲဒါ ဒီလို ဖြစ်လိမ့်မယ်လို့ မသိတဲ့ အဝိဇ္ဇာက သူ့ကို သတ်ပစ်လိုက်တာပဲ မဟုတ်လား။

● ဟုတ်ပါတယ် ဘုရား။

○ ဟုတ်ရင် မှားတဲ့အမြင်နဲ့ အသက်ရှင်သင့်သလား၊ မှန်တဲ့ အမြင်နဲ့ အသက်ရှင်သင့်သလား။



● တင်ပါ၊ မှန်ကန်တဲ့ အမြင် လိုအပ်ပါတယ် ဘုရား။ တပည့်တော်ကလည်း ဒီနေ့ ဘုန်းဘုန်းကို သမ္မာဒိဋ္ဌိအကြောင်း မေးဖို့ စိတ်ကူးပြီး လာခဲ့တာပါဘုရား။ သမ္မာဒိဋ္ဌိ အဖွင့်ကို သိပါရစေဘုရား။

○ အိမ်း အကျယ်ကိုတော့ ကျေးရူးရှင် လယ်တီဆရာတော် ဘုရားကြီး ရေးတဲ့ သမ္မာဒိဋ္ဌိဒီပနီမှာ ကြည့်ပေါ့။ ခုတော့ အကျဉ်းသဘောပဲ ရှင်းပြမယ်။

● တင်ပါ၊ အမိန့်ရှိပါဘုရား။

○ ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဘုရားကြီး ဟောထားတဲ့ တိတ်ခွေလည်း ရှိတယ်။ သမ္မာဒိဋ္ဌိငါးမျိုးတဲ့ အခွေငါးခွေ ရှိတယ်။ အဲဒါလည်း နားကြည့်ပေါ့။ မှော်ပုံတိုက်သစ် ဆရာတော်ဦးသြဘာသရဲ့ သမ္မာမဂ္ဂင်ပညာကျမ်းမှာလည်း သမ္မာဒိဋ္ဌိပညာခန်း ပါတယ်။ လေ့လာကြည့်သင့်တယ်။ ကဲ ဒီတော့ လိုရင်းကို စကြစို့၊ စကြစို့ဆိုတော့ သမီးက ဘာကို အရင်ဆုံး သိချင်သလဲ။ အဲဒါ စဉ်းစားပေါ့။

● သမ္မာဒိဋ္ဌိဆိုတာ ဘာလဲ။ အဲဒါကို သိချင်ပါတယ် ဘုရား။

○ အေး၊ အဲဒီလို ဉာဏ်ထဲမှာ သိချင်တဲ့ ကိစ္စကို ရှင်းထားဖို့ လိုတယ်။ သမ္မာဒိဋ္ဌိဆိုတာက အဘိဓာန်ပုဒ် အနေနဲ့ ပြောရင် သမ္မာက မဖောက်မပြန် မှန်ကန်တာ၊ ဖြူစင်တာ၊ ဖြောင့်မတ်တာ၊ မြင့်မြတ်တာ၊ သန့်ရှင်းတာ၊ ကြည်လင်တာတွေပဲ။ ဒိဋ္ဌိက အမြင်၊ အယူအဆ၊ အကျင့်တရားတွေပဲကွဲ့၊ ဒီတော့ သမ္မာဒိဋ္ဌိကို မဖောက်မပြန် မှန်ကန် ဖြောင့်မတ် ဖြူစင်သန့်ရှင်း အပြစ်ကင်းသော အမြင်၊ အယူအဆ၊ အကျင့်တရားလို့ အဓိပ္ပာယ် သတ်မှတ်နိုင်တယ်။

● အနက်ထွက် အဓိပ္ပာယ်ကိုတော့ သိရပါပြီ ဘုရား။ သမ္မာဒိဋ္ဌိငါးမျိုးလို့ စောစောက ဘုန်းဘုန်း ပြောတာ သမီး ကြားလိုက်ပါတယ်။ သမ္မာဒိဋ္ဌိက အမျိုးမျိုး ရှိလို့လား ဘုရား။

○ အေး ဥပရိပဏ္ဏာသပါဠိတော်တို့ အဋ္ဌကထာတို့မှာတော့ သမ္မာဒိဋ္ဌိ ငါးမျိုး ခွဲပြထားတာ ရှိတယ်။ ပညတ်နယ် သမုတိသစ္စာနယ်မှာ လောက အခေါ်အဝေါ်အားဖြင့် မပစ်ပယ်နိုင်တဲ့၊ မပယ်ကောင်းတို့ ဒသဝတ္ထုက သမ္မာဒိဋ္ဌိ ၁၀ မျိုး ဆိုတာလည်း ရှိသေးတယ်။ ဒါလည်း ဘုရားဟောခဲ့တာပဲကွယ့်။

www.burmeseclassic.com

www.burmeseclassic.com



● အဲဒါတွေကို သိပါရစေ ဘုရား။

○ အေး သိရမှာပေါ့၊ ပထမ သမ္မာဒိဋ္ဌိငါးမျိုးက စပြီး ပြောမယ်။

● တင်ပါ၊ တပည့်တော် မှတ်သားထားပါ့မယ် ဘုရား။

○ သမီးက မှတ်ဉာဏ်ကောင်းတယ်။ မှတ်ထားနော်၊ (၁)က **ကမ္မသကတာ သမ္မာဒိဋ္ဌိ**တဲ့၊ ဗုဒ္ဓရဲ့ အမြင်မှာ သတ္တဝါတွေ ကမ္ဘာသူ ကမ္ဘာသားတွေရဲ့ ဘဝမှာ ကောင်းကျိုး၊ မကောင်းကျိုး ဆင်းရဲချမ်းသာကို ပြုပြင် ဖန်တီးချုပ်ကိုင်နေတဲ့ သိဒ္ဓိရှင်၊ ဖန်ဆင်းရှင်၊ ကယ်တင်ရှင် ထာဝရဘုရားလည်း မရှိဘူးလို့ ယုံကြည်တယ်။ အစ္စလာမ်ဘာသာမှာ 'အင်ရှာအလ္လာဟ်' အလ္လာဟ်အရှင်မြတ်ရဲ့ အလိုဆန္ဒတော်အတိုင်း လူ့ဘဝမှာ ကောင်းကျိုးချမ်းသာ ဆိုးကျိုးဆင်းရဲတွေ ဖြစ်နေရတာလို့ ယုံကြည်တယ်။ ခရစ်ယာန်ဘာသာကလည်း ဘဘုရားရဲ့ အလိုတော် အတိုင်းပဲ ဖြစ်ရတယ်လို့ ဆိုတယ်။

● ဒါဆိုရင် ထာဝရဘုရားသခင်က လူတွေကို ဆင်းရဲဒုက္ခ ရောက်အောင် လုပ်ချင်တဲ့ စေတနာ ရှိနေသလို ဖြစ်နေမှာပေါ့။

○ အေး လူ့ဘဝမှာက တပြေးညီ ကောင်းကျိုးချမ်းသာတွေကို ခံစားကြရတာ မဟုတ်ဘူး။ ဒီတော့ ဆင်းရဲဒုက္ခ ရောက်တာလည်း ဘုရားသခင်ရဲ့ အလိုတော်ပဲ(အင်ရှာအလ္လာဟ်)လို့ ဆိုရင် ဘုရားလည်း အပြစ်မကင်းဘူးပေါ့၊ ဒါကြောင့် ဗုဒ္ဓက ကောင်းကျိုးဆိုးကျိုးကို ဘယ်သူ ဖန်တီးတာမှ မဟုတ်ဘူး။ ဘယ်သူ့ အပေါ်မှ ပုံမချဘူး။ ကိုယ်လုပ်လို့ ကိုယ်ဖြစ်တာ ဆိုပြီး မိမိ ပြုလုပ်ခဲ့တဲ့ ကံကိုသာ အကြောင်းတရားအဖြစ် ဖော်ပြတယ်။ ကံသာလျှင် မိမိဥစ္စာဖြစ်သည်လို့ ယူဆတယ်။ ကံဆိုတာက အလုပ်ပဲ။ အပြစ်ကင်းတဲ့ ကောင်းသောအလုပ် (ကုသိုလ်ကံ)ကို လုပ်ခဲ့ရင် ကောင်းကျိုးချမ်းသာ ဘုံဘဝတွေကို ရရှိ ခံစားရတယ်။ မကောင်းသော အပြစ်မကင်းသော (အကုသိုလ်ကံ)ကို လုပ်ခဲ့ရင်၊ ဆင်းရဲဒုက္ခ အပါယ်ဘုံဘဝတွေကို ရရောက် ခံစားရတယ်လို့ ကံရဲ့အကျိုး (ဝိပါက) ရှိတယ်လို့ ယုံကြည်တယ်။ ဒါကြောင့် ဗုဒ္ဓရဲ့ အဆုံးအမမှာ မကောင်းမှုကိုရှောင်၊ ကောင်းမှုကိုဆောင်၊ စိတ်ကို စင်ကြယ်အောင်ထားလို့ ဆိုထားတယ်။ အဲဒါ ကမ္မသကသမ္မာဒိဋ္ဌိပဲကွဲ့၊ အကျဉ်းအားဖြင့်ပြောတာ။

● သဘောပေါက်ပါပြီ ဘုရား။ ဒုတိယသမ္မာဒိဋ္ဌိကကော ဘုရား။



○ ဒါက မိုးကုတ်ဆရာတော်ဘုရားကြီးက ဈာန်သမ္မာဒိဋ္ဌိလို့ ပြတော်မူတယ်။ သမ္မာမဂ္ဂင်ပဥ္စာကျမ်းမှာတော့ ဝိပဿနာသမ္မာဒိဋ္ဌိကို နံပါတ်(၂)မှာ ပြတယ်။ မိုးကုတ်ဆရာတော်က ဝိပဿနာသမ္မာဒိဋ္ဌိကို အမှတ်(၃)မှာကျမှ ပြတယ်။ ဒါတော့ နည်းနည်း ကွဲတယ်။ ထားပါတော့ ဝိပဿနာသမ္မာဒိဋ္ဌိကိုပဲ အဓိက ထားကြပါစို့။

● တင်ပါ၊ ကောင်းပါတယ် ဘုရား။

○ ဝိပဿနာ အမြင်မှန်က ပရမတ္ထအမြင်မှာ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးပဲရှိတယ်။ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူး။ ငါဆိုတာက အတ္တပေါ့။ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး ဆိုတာက ခုဖြစ်ပြီး ခုပျက်တာမျိုးလေ။ အနိစ္စ မမြဲဘူး၊ ဒုက္ခ ဆင်းရဲတယ်၊ အနတ္တ ငါ သူတစ်ပါး၊ အထည်ဒြပ် ဘာမှ မရှိဘူး။ အတ္တ မရှိဘူး၊ အင်္ဂလိပ်လိုတော့ Insubstantial သဘောပဲကွဲ့၊ ခန္ဓာငါးပါးစလုံးဟာ ဖြစ်ပျက်ပဲ။ တကယ် ရှိတာက နာမ်သဘောနဲ့ ရုပ်သဘောပဲ။ ဒါဟာလည်း အထည်မပါဘူး၊ ဒြပ်မရှိဘူး၊ ရုပ်လည်း မမြဲဘူး၊ နာမ်လည်း မမြဲဘူး၊ မခိုင်မြဲတဲ့ သဘောကြောင့် သူတို့ဟာ ဆင်းရဲခြင်းအစစ် ဒုက္ခချည်း ဖြစ်တယ်လို့ ဉာဏ်ထဲမှာ ပိုင်းခြားပြီး သိတာကို ဝိပဿနာသမ္မာဒိဋ္ဌိလို့ သိရမယ်။ ဖြစ်ပြီး ပျက်နေတဲ့၊ မမြဲတဲ့ မခိုင်မာတဲ့ အနိစ္စရုပ်နာမ်ထဲမှာ ငါဆိုတဲ့ အတ္တ သဘော မပါဘူး။ အနတ္တပဲ၊ ငါ မပါရင် ငါ့ဥစ္စာလို့ ထင်စရာလည်း ဘာမှ မရှိတော့ဘူး။ ငါ ရှိတယ်။ ငါ့ဥစ္စာလည်း ရှိတယ်လို့ ထင်မြင်နေတာက သက္ကာယဒိဋ္ဌိ အမြင်မှားပဲကွဲ့။ အဲဒီ အမှားမြင်မှုကို ပယ်ရှားပြီး ဒုက္ခသစ္စာကို သိမြင်တာဟာ ဝိပဿနာသမ္မာဒိဋ္ဌိပဲလို့ မှတ်ပါ။

● ရှင်းပါတယ် ဘုရား။ တတိယ သမ္မာဒိဋ္ဌိကို ရှင်းပြပါဦး ဘုရား။

○ အဲဒါက (၃)မဂ် သမ္မာဒိဋ္ဌိတဲ့၊ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ ခန္ဓာငါးပါးကို ရှုတဲ့အခါ ခန္ဓာငါးပါး ရုပ်နာမ်တရားထဲမှာ ငါလည်း မပါဘူး။ ငါ့ဥစ္စာလည်း မပါဘူးလို့ သက္ကာယဒိဋ္ဌိ ငါစွဲကို ဖြုတ်ပြီး ရုပ်နာမ်တို့ရဲ့ သဘောမှန်ကို ဝိပဿနာရှုဉာဏ်နဲ့ ရှုနေတဲ့ အချိန်မှာ ယောဂီရဲ့ စိတ်ထဲမှာ ရုပ်တရား၊ နာမ်တရား အားလုံးဟာ ဖြစ်ပျက်ချည်းပဲ ဆိုတာ မြင်လာတယ်။ အဲဒီလို ဖြစ်ပျက်ကို မြင်တယ်ဆိုတာ ဒီခန္ဓာငါးပါးဟာ လက်စသတ်တော့ ဖြစ်ပြီးပျက်တဲ့ ဒုက္ခတွေချည်းပဲလို့ မြင်လိုက်တာပဲ။ အဲဒီလို ဖြစ်ပျက် ဒုက္ခသစ္စာကို သိလိုက်မြင်လိုက်တာက မဂ္ဂသစ္စာပဲ ဝိပဿနာမဂ်နော်။ အဲဒီလို ဒုက္ခကို

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခမှန်း သိလိုက်တော့ ဖြစ်ပေါ်လာတဲ့ မဂ်ဉာဏ်က မသိခဲ့တဲ့ အဝိဇ္ဇာကို ပယ်လိုက်တယ်။ ဒုက္ခကို ဒုက္ခမှန်း မသိခဲ့လို့ လိုချင်တဲ့ တဏှာ(သမုဒယ)တွေ ဖြစ်ခဲ့ကြတာ။ ခုတော့ ဒုက္ခကို ဒုက္ခမှန်း သိပြီ။ ဒုက္ခကို ဒုက္ခမှန်း သိတဲ့အခါ အမြင်မှန်သော ဉာဏ်က ဒုက္ခကို မလိုချင်တော့ဘူး။ အဲဒီလို မလိုချင်တဲ့အခါ ခန္ဓာ ဒုက္ခသစ္စာ(ဖြစ်ပျက်) ကို မုန်းတီး ငြီးငွေ့တဲ့ ဉာဏ်နိဗ္ဗိန္ဒာဉာဏ် ဖြစ်လာတယ်။ ဒုက္ခကို မလိုချင်ရင် တဏှာကိုပယ်ပြီး သမုဒယသစ္စာ သေပြီ။ အဲဒီလို တဏှာဥပါဒါန်ကံကို ပယ်လိုက်ပြီ ဆိုရင် ဖြစ်ပျက် အဆုံးကို မြင်တဲ့ လောကုတ္တရာမဂ်ဉာဏ်သည် ဖြစ်ပေါ်လာတာပဲကွဲ့။ အဲဒါ နိရောဓသစ္စာ နိဗ္ဗာန်ပဲကွဲ့။ ဒုက္ခလောင်စာသိမ်းရင် သမုဒယ မီးငြိမ်းသွားတာပဲ။ အဲဒီလို လောင်စာသိမ်း၊ မီးငြိမ်းခြင်းဟာ ချမ်းသာအစစ်ပဲ။ ဒါ ပထမ သောတာပတ္တိမဂ်ကို ရောက်သွားခြင်းပဲ။ ဒီအခါကျရင် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးထဲမှာ ငါ၊ ငါ့ဥစ္စာဆိုတာ ဘာဆိုဘာမှ မရှိဘူးလို့ စွဲစွဲမြဲမြဲ သိသွားတယ်။ အဲဒါ မဂ္ဂသမ္မာဒိဋ္ဌိပေါ့။ ဟုတ်ပြီလား။

- ● ရှင်းပါတယ် ဘုရား။ ရှင်းပါတယ်ဆိုတာ သမီးက ပဋိစ္စသမုပ္ပါဒ်တရားကိုလည်း လေ့လာထားတယ်။ ဝိပဿနာ အလုပ်ကိုလည်း အားထုတ်ဖူးလို့ ရှင်းတာပါ။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးဆိုတာ ဘာမှန်း မသိတဲ့ အန္ဓပုထုဇဉ်တွေ အနေနဲ့တော့ ရှင်းချင်မှ ရှင်းမှာပါ။
- ○ အဲဒါတော့ မတတ်နိုင်ဘူး။ သဲသဲကွဲကွဲ နားလည်ချင်ရင်တော့ ဒိဋ္ဌိဖြုတ်တဲ့ ပဋိစ္စသမုပ္ပါဒ်ဉာဏ် အမြင်ရအောင်တော့ သင်ကြားရလိမ့်မယ်။
- ● တင်ပါ။ လောလောဆယ် တပည့်တော်နားလည်ဖို့က ပိုပြီး အရေးကြီးပါတယ်။ စတုတ္ထသမ္မာဒိဋ္ဌိကို ရှင်းပြပါဦး ဘုရား။
- ○ အဲဒါ (၄) ဖလသမ္မာဒိဋ္ဌိ (ဖိုလ်သမ္မာဒိဋ္ဌိ) လို့လည်း ခေါ်တယ်။ ဖိုလ်ဆိုတာ မဂ်ကြောင့် ဖြစ်လာတဲ့ အကျိုး(ဖလ)ပေါ့။ ပထမမဂ် ရတာနဲ့ ဖိုလ်ကိုလည်း ရတယ်။ မဂ်ဉာဏ်မဂ်စိတ် နောက်က ကပ်ပြီး တစ်ဆက်တည်း (အကာလိကော) အချိန်ကာလ မခြားဘူး။ ဖိုလ်စိတ် ဖိုလ်ဇော လိုက်လာတယ်။ အင်မတန် ဆန်းကြယ်တဲ့ အတွေ့အကြုံ တစ်ခုပဲ။ လောကမှာ မိမိ တစ်ခါမှ မခံစားဖူးသေးတဲ့ ဆန်းပြားလှတဲ့ အတွေ့အကြုံဟာ ဖိုလ်ဇောပဲ။ သူပေါ်တာလည်း စက္ကန့်ပိုင်းပဲ၊ တစ်၊ နှစ်၊ သုံး အများဆုံးပဲ ကြာတယ်။ ဖျတ်ဆို ပျောက်သွားတယ်။ ပြီးရင် အလားတူ အတွေ့အကြုံမျိုး နောက်တစ်ကြိမ် ပေါ်တယ်။ ဖျတ်ဆို ပေါ်ပြီး ပျောက်တာပဲကွဲ့။ အဲဒါက သဥပါဒိသေသ နိဗ္ဗာန်ချမ်းသာရဲ့ သဘောပဲ။ ဒီအတွေ့အကြုံကိုတော့ အကြိမ်များစွာ ပြန်ပြီး ဝင်စားနိုင်အောင် လုပ်လို့ရတယ်။ အဲဒါကို ဖိုလ်ဝင်စားတယ်လို့ ခေါ်တယ်။ အဲဒါဟာ သောတာပတ္တိဖိုလ်ပဲလေ။ မဂ်ကတော့ တစ်ကြိမ်ပဲ ကျတယ်။ ဖိုလ်ဇောကိုတော့ အကြိမ်ကြိမ် ဝင်စားလို့ရတယ်။ အဲဒါ ဖိုလ်သမ္မာဒိဋ္ဌိပဲကွဲ့။



- ● နားတော့ လည်သလိုလိုပဲ ဘုရား၊ ဒါပေမဲ့ တပည့်တော် ခံတော့ မခံစားတတ်သေးပါဘူး။
- ○ ဟုတ်တယ်။ မဂ်မရဘဲနဲ့ ဖိုလ်ကို ခံစားလို့ မရဘူး။
- ● ပဉ္စမသမ္မာဒိဋ္ဌိကို ဖွင့်ပြပါဦး ဘုရား။
- ○ အင်း ဒါကတော့ (၅) ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိဆိုပြီး ကျမ်းဂန်အချို့မှာ ပြထားတယ်။ ဒါကတော့ ကိုယ်ရရှိ ခံစားလိုက်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရဲ့ ငြိမ်းအေးချမ်းသာမှုကို ပြန်ပြီး ဆင်ခြင်သုံးသပ်တဲ့ ဉာဏ်ပဲ သမီးရဲ့။
- ● ဒါကိုလည်း လက်တွေ့ သဘောနဲ့ တပည့်တော် မခံစားတတ်သေးပါဘူး ဘုရား။ ဘာပဲဖြစ်ဖြစ် လောလောဆယ် ဒါလောက် သိရတာပဲ တော်ပါပြီ။ ဒသဝတ္ထုက သမ္မာဒိဋ္ဌိဆယ်မျိုးကို ဆက်ပြီး ရှင်းပြပါဦး ဘုရား၊ အာမခြောက်သေးဘူး ဆိုရင်ပေါ့ ဘုရား။
- ○ အေး၊ ဒါက သမီးတို့ ပုထုဇဉ်တွေနဲ့ ပိုပြီး သင့်တော်တဲ့ သမ္မာဒိဋ္ဌိဆယ်ပါးပဲကွဲ့၊ သမုတိသစ္စာနယ်မှာ လောက ဝေါဟာရအရ မပယ်ကောင်းတဲ့ သမ္မာဒိဋ္ဌိဆယ်မျိုးလို့ မှတ်ထားပါ။ အဇာတသတ်မင်းရဲ့ စိတ်ထဲမှာ တိတ္ထိဆရာကြီးတွေ ဟောကြားတဲ့ တရားတွေကို နာရလို့ သို့လော သို့လော ဖြစ်နေတဲ့ ဝိစိကိစ္ဆာတွေ သံသယတွေကို ပယ်ဖို့အတွက် မြတ်စွာဘုရားက ဟောကြားခဲ့ရတဲ့ တရားတွေပဲကွယ်။
- ● ဒသဝတ္ထုက သမ္မာဒိဋ္ဌိဆယ်ပါးကို ရှင်းပြပါဦး ဘုရား။
- ○ ကဲ ရှင်းပြမယ်၊ နားထောင်။ ဆယ်မျိုးဆိုတော့ မှတ်ရတာ နည်းနည်းများတယ်။ (၁) အတ္ထိ ဒိန္နံ လောကေ တဲ့၊ လောကမှာ အပြစ်မရှိ ကောင်းသော ဝတ္ထုပစ္စည်းတွေကို ပေးလှူခြင်း ပြုသူဟာ ကောင်းကျိုးချမ်းသာ မှုချ ရတယ်လို့ ယုံကြည်ပြီး ပေးလှူတာဟာ အကျိုးရှိတယ်လို့ ယုံကြည်တာဟာ

www.burmeseclassic.com

www.burmeseclassic.com



သမ္မာဒိဋ္ဌိ အမြင်မှန်ပဲတဲ့။ (အပြစ်ရှိတဲ့ မကောင်းတဲ့ ပစ္စည်းတွေကို လှူတာကတော့ မကောင်းကျိုးပဲ ပေးတယ်လို့ ယုံကြည်တာလည်း သမ္မာဒိဋ္ဌိပဲ။)

(၂) အတ္ထိ ယိဋ္ဌံ ကႆ လောကမှာ အကြီးအကျယ် လှူရင် ကြီးကျယ်တဲ့ အကျိုးကို ပေးတယ် ဆိုတာလည်း အမှန်ပဲလို့ ယူဆတာဟာလည်း သမ္မာဒိဋ္ဌိပဲ။

(၃) အတ္ထိ ဟုတံ က တိရစ္ဆာန်တွေကို ကျွေးမွေး ပေးလှူတာလည်း အသေးအဖွဲ့ ကုသိုလ်ဆိုပေမဲ့ ကောင်းကျိုးသုခ ပေးတယ်လို့ ယုံကြည် ယူဆခြင်းဟာလည်း သမ္မာဒိဋ္ဌိပဲတဲ့။

(၄) အတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော ကောင်းမှုပြုလုပ်သော ကုသိုလ်ကံသည် ကြီးကျယ်ကောင်းမြတ်တဲ့ အကျိုးရင်း သုခ၊ သေးငယ်ကောင်းစားတဲ့ အကျိုးဖျားသုခတွေကို မုချပေးတယ်။ မကောင်းမှု ပြုလုပ်တဲ့ အကုသိုလ်ကံကတော့ ကြီးကျယ် ဆိုးဝါးတဲ့ ဆိုးကျိုးရင်းကိုရော၊ သေးငယ်တဲ့ ဆိုးကျိုးဖျားကိုရော ပေးတယ်လို့ ယုံကြည်ပြီး မကောင်းမှုကို ကြဉ်ရှောင်တတ်တဲ့ အယူဟာလည်း သမ္မာဒိဋ္ဌိပဲတဲ့။

(၅) အတ္ထိ မာတာ လောကမှာ မိခင်ကို ရိုသေလေးစား ကျွေးမွေးပေးကမ်းခြင်း၊ ကောင်းစွာ သင်္ဂြိုဟ်ခြင်း၊ အလှူဒါနပြုပြီး အမျှပေးဝေခြင်းမှာလည်း ပြုကောင်းသည်။ မပြုဘဲ မနေအပ်။ ပြုလုပ်သော သားသမီးမှာ ကောင်းကျိုးချမ်းသာ ရတယ်။ ဒီလို မပြုလုပ်တဲ့ သားသမီးများဟာ ဆင်းရဲဒုက္ခ မုချရောက်တတ်တယ်လို့ ယူဆခြင်းဟာလည်း သမ္မာဒိဋ္ဌိပဲတဲ့။

(၆) အတ္ထိ ပိတာ မွေးသဖခင် ကျေးဇူးရှင်အပေါ်မှာလည်း မိခင်ကဲ့သို့ပင် သားသမီးများက ပြုလုပ် ကျင့်ကြံသင့်သည်ဟု ယူဆခြင်းသည်လည်း သမ္မာဒိဋ္ဌိပဲတဲ့။

(၇) အတ္ထိ သတ္တာ ဩပပါတိကာ ဒီလောကမှာ သက်ရှိထင်ရှား မြင်ကောင်းတဲ့ သတ္တဝါများ ရှိသလို မမြင်ကောင်းတဲ့ ဩပပါတ်ပဋိသန္ဓေနေသူ၊ နတ်၊ ဗြဟ္မာ၊ တစ္ဆေ၊ ပြိတ္တာ၊ သရဲတွေလည်း ရှိတယ်လို့ ယုံကြည်ဝဘလည်း သမ္မာဒိဋ္ဌိပဲတဲ့။

- လူတွေက မြင်ရတာမှ ရှိတယ် ထင်နေကြတယ်နော် ဘုန်း။
- ○ အေး မမြင်ရဘဲ ရှိနေတာတွေ အများကြီးပဲ၊ ရမ်းခေါ်တဲ့ ရောဂါပိုးမွှားတွေ၊ ဗိုင်းရပ်တွေ၊ ဓာတ်တိုင်းရီးယားတွေတောင် မြင်ရလို့လား။



- ဟုတ ပါတယ် ဘုရား။ ပရလောက ဆိုတာလည်း ရှိတယ် ဆိုတာကို သိမြ ် နားလည်သင့်ပါတယ်။
- ○ အေး ါထားတော့၊ နံပါတ် (၈) က အတ္ထိ အယံ လောကော တဲ့ မိမိတို့ ရထား တဲ့ ခန္ဓာနဲ့ ဘဝဆိုတာလည်း ပညတ်သဘော အမှန်ရှိနေတာပဲလို့ ယူဆ ယုံကြ ်တာလည်း သမ္မာဒိဋ္ဌိပဲတဲ့ကွဲ့။
- ဒါက ပစ္စုပ္ပန်မှာ ရထားတဲ့ ဘဝနဲ့၊ လူ့ခန္ဓာ၊ နတ်ခန္ဓာတွေကို ပြောတာလား ာုန်း။
- ○ အေး ဟုတ်တယ်။ ပရမတ်သဘောနဲ့ ပြောရင် သူ၊ ငါ၊ သတ္တဝါ၊ ယောက်ျား၊ မိန်းမ မရှိဘူးလို့ ပြောရတာ ပညတ်အလိုကတော့ အရှိပဲ ယူရတယ်။
- တင်ပါဘုရား၊ ဒါဆို ဘုရားက ပုထုဇဉ် အမြင်ကိုလည်း မပယ်ဘူးပေါ့။
- ○ အေးပယ်လို့ ဘယ်ဖြစ်မလဲ။ ခန္ဓာငါးပါးလို့ ခေါ်လို့ မဖြစ်လို့ သားတော်ရာဟုလာလို့ ခေါ်ရတာပေါ့။ ဒီနေရာမှာ ပစ္စုပ္ပန်မှာ သက်ရှိထင်ရှားဖြစ်တဲ့ သားတော်ရာဟုလာကို အသိအမှတ် ပြုရတာပဲလေ။
- နားလည်ပါပြီ ဘုရား။
- ○ အေး နောက်တစ်ခု (၉) က အတ္ထိ ပရော လောကော တမလွန်ဘဝဆိုတာလည်း ရှိတယ်။ သေရင် နောက်ဘဝတစ်ပါးမှာ ကံအားလျော်စွာ ဘဝတစ်ခု ဖြစ်ကြရဦးမယ်လို့ သိမြင်နားလည်ရတယ်။ ဒါလည်း သမ္မာဒိဋ္ဌိပဲတဲ့ကွဲ့။
- တင်ပါ့။ နောက်ဆုံး တစ်ခုပဲ ကျန်ပါတော့တယ်။
- ○ အေး (၁၀) က အတ္ထိ လောကေ သမဏဗြာဟ္မဏာ တဲ့ ဒီလောကမှာ အကျင့် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ သဗ္ဗညုတဉာဏ်ရတဲ့ ဘုရားပစ္စေက ဗုဒ္ဓတွေ၊ ရဟန္တာတွေ၊ ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေလည်း အမှန်ပဲ ရှိကြတယ်လို့ သိမြင် နားလည်ပြီး ယုံကြည်တာလည်း သမ္မာဒိဋ္ဌိပဲတဲ့ကွယ်။ ဒါတွေက သမုတိသစ္စာနဲ့ ဆိုင်တဲ့ အမြင်မှန်တွေ၊ သမ္မာဒိဋ္ဌိတွေပဲလို့ မှတ်ရမယ်။ သမုတိသစ္စာကိုလည်း အမှန်သဘောအဖြစ်နဲ့ လက်ခံ ယုံကြည်ရမယ်။ မဟုတ်ရင် လောကမှာ သီလသဘောတွေ ပျက်စီးသွားမယ်။ တိရစ္ဆာန်

www.burmeseclassic.com

www.burmeseclassic.com



တွေလို ဖြစ်သွား မယ်။ ဒါကြောင့် သီလခန်းမှာ ဟောထားတဲ့ တရားတွေကို လည်း အမှန်တွေပဲလို့ သဘောထားပြီး လိုက်နာကျင့်သုံးကြရမယ်။ အဲဒါ အရေးကြီးတယ် ကဲ ဒါပဲ။

❑

၇

## အတ္တနှင့် အနတ္တကို နားလည်ခြင်း

ဘုန်းဘုန်း(ဖေဖေ)မှာ သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် ဆီးချိုသွေးချို ရောဂါ မျိုးစုံ ရှိပါသည်။ ဖေဖေ့အသက် ၅၅ နှစ်မှာ ပထမအကြိမ် နှလုံးရောဂါ တိုက်ခိုက်ခြင်း (heart attack) ကို ခံရပါသည်။ ကျွန်မ ဖေဖေ့အနားမှာ မရှိပါ။ သားသမီးများ အားလုံး နိုင်ငံခြားမှာ ရောက်နေကြချိန် ဖြစ်သည်။ ဖေဖေ့ နှလုံးရပ်သွားသည်။ မတ်တတ် ရပ်နေရာက တုတ်ချောင်းတစ်ချောင်း လဲကျသလို ပက်လက်လန်ပြီး လဲကျသွားသည်။ ကံကောင်းသဖြင့် ဦးခေါင်းနှင့် အုတ်နံရံ မတိုက်မိပါ။ ပိတ်ထားသော သစ်သားတံခါးနှင့် တိုက်မိသည်။ ဖေဖေ့ခေါင်း နှစ်လက်မလောက် ကွဲသွားသည်။ လဲကျသော အရှိန်ကြောင့် နှလုံး ပြန်ခုန်လာသည်။ ဖေဖေ မသေဘဲ အသက် ဆက်လက်ရှင်သန်ခဲ့လေ သည်။ သူ့အသက် ၅၉ နှစ်ကျတော့ ဖေဖေ လူ့ဘောင်ကို စွန့်ပြီး ရဟန်းဘောင် မှာ တစ်ဝါ ရပြီးပြီ။ တောထဲမှာ တစ်ပါးတည်းနေပြီး တရားအလုပ်ကို အားထုတ် နေခဲ့သည်။ တစ်နေ့သ၌ ဆွမ်းခံကြွရင်း ခြေချောင်းကလေးကို ဆူးစူးလေသည်။ ဆူးကို နုတ်ပြီးသော်လည်း သွေးချိုကြောင့် အနာမှ ပိုးဝင်သောအခါ သွေးကြော ပိတ်သွားသည်။ ဖေဖေ ခြေထောက်ကို ဖြတ်ပစ်ရတော့မည့် အခြေအနေသို့ ဆိုက်သွားသည်။ သည်တစ်ကြိမ်လည်း ကံကောင်းသည်။ သွေးကြောပိတ်ပြီး ခြေချောင်းမပုပ်မီ၊ သမားကောင်းနှင့် တွေ့သွားသည်။ ကံကောင်းပြန်သည်။ ခြေထောက် ဖြတ်ရမည့် ဘေးမှ သီသိကလေး လွတ်သွားသည်။

"ဘုန်းဘုန်းကံပဲပေါ့။ ခြေထောက်က မဖြတ်ရတာ"

မေမေက မှတ်ချက် ချသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီခန္ဓာဟာ ငါ့ဟာ ငါ့ဥစ္စာမှ မဟုတ်ဘဲ၊ အနတ္တပဲဟာ ခြေချောင်း မဖြတ်ရလည်း နောက်ဆုံးမှာ စွန့်ပစ်ရမည့် ပစ္စည်းပဲ။ ဝမ်းသာစရာ မရှိပါဘူး။ ဖြတ်ပစ်လိုက်ရရင်လည်း ဝမ်းနည်းစရာ အကြောင်းမရှိပါဘူး"

"အို ကိုယ့်ခြေထောက် မဖြတ်ရတာ ဝမ်းသာရမှာပေါ့"

"အဲဒါ ဒကာမကြီးက ဒီခန္ဓာကို ငါ၊ ငါ့ဥစ္စာလို့ စွဲလမ်းနေတာကိုးကွဲ့၊ အဲဒါ အတ္တစွဲ၊ သက္ကာယဒိဋ္ဌိ ခေါ်တယ်။ အမှန်က ဒီခန္ဓာမှာ ငါပိုင် ငါဆိုင်တာ ဆိုလို့ ဘာမှ မရှိဘူး။ ဒီခန္ဓာကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ ထင်နေတာ အတ္တစွဲလို့ ခေါ်တယ်"

ဘုန်းဘုန်း(ဖေဖေ)က မေမေ(သူ့ဒကာမကြီး)ကို ရှင်းပြသည်။ ထိုအခါ ကျွန်မ စိတ်ထဲတွင် 'အတ္တနှင့် အနတ္တ' ဆိုသော စကားလုံးများကို နားလည်ချင်စိတ် ဖြစ်ပေါ်လာသည်။ အခွင့်အရေး ရခိုက်မှာ ဘုန်းဘုန်းအား ဤစကားများ၏ အနက်အဓိပ္ပာယ်ကို ဖွင့်ပေးရန် ကျွန်မ ပန်ကြား လျှောက်ထားလိုက်ပါသည်။

● ဘုန်းဘုန်းဘုရား၊ တပည့်တော်ကို မေးလျှောက်ခွင့် ပြုပါဘုရား။

○ အေး... မေးစရာ ရှိရင် မေးပေါ့။ နောက်ဆို ဒီလို တွေ့ဆုံဖို့ရာ လွယ်မှာ မဟုတ်ဘူး။ ဘုန်းကြီးက 'အလွတ်သင် အခြေပြု ဝိပဿနာ သင်တန်း' ကိစ္စတွေနဲ့ နယ်တွေကို လျှောက်သွားနေရတာ ဆိုတော့၊

● တင်ပါ၊ တပည့်တော်လည်း အဲဒါကို သတိပြုမိလို့ ခုလို အခွင့်သာတုန်းမှာ မေးရတာပါ ဘုရား။

○ အေးလေ မေးသင့်တာ၊ မေးချင်တာရှိရင် ဘုန်းကြီး မသေခင် အခွင့်သာခိုက်မှာ မေးပေါ့။ သမီးရဲ့ မေးခွန်းတွေက လူငယ်ပရိသတ် အတွက်လည်း ကျေးဇူးများမှာပါ။

● မှန်လှပါ၊ တပည့်တော်လည်း အဲဒီလိုပဲ ရည်ရွယ်ပါတယ်။ သမီးတို့ ခေတ်လူငယ်တွေလည်း သမီး နားလည်သလို နားလည်စေချင်လို့ပါ ဘုရား။

○ ဟုတ်ပါ့ပြီ။ ကဲ မေးစမ်း။ ဘာသိချင်တာလဲ။

● သိချင်တာက ဒီစကားလုံးတွေကို ကြားဖူးနေတာတော့ ကြာပါပြီ။ ကြာပေမဲ့လည်း သဘောမပေါက်ဘူး၊ နားမလည်ဘူး။ ကြားဖူးလို့ နားရည်ဝနေတာသာ ရှိပါတယ်။



○ ဟုတ်ပြီ၊ ဘာလဲ ကဲ မေးစမ်း။

● အတ္တနဲ့အနတ္တ ဆိုတာပါဘုရား။ အတ္တ အတ္တနဲ့ ပြောကြတာ။ အနတ္တ အနတ္တနဲ့ ပြောနေကြတာကတော့ အသံမစဲ ကြားနေရတာပဲ ဘုရား။ ကြားသာကြားတယ်။ သိသလား၊ နားလည်သလား ဆိုတော့ မသိဘူး။ နားမလည်ဘူးလို့ပဲ ရိုးရိုးဝန်ခံရမှာပါ ဘုရား။

○ အင်း အတ္တနဲ့အနတ္တ ဆိုတဲ့ စကားနှစ်လုံးဟာ ထေရဝါဒ ဗုဒ္ဓဘာသာမှာ အချက်အချာကျတဲ့ ဝေါဟာရ နှစ်ခုပါပဲ။ ပထမဦးစွာ သိသင့်တဲ့ အကြောင်းကို ပြောမယ်။

● အမိန့်ရှိပါဘုရား။

○ အိန္ဒိယပြည်မှာ ဘီစီခြောက်ရာစုတုန်းက ဗုဒ္ဓမြတ်စွာ ဘုရားပွင့်တော်မူတယ်။ အဲဒီအချိန် အိန္ဒိယပြည်မှာ ဟိန္ဒူဗြဟ္မဏဝါဒက အားကောင်းနေတယ်။ အဗ္ဗိတ္တဝေဒန္တခေါ်တဲ့ အတ္တဝါဒကြီး စည်ပင်နေတယ်။ ပဥ္စဝဂ္ဂီငါးဦးလည်း ဒီအယူဝါဒကို စွဲစွဲလမ်းလမ်း ယုံကြည်နေကြတဲ့ ဗြဟ္မဏတွေပဲ။ သူတို့ကို မြတ်စွာဘုရားက ဓမ္မစကြာတရားကို ဟောတော်မူတယ်။ ပထမ ရှင်ကောဏ္ဍည တစ်ပါးပဲ သောတာပန် ဖြစ်တယ်။ နောက်ငါးရက်လောက် ဆက်ဟောမှ ကျန်တဲ့ ပဥ္စဝဂ္ဂီတွေ သောတာပန် ဖြစ်တယ်။ ဒါပေမဲ့ သူတို့ ရင်ထဲမှာ အတ္တဝါဒ ခံနေတော့ သောတာပန်ဖြစ်လို့ ဒိဋ္ဌိဝိစိကိစ္ဆာ ပြုတ်တာတောင်မှ ရဟန္တာ မဖြစ်ကြဘူး။ အရဟတ္တဖိုလ်ကို မရကြဘူး။ ဒါကြောင့် မြတ်စွာဘုရားက သူ့တရားဟာ အတ္တဝါဒ မဟုတ်ဘူး။ အနတ္တဝါဒ ဖြစ်ကြောင်းကို ပဥ္စဝဂ္ဂီ သဘောကျအောင် အနတ္တလက္ခဏာသုတ်ကို ဆက်ပြီး ဟောတော်မူရတယ်။ အနတ္တသဘောကို ပဥ္စဝဂ္ဂီဉာဏ်မှာ ထင်ရှား သိမြင်သွားတော့မှ အရဟတ္တ မဂ်ဖိုလ်ကို ဆိုက်သွားကြတယ်။

● ဟိန္ဒူဗြဟ္မဏဝါဒဟာ အတ္တဝါဒ ဆိုတာလည်း ကြားဖူးတာပဲ ရှိပါတယ်။ ဘာကိုဆိုလိုမှန်း မသိပါဘူး ဘုရား။

○ ဟုတ်တယ်၊ အနတ္တကို နားလည်ဖို့အတွက် အတ္တဝါဒရဲ့ အခြေခံ သဘောတွေကို ပထမ နားလည်သင့်တယ်။

● တင်ပါ၊ အမိန့်ရှိပါဘုရား။

○ အတ္တဝါဒနဲ့ ပတ်သက်ပြီး ထင်ရှားတဲ့ အမြင်ခြောက်မျိုး ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



● တင်ပါဘုရား။ တပည့်တော် မှတ်သားထားပါ့မယ် ဘုရား။

○ အတ္တ အမြင်ခြောက်မျိုးကို မှတ်ရလွယ်အောင် အမည်တွေကို အရင်ပြောမယ်။ ပြီးမှ သဘောတွေကို ရှင်းပြမယ်။

● သင့်တော်လှပါတယ် ဘုရား။ အမိန့်ရှိပါ ဘုရား။

○ အတ္တရဲ့ သဘောကို ပြောရတာ လွယ်တယ်။ မြန်မာ ဗုဒ္ဓဘာသာဝင်အများစုရဲ့ စိတ်ထဲမှာလည်း ဒီအတ္တစွဲတွေ ရှိတယ်။ အတ္တအယူကို လူကြိုက်များတယ်။ မိရိုးဖလာ အယူစွဲတွေကလည်း အတ္တစွဲများတယ်။ ကဲ မှတ်ပေတော့ အတ္တက (၁) သာမိအတ္တ၊ (၂) နိဝါသီအတ္တ၊ (၃) ကာရကအတ္တ၊ (၄) ဝေဒကအတ္တ၊ (၅) ဇီဝအတ္တနှင့် (၆) ပရမအတ္တတဲ့၊ ကဲ မှတ်မိပလား။

● မှတ်မိပါပြီ ဘုရား။

○ မှတ်မိရင် ရွတ်ပြစမ်း။

● (၁) သာမိအတ္တ၊ (၂) နိဝါသီအတ္တ၊ (၃) ကာရကအတ္တ၊ (၄) ဝေဒကအတ္တ၊ (၅) ဇီဝအတ္တ၊ (၆) ပရမအတ္တပါ ဘုရား။

○ အေး ဟုတ်တယ်။ သမီးက မှတ်ဉာဏ်ကောင်းတာပဲ။ မှတ်ဉာဏ်ကောင်းသလို ထိုးထွင်းဉာဏ်လည်း ကောင်းဖို့လိုတယ်။ ဒါမှသာ သမီးရဲ့ ကိုယ်ရည်ကိုယ်သွေးတွေ မြင့်ပြီး ပိုကောင်းလာမယ်။

● တပည့်တော် ကြိုးစားပါ့မယ် ဘုရား။ အဲဒီ အတ္တအမြင် ခြောက်ခုကို ရှင်းပြပါဦး ဘုရား။

○ ကဲမှတ်ထား။ (၁) သာမိအတ္တ ဆိုတာက ဒီရုပ်ခန္ဓာကိုယ်ထဲမှာစိမ်ခန့်ခွဲပြုမူလုပ်ကိုင် ဆောင်ရွက်နေတာတွေကို ကြိုးကိုင်နေတဲ့ အစိုးရသူ အတ္တကောင် ငါကောင်ရှိတယ် ဆိုပြီး ယူဆတာ၊ ယုံကြည်တာပဲကွဲ့။

(၂) နိဝါသီ အတ္တ ဆိုတာကလည်း ကိုယ်ထဲမှာ အမြဲထာဝရ တည်ကိန်းနေတဲ့ ငါကောင် အတ္တကောင်ကလေးဟာ ဒီကိုယ်က ဟောင်းနွမ်းအိုမင်းမစွမ်း ပျက်စီးတဲ့အခါ တခြား ခန္ဓာသစ် ကိုယ်သစ်ထဲကို ပြောင်းရွှေ့သွားတတ်တဲ့ သဘောကို ဆိုလိုတာ ဖြစ်တယ်။

● ဒါဆိုရင် ရုပ်ခန္ဓာကြီးက မမြဲဘူး။ နာမ်ခန္ဓာ အတ္တကောင်က အမြဲထာဝရ တည်နေတယ်။ သံသရာမှာ ဒီကိုယ်မကောင်းရင် နောက်ကိုယ်(ရုပ်)သစ်ထဲကို ပြောင်းပြီး ရှင်သန်နေတယ်လို့ ယူတဲ့ အယူပဲပေါ့နော်။



○ ဟုတ်တယ် ရုပ်ခန္ဓာကသာ သေတာ၊ နာမ်ခန္ဓာ အတ္တကောင်က ဘယ်တော့မှ မသေဘူး။ ခန္ဓာသစ်ထဲ ပြောင်းပြီး သံသရာလည်နေတယ်လို့ ယူဆတာမျိုးပဲကွဲ့။

● တပည့်တော် နားလည်ပါပြီဘုရား။ ကာရကအတ္တဆိုတာကို ရှင်းပြပါဦး ဘုရား။

○ ကာရကဆိုတာက ကာယကံ၊ ဝစီကံ၊ မနောကံတွေကို ပြုလုပ်ခြင်းသဘောကို ဆိုတာ ဖြစ်တယ်ကွဲ့။ ကိုယ်၊ နှုတ်၊ စိတ်နဲ့ ပြုလုပ်သမျှ အလုပ်တွေ ကမ္မတွေကို ကိုယ်ထဲမှာ ကိန်းအောင်းနေတဲ့ အတ္တကောင်ကလေးက ပြုလုပ်နေတာ ဖြစ်တယ်လို့ ယူဆတာပဲကွယ်။

● ဒါက စေ့ဆော်နေတဲ့ စေတနာ၊ သင်္ခါရခန္ဓာကို ငါလို့၊ အတ္တလို့ ယူတာပဲ ထင်ပါတယ် ဘုရား။

○ ဟုတ်တယ် ဟုတ်တယ်။ စေတနာကို ဓမ္မသဘောနဲ့ မမြင်တတ်ကြဘူး။ အကောင်သဘောနဲ့ ယူတာ၊ အတ္တသဘောနဲ့ ယူတာ၊ အင်္ဂလိပ်လိုဆိုတော့ Substance လို့ ယူတာပဲလေ။

● သဘောကျပါပြီဘုရား။ ဝေဒကအတ္တကို ရှင်းပြပါဦး။

○ တို့ ဘုရားဗုဒ္ဓက ခံစားတာကို ဝေဒနာက္ခန္ဓာက လုပ်တာလို့ ယူတယ်။ အတ္တဝါဒီတွေက ခံစားရင် ခံစားသူ ရှိရတယ်။ အဲဒီ ခံစားတဲ့ အကောင် အတ္တရှိတယ်။ ငါဆိုတဲ့ အတ္တကောင်ကလေးက ခံစားတာလို့ ယူဆကြတယ်။ အဲဒါ ဝေဒကအတ္တရဲ့ သဘောပဲ။

● မြတ်ဗုဒ္ဓက ပြုလုပ်တာ၊ စေ့ဆော်တာ၊ ခံစားတာတွေဟာ ဘာမှ အကောင်အထည် ဒြပ်သဘော မရှိတဲ့ insubstantial ဓမ္မသဘောက စေ့ဆော်တာ၊ ခံစားတာလို့ ယူတယ်နော် ဘုန်းဘုန်း။

○ အေး ဟုတ်တယ်။ ခံစားတာပဲ ရှိတယ်၊ ခံစားသူလို့ မရှိဘူး၊ စေ့ဆော်တာပဲ ရှိတယ်၊ စေ့ဆော်သူ မရှိဘူး။ အဲဒါကို နားလည်ဖို့ လိုတယ်။

● ဒါပေမဲ့ လူတွေက စေ့ဆော်တာရှိရင် စေ့ဆော်သူ ရှိရမယ်။ ခံစားတာရှိရင် ခံစားသူ ရှိရမယ်လို့ ထင်နေကြတယ် မဟုတ်လား ဘုရား။

○ အေး ဒါကြောင့် အတ္တဝါဒကို နားလည်ရတာ လွယ်တယ်။ အနတ္တဝါဒကို နားလည်ရခက်တယ်။ ဘာကြောင့်လဲဆိုရင် အနတ္တဝါဒမှာက အထည်ဒြပ် မရှိဘူး။ insubstantial ဖြစ်နေလို့။

www.burmeseclassic.com

www.burmeseclassic.com



- တင်ပါ... တပည့်တော် ပိုပြီး နားလည်လာပါပြီဘုရား။

○ ဇီဝအတ္တကို ပြောမယ်။ ဇီဝဆိုတာကိုတော့ လူတွေက အသက်ဝိညာဉ်၊ လိပ်ပြာဆိုပြီး အမျိုးမျိုး ခေါ်ကြတယ်။ သေရင် ဒီဝိညာဉ်ကောင်၊ လိပ်ပြာကောင် အသက်က ဥတုဇရုပ်ခန္ဓာကြီးထဲက ထွက်သွားတယ်လို့ ယူဆကြတယ်။ ဒါကြောင့် လူသေရင် အသက်ထွက်သွားပြီဆိုပြီး ပြောလေ့ ရှိကြတယ်။ အသက်ကို ဝိညာဉ်ကောင်ကလေးလို့ ထင်မြင် ယူဆကြတယ်။ ရုပ်ခန္ဓာ (ဥတုဇရုပ်) ပျက်စီးသော်လည်း ဒီဝိညာဉ်အသက်ကောင် လိပ်ပြာကောင်က မပျက်စီးဘူး၊ မသေဘူး သူက အမြဲတည်နေတယ်လို့ ယူဆကြတယ်။ အဲဒါ ဇီဝအတ္တ သဘောပဲ။

- တင်ပါဘုရား။ ခု ပိုပြီး ရှင်းသွားပါပြီ။ ဒီအမြင်မျိုးဟာ ဘာသာတိုင်းမှာ လိုလို ရှိတတ်ကြတာပဲ မဟုတ်လား ဘုရား။

○ ဟုတ်တယ် အစ္စလာမ်ဘာသာမှာ ဒီဇီဝဝိညာဉ်ကောင်ကို အာရဗီဘာသာစကားနဲ့ 'ရူလ်'လို့ ခေါ်တယ်။ ခရစ်ယာန်ဘာသာမှာတော့ အင်္ဂလိပ် ဘာသာစကားနဲ့ 'ဆိုးလ်'လို့ ခေါ်တယ်။ ဟိန္ဒူဘာသာကျတော့ 'အတ္တမ်'လို့ ခေါ်တယ်။ အတူတူပဲ။

○ ဒါဆိုရင် ဗုဒ္ဓဘာသာက လွဲရင် ကျန်ဘာသာတွေ အားလုံးဟာ အတ္တဝါဒချည်းပဲပေါ့နော် ဘုရား။

○ ဗုဒ္ဓဘာသာဆိုရာမှာတောင် တရုတ်တို့ ယူတဲ့ မဟာယာန ဗုဒ္ဓဘာသာမှာ ဒီအတ္တဝါဒ အစွဲအလမ်းတွေ ပါရှိနေသေးတယ်။ တိဗက်လာမားဝါဒ(မဟာယာန) ဗုဒ္ဓဘာသာမှာလည်း ဘဝ တစ်ခုက တစ်ခုကို ဝိညာဉ်ကူးပြောင်းတယ်လို့ ယူတဲ့ 'လူဝင်စား' အယူအဆ ရှိတယ်။

- ပရမအတ္တဆိုတာကကော ဘုရား။

- ပရဟာအတ္တ= ပရမအတ္တဆိုတာက ထာဝရ ဘုရားသခင် ဖန်ဆင်းရှင်ကို ယုံကြည်ကိုးကွယ်သူတို့ လက်ခံထားတဲ့ အတ္တအမြင် ဖြစ်တယ်ကွဲ့။ သက်ရှိသက်မဲ့ လောကဟာ သဘာဝအတိုင်း အကြောင်းအကျိုး ဆက်ပြီး ပဋိစ္စသမုပ္ပါဒ် တရားအားဖြင့် ဖြစ်လာတာလို့ မမြင်ဘဲ တစ်စုံတစ်ဦးက ဖန်ဆင်းလို့ ပြုပြင် စီမံလို့ ဖြစ်လာတာလို့ အနုမာန မျက်ရမ်းဆပြီး၊ တန်ခိုးရှင်



ပရဟာအတ္တကို ရှိတယ်လို့ ယူဆကြတယ်။ ရှိတယ်ဆိုတာက မှန်းဆချက်နဲ့ ပြောတာနော်။ ဒါပေမဲ့ ဗုဒ္ဓဝါဒက လွဲရင် (ဂျိန်းဘာသာမှအပ) ကျန်ဘာသာတွေ အားလုံးဟာ ဒီပရမအတ္တ အယူရှိကြတယ်။ ပရမအတ္တကို ဟိန္ဒူဘာသာမှာ အဦးဆုံး တွေ့ရတယ်။ သူတို့က ဣဿရ(ဣဿရာ) လို့လည်း ခေါ်တယ်။ ပရမေသွာ(ပရမေသွ)လို့လည်း ခေါ်တယ်။ ဗြာဟ္မံလို့လည်း ခေါ်တယ်။ ပါသျှဘာသာ(ဖာရစီ) တွေကတော့ ခုဒါလို့ ခေါ်ကြတယ်။ အစ္စလာမ်ဘာသာမှာ အာရဗီလိုတော့ အလ္လာဟ်လို့ ခေါ်တယ်။ ဂျူးဘာသာမှာ ယေဟောဝ(ဂျဟိုဗာ) လို့ ခေါ်တယ်။ ခရစ်ယာန်ဘာသာမှာ အင်္ဂလိပ်လို ဂေါ့ဒ်လို့ ခေါ်တယ်။ အသံတွေ အခေါ်အဝေါ်တွေပဲ ကွဲတယ်။ သဘောချင်းကတော့ အတူတူပဲကွဲ့။

- ခုမှ တပည့်တော် ခေါင်းထဲမှာ ငါကောင်စွဲ၊ အတ္တအထည်ဒြပ်စွဲ သဘောကို ရှင်းရှင်း နားလည်သွားပါတယ် ဘုရား။ ဝန်မလေးဘူးဆိုရင် အနတ္တသဘောကိုလည်း ခေါင်းရှင်းအောင် တပည့်တော်ကို ရှင်းပြပေးတော်မူပါ ဘုရား။

○ အေး တို့ဗုဒ္ဓဘာသာမှာ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေဓမ္မာအနတ္တာ ဆိုတာကို ကြားဖူးတယ် မဟုတ်လား။

- တင်ပါ၊ အကြိမ်ကြိမ် ကြားဖူးပါတယ် ဘုရား။

○ အေး ဟုတ်ပြီ။ အဲဒီစကားရဲ့ အဓိပ္ပာယ်ကတော့ အတ္တဝါဒနဲ့ လုံးလုံး ဆန့်ကျင်ဘက်ပဲကွယ်။ ဘုရားက သင်္ခါရတရား (ပြုပြင်လို့ ဖြစ်တဲ့ တရား) အကြောင်း တစ်ခုခုကြောင့် ဖြစ်တဲ့ တရားမှန်သမျှဟာ၊ အနတ္တပဲလို့ ဆိုလိုတယ်။ ဒီမှာ အနတ္တရဲ့ အဓိပ္ပာယ်က အတ္တကင်းစင်တယ်။ အထည်ဒြပ်လည်း မရှိဘူး။ ငါကောင်ဝိညာဉ်ကောင်လည်း မရှိဘူး။ အနှစ်သာရလည်း မရှိဘူး။ ကိုယ်ပိုင်ကိုယ်ဆိုင် အစိုးရတဲ့ သဘောလည်း ဘာဆိုဘာမှ မရှိဘူးလို့ ပြောတာပဲကွဲ့။

- တပည့်တော် နားရှင်းအောင် ရှင်းပြတော်မူပါဦး ဘုရား။

○ ကောင်းပြီ။ ဒီမှာ ပါဠိတော်တွေထဲမှာ ပါတဲ့ အနတ္တအမြင် လေးမျိုးကို အကျဉ်းအားဖြင့် ရှင်းပြမယ်။ အကျယ်ကို သိချင်ရင်တော့ လယ်တီဆရာတော်ရဲ့ ဒီပနီပေါင်းချုပ်တွေမှာ ရှာကြည့်၊ အနတ္တဒီပနီဆိုတာ ရှိတယ်။ အဲဒီမှာ အကျယ် ဖတ်ကြည့်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



- တင်ပါ၊ ခုအကျဉ်းသဘော သိရရင်ပဲ ကျေနပ်ပါပြီ ဘုရား။

○ ကောင်းပြီ၊ ဒါဆိုရင် မှတ်ထားပေတော့ (၁) အသာရကဋ္ဌေန အနတ္တာ တဲ့၊ အသာရက အတ္တ အနှစ်သာရလည်း မရှိ။ အနိုင်အမာ အထည်ဒြပ် လည်း မရှိ။ အားထားမှီခိုစရာလည်း ဘာဆိုဘာမှ မရှိဘူးတဲ့။ နံပါတ်(၂) အဝသဝတ္တနတော အနတ္တာတဲ့၊ ငါလည်း မဟုတ်ဘူး၊ ငါ့ဥစ္စာလည်း မရှိဘူး၊ ငါ့အလိုသို့လည်း မလိုက်ဘူး၊ ငါ့အကြိုက်လည်း မပါဘူး၊ ဖြစ်ပြီး ပျက်စီးတဲ့ အချည်းနှီး သဘောပဲ ရှိတဲ့အတွက် အနတ္တလို့ ခေါ်ရတယ်တဲ့။ (၃) အနိဿရဋ္ဌေန အနတ္တာ ဆိုတာက အစိုးရခြင်းသဘော၊ ပိုင်ခြင်းသဘော၊ ဆိုင်ခြင်းသဘော ဆိုတာ ဘာဆို ဘာတစ်ခုမှ မရှိဘူး။ ဒါကြောင့် အနတ္တလို့ ခေါ်တယ်။ ရှင်းရဲ့လား။

- တင်ပါ ရှင်းပါတယ် ဘုရား။ ကိုယ့်ခန္ဓာကိုယ်ကိုတောင် ကိုယ်မပိုင်ဘဲနဲ့ ဘာကို ပိုင်တယ်ဆိုင်တယ်လို့ ယူဆနိုင်မလဲ ဘုရား။

○ အေး ဟုတ်တယ်။ ဒါပေမဲ့ ပုထုဇဉ်ဟာ အနတ္တသဘောကို မြင်နိုင်ခဲ တယ်။ ဒါကြောင့် ငါ့မြေ ငါ့ယာ ငါ့ဥစ္စာဟု ငါငါကိုယ်ကိုယ် မြည်တမ်း ဆိုလျက် ကစိုကဝါး မိုက်ပျော်ပါးသည့်လို့ ကျေးဇူးရှင် မန်လည်ဆရာတော် ဘုရားက မဃဒေဝလင်္ကာသစ်မှာ စပ်ဆိုတော်မူခဲ့တယ်။

- အနတ္တသဘောကုန်ပြီလား ဘုရား။ ရှိသေးရင် ဆက်ပြောပါဦး ဘုရား။

○ နောက်တစ်ခု ရှိသေးတယ် (၄) ယံ ဒုက္ခံ တံအနတ္တာတဲ့၊ဆင်းရဲအစု၊ ဒုက္ခအစု၊ ခန္ဓာအစု မှန်သမျှဟာ အနတ္တချည်းပဲတဲ့။ ကဲ မှတ်မိပြီလား။

- မှတ်မိပါပြီဘုရား။ ကျေးဇူးကြီးလှပါတယ် ဘုရား။ ခုမှ သဘောကွဲ သွားပါတယ်။ ဒီတရားဟာ လေးလည်း လေးနက်ပါတယ် ဘုရား။

○ လေးနက်ရုံ ဘယ်ကမလဲ။ ဒါထေရဝါဒရဲ့ အခြေခံ အုတ်မြစ်ပဲကွဲ့၊ အနတ္တကို နားလည်မှ ဒုက္ခသစ္စာကိုလည်း သဘောကျနိုင်တယ်။ အနိစ္စ ကို မြင်မှလည်း အနတ္တကို နားလည်နိုင်တယ်။ ဒါကြောင့် မြတ်စွာဘုရားက မေဃိယရဟန်းကို 'အနိစ္စသညိနော မေဃိယ အနတ္တ သညာသဏ္ဌာတိ'လို့ ဟောတော်မူခဲ့တယ်။ အကျယ်ကို သိချင်ရင် လယ်တီဆရာတော်ရဲ့ ဝိပဿနာ ဒီပနီမှာ ဖတ်ကြည့်ပေါ့။



- တင်ပါဘုရား။ တပည့်တော် လမ်းစရပါပြီ ဘုရား။ အကျယ်ကို အချိန် ယူပြီး လေ့လာပါ့မယ် ဘုရား။ ဒီလောက် သိခွင့်ရတာကိုပဲ အများကြီး အားရကျေနပ်မိပါပြီ ဘုရား။ သာဓုပါ ဘုရား သာဓု သာဓု။

❑

www.burmeseclassic.com

www.burmeseclassic.com

## နိဝရဏကို နားလည်ခြင်း

ကျွန်မ စိတ်မှာ ဗုဒ္ဓမြတ်စွာ၏ ဒေသနာတော်များကို လေ့လာရင်းဖြင့် အချိန်ကို ကောင်းစွာ အသုံးချခြင်း သဘောကို ရိပ်မိလာသည်။ ဖေဖေ လူ့ဘောင်မှာ နေစဉ်အခါက ပြောလေ့ရှိသော စကားတစ်ခုကို ကျွန်မ မှတ်မိသည်။ သမီး အချိန်တိုင်းမှာ အကျိုးတစ်ခု ရရှိအောင် လုပ်တတ်ရမယ်။ ပညာရရင်ရ၊ မရရင် ဥစ္စာရ၊ ဥစ္စာမရရင် ကုသိုလ်တော့ ရအောင်လုပ်ပါဟု ဖေဖေ ပြောတတ်ပါသည်။ ဖေဖေသည် ပြောသည့်အတိုင်း လုပ်တတ်သူ ဖြစ်သည်။ ကျွန်မ ဗုဒ္ဓ၏ ဒေသနာတော်များကို လေ့လာရင်း အကျိုးရှိပုံကို မြင်လာသည်။ အချိန်တိုင်းမှာ ပညာရသည်။ ပညာသာမက ကုသိုလ်လည်း ရသည်။ ဖေဖေက စာရေးဆရာ ဖြစ်သဖြင့် သူ့ဉာဏ်ထဲမှာ ရသော ပညာနှင့် ကုသိုလ်ကို စာဖတ် ပရိသတ် သိအောင် မျှဝေခြင်းဖြင့် ဥစ္စာကိုလည်း ရအောင်ရှာတတ်သူ ဖြစ်သည်။ ကျွန်မမှာ ဉာဏ်ရင့်လာသည်။ ဤအချက်ကို ကျွန်မ ကောင်းစွာ သတိပြုမိသည်။ ထိုအခါ ဖေဖေ ရန်ကုန်မှာ ရှိခိုက် ထိုက်သင့်သော အကျိုးကို ရအောင် လုပ်ဖို့ ကျွန်မ စဉ်းစား ဆုံးဖြတ်ခဲ့ပါသည်။ ယနေ့လည်း ဖေဖေ့ကို ဆွမ်းပို့ရင်း မေးမည့် ပြဿနာကို စဉ်းစားသွားသည်။ ထိုအခါ ဝိပဿနာစကား ပြောသော အခါတိုင်း ရိပ်သာတိုင်းမှာ ပြောနေကြသော 'နိဝရဏ'ဆိုသော တရား၏ သဘောကို ဖွင့်ဟောပြဖို့ ကျွန်မ ဖေဖေ့ကို တောင်းပန်ရန် ဆုံးဖြတ်သွားပါသည်။

- ခု ကိုးနာရီပဲ ရှိသေးတယ်။ ဆွမ်းမဘုဉ်းပေးခင် မေးစရာကလေး တစ်ခုကို မေးပါရစေဦး ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



○ အေး အချိန်ကို အလဟဿ ကုန်မသွားစေနဲ့ တစ်ခုခု အကျိုးရှိအောင် လုပ်တတ်ရတယ်။ အလဟဿ အချည်းနှီး အချိန်ကို အကုန်မခံရဘူး။ စီးပွားရေးသမားများဆိုရင် အချိန်သည် ငွေပဲ။ Time is money လို့ ပြောတတ်ကြတယ်။ ဒီသဘောထားဟာ တိုးတက် ကြီးပွားချင်သူတိုင်းမှာ ရှိသင့်တဲ့ သဘောထားပဲ သမီးရဲ့။

● တင်ပါ့၊ တပည့်တော်လည်း အဲဒီလိုဖြစ်အောင် ကြိုးစားနေပါတယ်။

○ အင်း ကိုယ်ရည်ကိုယ်သွေး တောက်ပြောင်လာအောင် သတိရှိရှိ ဝီရိယနဲ့ အမြဲ ကြိုးပမ်း အားထုတ်နေရတယ်။ အိပ်ရင်တောင် သတိကပ်ပြီး နှာသီးဖျားမှာ ဝင်လေထွက်လေကို ရှုမှတ်ပြီးအိပ်၊ အိပ်ပျော်သွားပြီး တစ်ရေး ပြန်နိုးလာတဲ့အခါ စိတ်ဟာ ဘယ်မှ မသွားဘဲ၊ နှာသီးဖျားမှာပဲ ကပ်နေတာ တွေ့ရလိမ့်မယ်။ အံ့သြစရာ ကောင်းနေတာ တွေ့ရတယ်။ ကဲ ဒီကနေ့ ဘာ မေးချင်သလဲ။ မေးစမ်းပါဦး။

● တပည့်တော် မှတ်လာတာက 'နီဝရဏ' ဆိုတဲ့ တရားအကြောင်းပါ ဘုန်း။ တချို့က နီဝရဏဟာ သမာဓိကို တားဆီးတဲ့ တရားပဲလို့ ပြောပါတယ်။ တချို့ ဆရာတွေကတော့ နီဝရဏဟာ မဂ်ဖိုလ်ကိုလည်း တားမြစ်တယ်လို့ ဆိုကြပါတယ်။ အဲဒါ ဘယ်အဆိုက မှန်ပါသလဲ ဘုရား။

○ အိမ်း ဘယ်အဆိုမှ မမှားဘူးလို့ ဖြေရင် ပိုပြီး ပြည့်စုံ မှန်ကန်မယ် ထင်တယ်။ နီဝရဏ ဆိုတာက ဈာန်(သမာဓိ)ကိုရော၊ မဂ်ဖိုလ်ကိုရော တားဆီး ပိတ်ပင်တဲ့ တရားဖြစ်တယ်လို့ ဘုရားက ဓမ္မသင်္ဂဏီ ပထမ အဘိ ဓမ္မာကျမ်းမှာ ဟောထားပါတယ်။

● အဲဒီ နီဝရဏကို တချို့က ငါးပါး၊ တချို့က ခြောက်ပါးလို့ ပြထား ကြတာလည်း တွေ့ရပါတယ် ဘုန်း။ အဲဒါ ဘယ်ဟာကို အမှန်ယူရမလဲ။

○ သင်္ဂြိုဟ်မှာ 'ဆနီဝရဏာ' လို့ ပြတယ်။ ခြောက်ပါးကိုပဲ ယူပေါ့။

● တင်ပါ၊ အဲဒီခြောက်ပါးကို ရေတွက်ပြပါဦး ဘုရား။

○ ကောင်းပြီ မှတ်ထား။ (၁)က ကာမစ္ဆန္ဒနီဝရဏ၊ (၂)က ဗျာပါဒ နီဝရဏ၊ (၃)က ထိနမိဒ္ဓနီဝရဏ၊ (၄) ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ၊ (၅) ဝိစိကိစ္ဆာ နီဝရဏ၊ (၆) အဝိဇ္ဇာနီဝရဏ ဆိုပြီး ကျမ်းဂန်မှာ နီဝရဏခြောက်ပါး ပြထားတယ်။



● မှတ်မိပါပြီဘုရား။ အဲဒီ နီဝရဏတွေရဲ့ သဘောကို ဖွင့်ပြပါဦး ဘုရား။

○ ပထမနံပါတ်(၁)က ကာမစ္ဆန္ဒနီဝရဏ ဖြစ်တယ်။ ကာမဂုဏ် အာရုံ ငါးပါးကို လိုချင် တောင့်တတယ်။ အလိုကြီးတဲ့ စိတ်ဟာ ဈာန်မဂ်ဖိုလ် ရရေးကို တားဆီး ပိတ်ပင်တယ်လို့ မှတ်ရမယ်။

● ဒါဆိုရင် နိဗ္ဗာန်မဂ်ဖိုလ်ကို လိုချင်တာကော၊ ကာမစ္ဆန္ဒနီဝရဏပဲ ဖြစ် မသွားဘူးလား။

○ အေး ဒီမှာ လိုချင်မှု တဏှာရဲ့ သဘောကို သိရမယ်။ ကာမဆိုတာက လိုချင်စရာတွေကို ခေါ်တာ။ လိုချင်စရာတွေကို မြင်ရင် လိုချင်တယ်။ ရပါလို၏လို့ တောင့်တတယ်။ လိုချင်တဲ့ စိတ်က စွဲလမ်းမှု ဥပါဒါန်ကို ဖြစ်စေတယ်။ စွဲလမ်းတာကို မရတဲ့အခါ ရင်ထဲမှာ မီးထပြီး ပူလောင်လာတယ်။ ပူလောင်လွန်းတဲ့အခါ လိုချင်မှု အားကြီးပြီး မိန်းမောမှုအထိ ဖြစ်သွားနိုင်တယ်။ သောက၊ ပရိဒေဝ၊ ဥပါယာသတွေ ဖြစ်လာတယ်။ ဒီ လိုချင်စရာ ကာမကို ရလေလိုလေပဲ။ အားလုံးအဆုံးထိ အကုန်ကို လိုချင်တယ်။ အကြွင်းအကျန် မထားဘဲ လိုချင်တယ်။ အဲဒီလို အားကြီးတဲ့ လိုချင် တပ်မက်မှု ရာဂကို ကာမစ္ဆန္ဒနီဝရဏလို့ ခေါ်တာဖြစ်တယ်။ အဲဒီလို အလိုကြီးခြင်း သဘော ရှိရင် ဈာန်မဂ်ဖိုလ်ကို မရနိုင်ဘူး။ ပိတ်ပင်တားဆီးတတ်တယ်။ သဘောကျ ပလား။ နိဗ္ဗာန်ဆိုတာက မြင့်ပြီး ကြားပြီးဖြစ်တဲ့ လိုချင်စရာ 'ကာမ' မဟုတ်ဘူး၊ ကာမဂုဏ်အာရုံ မဟုတ်ဘူးလေ။ နားလည်ရဲ့လား။

● နားလည်ပါပြီ ဘုရား။ နောက်တစ်ခုကို ရှင်းပြပါဦး။

○ နောက်တစ်ခုက ဗျာပါဒနီဝရဏပဲ။ ဗျာပါဒ ဆိုတာက သူတစ်ပါးကို ပျက်စီးစေချင်တဲ့ စိတ်ပဲ။ ငါ့ရဲ့ အကျိုးမဲ့ကို ပြုခဲ့တာပဲဆိုပြီး ရန်ငြိုးဖွဲ့ တာကို အာဃာတလို့ ခေါ်တယ်။ ခုလည်း ငါ့အကျိုး ပျက်စီးအောင် ပြုနေဆဲပဲ နောက်လည်း သူဟာ ငါ့ရဲ့အကျိုးမဲ့ကို ပြုကျင့်ဦးမှာပဲဆိုပြီး ရန်ငြိုးဖွဲ့တာဟာ အာဃာတချည်းပဲ။ တစ်ခါ သူဟာ ငါ့ရဲ့ ချစ်ခင် မြတ်နိုးသူ မိတ်ဆွေရဲ့ အကျိုးကို ပျက်စီးအောင် အရင်ကလည်း လုပ်ခဲ့တယ်။ ခုလည်း လုပ်ဆဲပဲ။ နောင်လည်း လုပ်ဦးမှာပဲဆိုပြီး ရန်ငြိုးဖွဲ့တာလည်း အာဃာတပဲ။ သူဟာ ငါ့ရဲ့ ရန်သူအကျိုးကိုတော့ ပြုကျင့်ခဲ့တယ်။ ခုလည်း ပြုကျင့်နေတယ်။ နောင် လည်း ပြုကျင့်ဦးမှာပဲလို့ ရန်ငြိုးဖွဲ့တာလည်း အာဃာတပဲ။ တစ်ခါတလေ ကျတော့ အကြောင်း မဟုတ်ဘဲနဲ့လည်း အထင်လွဲပြီး ရန်ငြိုးဖွဲ့တတ်တာမျိုး

www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိသေးတယ်။ ဒီလို ရန်ငြိုးဖွဲ့တာ၊ ထိပါးစေချင်တာ၊ မုန်းတီးတာ၊ ဆန့်ကျင်တာ၊ စိတ်ဆိုးဒေါသထွက်တာ၊ အကြီးအကျယ် မုန်းတီးခါးသီးပြီး ဖျက်ဆီး ချေမှုန်းပစ်ချင်တဲ့ သဘော၊ ပြစ်မှားခြင်း သဘောဟာ စိတ်ရဲ့ ဖောက်ပြန် ပျက်စီးခြင်းပဲ ဖြစ်တယ်။ ဒီလို စိတ်မှာ နှောင့်ယှက်မှု၊ ဖျက်ဆီးမှု၊ မုန်းတီးမှု၊ ခါးသီးမှု၊ ပြစ်မှားမှု၊ ဖောက်ပြန်မှု၊ ဆန့်ကျင်လိုမှု၊ ကြမ်းကြုတ်လာမှု တို့ကြောင့် အကောင်းကို မပြောတော့ဘဲ မကောင်းတာကိုပဲ ပြောဆို ရှုတ်ချ ချင်မှု၊ ပြစ်မှားမှုတွေဟာ ပင်ကိုစိတ် မဟုတ်တော့ဘူး။ ဒီလို စိတ်တိုင်းမကျ မကျေနပ်ခြင်း ဖြစ်နေတာဟာ ဈာန်မဂ်ဖိုလ်ကို မရအောင် တားဆီးပိတ်ပင် တတ်တဲ့ ဗျာပါဒနီဝရဏရဲ့ သဘောတွေပဲ ဖြစ်တယ်။ လောကထဲမှာ လူတွေကို ကြည့်ပြီး ဗျာပါဒနီဝရဏကြောင့် ပင်ကိုစိတ် ပျက်စီးနေသူတွေကို အများ အပြား တွေ့နိုင်ပါတယ်။

● ဒါဆို ကိုယ်ကျိုးကို ထိခိုက်အောင် မလုပ်သေးဘဲနဲ့ ထိခိုက်အောင် လုပ်မှာပဲလို့ မိမိစိတ်က ထင်လို့ သူတစ်ပါးကို ဖိနှိပ်ချုပ်ချယ်နေတာ တွေ၊ ကိုယ်မရထိုက်တဲ့ ခံစားခွင့်တွေကို မျက်နှာပြောင်တိုက်ပြီး အရှက် မရှိ မိုက်မဲစွာ ယူထားကြတာတွေကလည်း ဗျာပါဒ သဘောတွေပဲပေါ့နော် ဘုရား။

○ ဟုတ်တာပေါ့ကွယ်။ လောကမှာ ရက်စက် ကြမ်းကြုတ်သူတွေ၊ အင်အားကို အသုံးပြုပြီး နှိပ်စက်ညှဉ်းဆဲ လူမျိုးတုံး ဖျက်ဆီးနေသူ တွေဟာ ဗျာပါဒ အားကြီးသူတွေပဲပေါ့။

● ဟာ ဒါဆို ဗျာပါဒနီဝရဏဟာ သိပ်ကြောက်စရာ ကောင်းပါကလား။ ဗျာပါဒနီဝရဏ ရှိတဲ့ လူကတော့ ဈာန်မဂ်ဖိုလ်ကို ဘယ်နည်းနဲ့မှ မရနိုင်ဘူးဆိုတာ သိပ်ထင်ရှားပါတယ်။ သူတို့ကို လူ့ဘဝမှာ တန်ဖိုး ဆုံးရှုံးသူ တွေလို့ပဲ ဆိုရတော့မှာပဲနော် ဘုန်း။

○ အေး အဲဒါ ဉာဏ်ရှိသလောက် ဆင်ခြင်ကြည့်ပေါ့ကွယ်။ ဗျာပါဒမှာ အာဃာတဟာ အရင်းခံပဲကွယ်။ ကဲ ဒါထားလိုက်တော့ ပြောရင်းက ကမ္ဘာပေါ်မှာ ဖြစ်နေတဲ့ အရေးအခင်းတွေအထိ ရောက်ကုန်လိမ့်မယ်။ မပြော တာ ကောင်းတယ်။

● တင်ပါဘုရား၊ နောက်တစ်ခု ထိနမိဒ္ဓနီဝရဏကို ရှင်းပြပါဦး ဘုရား။



○ ထိနမိဒ္ဓဆိုတာ စိတ်ဓာတ် မကြံ့ခိုင်တဲ့သဘော၊ ထိုင်းမှိုင်းတဲ့သဘော၊ ဆုတ်နစ်တဲ့ သဘော၊ ပျင်းရိတဲ့သဘော ဖြစ်တယ်။ စိတ်မကြံ့ခိုင် မသန်မာတဲ့အတွက် အမှုကိစ္စ တစ်ခုကို ပြီးမြောက်အောင် မလိုက်လျောနိုင်ဘူး၊ မဆောင်ရွက်နိုင်ဘူး။ ဒါကြောင့် အမှုကိစ္စ တစ်ခုကို ဆောင်ရွက်နေရင်းက စိတ်ဓာတ် ထိုင်းမှိုင်းလာပြီး ဖင့်နွဲ့လာတယ်၊ တွန့်ဆုတ်လာတယ်။ ဒါကို ထိနလို့ ခေါ်တယ်။ စိတ်မခိုင်တဲ့သဘော၊ ထိုင်းမှိုင်းတဲ့သဘောဟာ ထိနပဲ။

● ထိနနဲ့ မိဒ္ဓနဲ့ မတူဘူးလား ဘုန်း။

○ သဘောချင်း သိပ်မကွာခြားဘူး။ စိတ်မကြံ့ခိုင်တော့ အမှုကိစ္စ တစ်ခုကို ဆောင်ရွက်ရင် ထိုင်းမှိုင်း ပျင်းရိလာတယ်။ ဆုတ်နစ်လာတယ်။ ပြီးမြောက်အောင် မဆောင်ရွက်နိုင်ဘူး။ မိဒ္ဓရဲ့ သဘောက ယှဉ်ဘက်တရားတို့ ကို ဘယ်အာရုံပေါ်ကိုမှ ကြည်ကြည်လင်လင် သွက်သွက်လက်လက်ဖြစ်အောင် မတင်ပို့ပေးနိုင်ဘူး။ ဘယ်အာရုံကိုမှ သွက်လက် ကြည်လင်စွာ မယူဆောင်နိုင် ဘူး။ ဒီတော့ ယှဉ်ဘက်တရားတို့ကို အာရုံအမျိုးမျိုးနှင့် ကြည်ကြည်လင်လင် မဖြစ်အောင် ထိုင်းမှိုင်းပြီး ပိတ်ဆို့ တားဆီးတတ်တယ်။ ထိုင်းမှိုင်းရုံမက ငိုက်လည်း ငိုက်မျဉ်းတယ်၊ အိပ်ချင်တယ်၊ ဒါ မိဒ္ဓသဘောပဲကွဲ့။ ထိနက စိတ်ထိုင်းမှိုင်းတာ၊ မိဒ္ဓက စေတသိက်တွေ ထိုင်းမှိုင်းတာပဲ၊ စိတ်စေတသိက်တွေ မခိုင်ခံ့ဘဲ ထိုင်းမှိုင်း ငိုက်မျဉ်း ပျင်းရိခြင်း ဖြစ်တာကို ထိနမိဒ္ဓနီဝရဏလို့ ခေါ်တယ်။ ထိုင်းမှိုင်း ငိုက်မျဉ်း ပျင်းရိခြင်းဟာ ဈာန်မဂ်ဖိုလ်ကို တားဆီး ပိတ်ပင်တတ်တဲ့ သဘောရှိတယ်။ ဒါကြောင့် နီဝရဏလို့ ခေါ်ရတယ်။ သဘော ရှင်းရဲ့လား။

● တင်ပါ ရှင်းပါပြီဘုရား။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကို ရှင်းပြပါဦး ဘုရား။

○ ဥဒ္ဓစ္စဆိုတာက စိတ်ပျံ့လွင့်တာ၊ စိတ်ပျံ့လွင့်တယ်ဆိုတာ စိတ်မငြိမ် သက်ဘဲ၊ လှုပ်ရှား တုန်ခါနေတဲ့ သဘောပေါ့ကွယ်။ မငြိမ်သက်ဘဲ ပျံ့လွင့်တုန်ခါနေတဲ့ စိတ်မှာ တည်ကြည်ခြင်း ဘယ်ရှိပါ့မလဲ။ သူက သမာဓိကို တားဆီး ပိတ်ပင်တာပေါ့။

ကုက္ကုစ္စကတော့ နောင်တရတာ၊ ပူပန်တာ၊ အပြစ်မဟုတ်တာကို ငါမှား တော့ အပြစ်ဖြစ်သွားပြီ ထင်တယ်။ ငါ လုပ်ခဲ့တာ မှားများမှားသွားပြီလား ဆိုပြီး နှလုံးမသာဖြစ်တာ ကုက္ကုစ္စပဲ။ အကုသိုလ် လုပ်ခဲ့မိပြီ၊ ကုသိုလ်တွေ

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ခဲ့ရဘူးဟူ၍ ပူပန်တာ၊ နလုံးမသာဖြစ်တာ၊ စိတ်ရှုပ်ထွေးမှုတွေ ဖြစ်တာ၊ အဲဒါ ကုက္ကုစ္စရဲ့ သဘောပဲ။

စိတ်မငြိမ်မသက်ဖြစ်ပြီး ပျံ့လွင့်တာ၊ ပူပန်သောက ရောက်ပြီး နောင်တရတာ၊ နလုံးမသာဖြစ်တာကို ဥဒ္ဓစ္စ၊ ကုက္ကုစ္စလို့ ဆိုတာပဲကွယ်။ ဒီတရားနှစ်ပါးဟာလည်း ချာန်မဂ်ဖိုလ်ရရေးမှာ တားဆီး ပိတ်ပင်တတ်တယ်။ သဘောကျပြီလား။

- တင်ပါ၊ သဘောကျပါတယ်။ ဝိစိကိစ္ဆာနီဝရဏကို ရှင်းပြပါဘုရား။

○ ငါးခုမြောက် နီဝရဏက ဝိစိကိစ္ဆာနီဝရဏပဲ။ ယုံမှားပြီး သို့လော သို့လော တွေးတောတာ၊ သံသယ ဖြစ်တာကို ဝိစိကိစ္ဆာလို့ ခေါ်တယ်။

- ဘာကို ယုံမှားသံသယ ဖြစ်တာလဲ ဘုရား။

○ မြတ်စွာဘုရား အပေါ်မှာ ယုံမှား သံသယဖြစ်တာ၊ သဗ္ဗညုတဉာဏ်ရတယ် ဆိုတာ ဟုတ်ပဲ ဟုတ်ပါ့မလား။ ဗုဒ္ဓဟောတဲ့ တရားတွေကကော၊ သစ္စာတရားတွေ ဟုတ်ကြရဲ့လား၊ သံဃာတော်တွေကကော အရိယာတွေ ဖြစ်ကြရဲ့လား။ သီလ စင်ကြယ်ကြရဲ့လားလို့ သိက္ခာအပေါ်မှာ ယုံမှားသံသယ ဖြစ်တယ်။ လွန်ခဲ့ပြီးတဲ့ အတိတ်ဘဝတုန်းက ငါ့မှာ ဘာခန္ဓာရခဲ့သလဲ၊ အတိတ်ဘဝ ရှိခဲ့ဖူးတယ်ဆိုတာ ဟုတ်ရဲ့လား။ ဒီဘဝ ဒီခန္ဓာပြတ်ကြွေသေလွန်သောအခါ နောက်ဘဝ နောက်ခန္ဓာ ရဦးမယ်ဆိုတာ ဟုတ်ကောဟုတ်ရဲ့လား။ အတိတ်ဘဝက ပြုခဲ့တဲ့ သင်္ခါရကြောင့် ဒီဘဝမှာ ပဋိသန္ဓေဝိညာဉ် (ဝိပါက်ဝိညာဉ်) ဖြစ်ရတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ ကံမှာ စွမ်းအင်သတ္တိ ရှိတယ်။ ဝိပါက အကျိုးဆက်တွေ ရှိတယ်ဆိုတာကော မှန်ရဲ့လား။ ငါ့ကို ဖန်ဆင်းရှင် တစ်ဦးကများ ဖန်ဆင်းခဲ့လေသလား စသည်အားဖြင့် ဆုံးဖြတ်ချက် မချနိုင်ဘဲ သို့လော သို့လော ယုံမှားခြင်း တွေးတောခြင်း ဖြစ်တာဟာ ဝိစိကိစ္ဆာပဲကွဲ့။ ကျမ်းဂန်များမှာ ယုံမှားပုံ အခြင်းအရာ၊ ယုံမှတ်တတ်တဲ့ သဘောဟာ မသိခြင်းကြောင့် တွေးတောတယ်။ သဘာဝကို နားမလည်တဲ့အတွက် မဆုံးဖြတ်နိုင်ဘူး။ ဒါကြောင့် စိတ်မှာ မတင်မကျ ဖြစ်တယ်။ ပင်ပန်းတယ် မှန်ပဲ မှန်ပါ့မလားလို့ ဒွိဟဖြစ်တယ်၊ စိတ်နှစ်ခွဖြစ်ပြီး တုန်လှုပ်တယ်။ စိတ်မှာ လမ်းနှစ်ခွဖြစ်ပြီး ဘယ်လမ်းကို လိုက်ရမှန်းမသိ၊ ဝေခွဲမရ၊ ဒွိဟဖြစ်ပြီး စိတ်ထဲ တဝဲလည်လည် ဖြစ်နေတတ်တာ၊ မဆုံးဖြတ်တတ်ဘဲ စိတ်ထဲ အခက် ကြုံနေတာဟာ ဝိစိကိစ္ဆာရဲ့ သဘောတွေပဲတဲ့။ ဒီတော့



စိတ်ထဲမှာ ကြောင်ခြစ် သလို အရေးအခြစ်တွေ ဖြစ်ပေါ်ပြီး ရှုပ်ရှုပ်ထွေးထွေး ဖြစ်ရတော့တာပေါ့ကွယ်။ အဲဒါဟာ ဝိစိကိစ္ဆာနီဝရဏရဲ့ သဘောပဲ။ ဝိစိကိစ္ဆာနီဝရဏကလည်း ချာန်မဂ်ဖိုလ်ကို တားဆီး ပိတ်ပင်တတ်တဲ့ စိတ်ထဲမှာ ဖြစ်ပေါ်တတ်တဲ့ အညစ်အကြေး ပဲပေါ့။

- အားရကျေနပ်ပါပြီ ဘုရား။ ခုမှ ဝိစိကိစ္ဆာရဲ့ သဘောဟာ ဉာဏ်ထဲ ရှင်းသွားပါတော့တယ်။ ခြောက်ခုမြောက် အဝိဇ္ဇာနီဝရဏကို ရှင်းပြပါဦး ဘုရား။

○ အဝိဇ္ဇာဆိုတာကတော့ မသိခြင်းပဲပေါ့။ ကြားဖူးမှာပေါ့။

- တင်ပါ၊ ကြားဖူးပါတယ်။ အဝိဇ္ဇာပစ္စယာသင်္ခါရကိုပဲ မှတ်သားဖူးပါတယ်။ အဝိဇ္ဇာဟာ နီဝရဏ ဖြစ်ပုံကိုတော့ နားမလည်သေးပါ ဘုရား။

○ အင်း အဝိဇ္ဇာရဲ့ နယ်ကတော့ ကျယ်ပါတယ်။ မသိဘူး(အဝိဇ္ဇာ)ဆိုတာ ဘာလဲဆိုတော့ ခန္ဓာကို မသိဘူး၊ ဒုက္ခကို မသိဘူး၊ ဒုက္ခ ဘာကြောင့်ဖြစ်သလဲဆိုတာကို မသိဘူး။ ဒုက္ခချုပ်ငြိမ်းခြင်း(နိဗ္ဗာန်)ကို မသိဘူး။ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို မသိဘူး။ သံသရာရဲ့ ရှေ့စွန်းနောက်စွန်းကို မသိဘူး။ မိမိ ဘယ်ကလာသလဲ၊ ဘယ်ကို ရောက်မလဲဆိုတာကို မသိဘူး။

- ရှေ့အစွန်း နောက်အစွန်းဆိုတာ အတိတ်ဘဝ၊ အနာဂတ်ဘဝအလားကို ပြောတာလား ဘုရား။

○ ဟုတ်တာပေါ့၊ ဖြစ်ခဲ့ပြီးတဲ့ အတိတ်ခန္ဓာကို မသိဘူး။ နောင်ဖြစ်လတ္တံ့သော အနာဂတ်ခန္ဓာကို မသိဘူး။ ဇာတိ ပဋိသန္ဓေ ဘာကြောင့်နေခဲ့ရသလဲ မသိဘူး။ ဘဝ တစ်ဘဝကနေ တစ်ဘဝကို ဘယ်လို ဆက်စပ်ပြီး သံသရာမှာ ခန္ဓာအစဉ် ကျင်လည်ရသလဲ ဆိုတာကိုလည်း မသိဘူး။ အဲဒီ အမှန်တရား(သစ္စာ)ကို မသိခြင်းသဘော၊ မိမိ ရထားတဲ့ ခန္ဓာဟာ အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲလို့ ထိုးထွင်းပြီး သိနိုင်တဲ့ ဉာဏ်မျက်စိ မရှိခြင်း သဘောတွေဟာ အဝိဇ္ဇာရဲ့ သဘောတွေချည်းပဲကွဲ့။ ကိုယ့်ခန္ဓာရဲ့ တကယ့်သဘာဝအမှန်၊ ဖြစ်စဉ် အမှန်ကို အမှန်အတိုင်း မြင်အောင် မရှုတတ်ခြင်း သဘော၊ အကောင်းအဆိုး ကုသိုလ် အကုသိုလ်ကို မပိုင်းခြားတတ်ခြင်း သဘော၊ စိတ်ရဲ့ ဖြူစင် ကြည်လင်မှုကို ဖျက်ဆီးတတ်တဲ့ သဘော၊ မိုက်မဲခြင်းကို ဖြစ်စေတတ်တဲ့ သဘော၊ တွေဝေခြင်း သဘော၊ ခွဲခွဲခြားခြား အပြား အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မဝေဖန်တတ်တဲ့ သဘော၊ ဝင့်ဆင်းရဲတွင်း နှစ်မွန်း မြုပ်မျောစေတတ်တဲ့ သဘော၊ အကုသိုလ်တရား အားလုံးရဲ့ အခြေအမြစ် ဖြစ်ခြင်းသဘောဟာ အဝိဇ္ဇာပဲကွဲ့။ ဒီတရား ခြောက်မျိုးကို နီဝရဏ တရားခြောက်ပါးလို့ ခေါ်ရ တယ်။ နီဝရဏတရားကိုယ် ရှစ်ပါးရှိကြောင်းကိုလည်း ဓမ္မသင်္ဂဏီမှာ ပြထား တယ်။

- အမိန့်ရှိပါဦး ဘုရား။

၁ နီဝရဏ ရှစ်ပါးက (လောဘ၊ ဒေါသ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ မောဟ)တို့ပဲတဲ့။ မှတ်မိပြီလား။

- မှတ်မိပါပြီဘုရား။ ကျေးဇူးကြီးလှပါတယ် ဘုရား။ သာဓုပါ ဘုန်း။

❑

# ၉

## သမထ သမာဓိ ဈာန် အဘိညာဉ်ကို နားလည်ခြင်း

ကျွန်မ ရင်ထဲမှာ ဖေဖေ့ စိတ်ဓာတ်မျိုး တစ်စုံတစ်ရာ ရှိကောင်းရှိမည်ဟု ထင်ပါသည်။ ဖေဖေသည် သူသိချင်တာတွေကို သိရအောင် စာတွေ အများကြီး ဖတ်သည်။ စာဖတ်သောအခါ မှတ်လည်းမှတ်သည်။ ပိုင်းခြား၍ သိအောင် လည်း ကြိုးစားသည်ဟု ကျွန်မ တဖြည်းဖြည်း သဘောပေါက်လာပါသည်။ ထိုအခါ ကျွန်မလည်း စာတွေကို ဖတ်ချင်လာပါသည်။ အထူးသဖြင့် ရသစာကို ကျွန်မ မဖတ်ပါ။ ဓမ္မစာကိုသာ အဖတ်များပါသည်။ စိတ်လှုပ်ရှားခြင်းကို ဖြစ်စေသော ဘာသာစကား emotive language ကိုပင် ကျွန်မ မကြိုက်ပါ။ သမ္မပ္ပလာပဝါစာဟု ထင်ပါသည်။ ဗုဒ္ဓဘာသာ စာပေများကို ဖတ်ရသောအခါ ရရှိသော ဓမ္မပီတိသည် သာ၍ ချိုမြိန်လေးနက်သည်ဟု ကျွန်မ ခံစားရပါသည်။ ထေရဝါဒ၏ အခြေခံအုတ်မြစ် ဖြစ်သော အယူအဆများ၊ အမြင်များကို ကျွန်မ ကျယ်ကျယ်ပြန့်ပြန့် သိအောင် အားထုတ်ချင်ပါသည်။ ဖေဖေ (ဘုန်းဘုန်း)၏ ကျန်းမာရေး ထိခိုက်ခြင်းသည် ကျွန်မအတွက် အခွင့်အရေး ဖြစ်ပါသည်။ ဖေဖေ့ကို တွေ့ပြီး မေးချင်တာတွေကို မေးခွင့်ရသောကြောင့် ဖြစ်ပါ၏။

- ဘုန်းဘုန်း ထေရဝါဒရဲ့ အခြေခံ အုတ်မြစ်တွေထဲမှာ တချို့ အယူအဆ တွေဟာ ပိုပြီး နက်ရှိုင်းတယ်နော်။ တပည့်တော် လေ့လာကြည့်တော့ မိရိုးဖလာ ဗုဒ္ဓဘာသာဝင် အများဟာ ဒီအယူအဆတွေကို နားမလည်ဘဲနဲ့ (နားလည်သလိုလိုနဲ့) လက်ခံထားကြတာကို တွေ့ရတယ် ဘုန်း။ အဲဒါဟာ ဘာမှန်းမသိဘဲနဲ့ ယုံကြည်ကိုးကွယ်တာ blind faith မဖြစ်နိုင်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



○ မဖြစ်ဘူး။ ထေရဝါဒ ဗုဒ္ဓဘာသာမှာ လူ့ဉာဏ်နဲ့ အလှမ်းမမီတဲ့ အယူအဆ concepts တွေ အလွန်နည်းတယ်။ အများအားဖြင့် လက်တွေ့စမ်းသပ်ကြည့်ရင် ကိုယ်တိုင် သိနိုင်တဲ့ တရားတွေ ဖြစ်နေတယ်။ ဧဟိပဿိကော၊ သန္ဒိဋ္ဌိကော သဘောတွေပဲ။ တရားသဘောတိုင်းဟာ လက်တွေ့စမ်းသပ်ကြည့်လို့ ရတဲ့ အစမ်းခံ တရားတွေချည်းပဲ။ ဉာဏ်မမီသေးလို့ မသိသေးရင်လည်း သူ့ဉာဏ်အဆင့်ကို ရောက်ရင် သိတာပဲ။ လက်တွေ့နော်။ ကဲ ဒါတွေ ထားပါတော့။ သမီးက ဒီကနေ့ ဘာများ မေးချင်လို့လဲ။

● ဘုန်း ဒီနေ့ ကျန်းမာရေး ပိုကောင်းသလိုပဲ၊ လန်းဆန်းနေတယ်။ သမီး သိချင်တာက များတော့ များပါတယ် ဘုရား။

○ ကဲ ဆိုစမ်းပါဦး။ ဆွမ်းကပ်ဖို့ အချိန် နီးနေမယ်။

● သမီး ဒီကနေ့ သိချင်တာတွေက သမထ၊ သမာဓိ၊ ဈာန်၊ အဘိညာဉ် ဆိုတာတွေပါ ဘုရား။

○ အေး ရွေးချယ်လာတဲ့ အကြောင်းအရာတွေက သိသင့်တာတွေပဲ။ ကဲ သမထက စပြီး ပြောမယ်။ သမထ ဆိုတာက သမာဓိ ရအောင် စိတ်ကို လေ့ကျင့်ခြင်းကို သမထလို့ ခေါ်တယ်။ ဒါလည်း ဘာဝနာ အလုပ်တစ်ခုပဲကွဲ့။ ဘာဝနာဆိုတာက ပွားများရတဲ့ အလုပ်ကို ပြောတာ၊ ကိုယ်လိုချင်တဲ့ စိတ်တန်ခိုး will power ကို ရအောင် စိတ်ကို လေ့ကျင့်တဲ့ ပွားများ အားထုတ်နည်းကို သမထလို့ ခေါ်တယ်။ ဈာန်ရအောင်၊ အဘိညာဉ် (ဉာဏ်)ရအောင် အားထုတ်တဲ့ သမာဓိ ဘာဝနာကမ္မဋ္ဌာန်း နည်းလေးဆယ်ကို မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့တယ်။ သမထဘာဝနာလို့လည်း ခေါ်ရတယ်။ အမှန်မှာ သမထဘာဝနာလုပ်ငန်းဟာ ဗုဒ္ဓမပွင့်ခင်ကလည်း အိန္ဒိယပြည်မှာ ရှေးက ရသေ့(ဣသိ)ကြီးများ ပွားများ အားထုတ်နေခဲ့ကြတယ်။ ဘုရားလောင်းရဲ့ ပထမ ရသေ့ဆရာကြီးများ ဖြစ်ကြတဲ့ ဥဒကတို့ အာဠာရတို့ဟာ သမထဆရာကြီးတွေပေါ့။ ဒါဆိုရင် သမထရဲ့ သဘောကို နားလည်ရောပေါ့။

● သမထ ဆိုတာ သမာဓိ concentration ရအောင် အားထုတ်တဲ့ နည်းလမ်းပဲလို့ မှတ်သားထားရင် ရသလား ဘုရား။

○ အေး ရတယ်။ အဲဒါ အကျဉ်းနည်း မှတ်တာပဲ။ သမာဓိ ဆိုတာက စိတ်တည်ငြိမ်မှု concentration ကို ခေါ်တာ။ စိတ်တည်ငြိမ်မှု သမာဓိလို့ ဆိုရင် လူတွေက အကောင်းချည်း မှတ်နေတတ်ကြတယ်။ သမ္မာသမာဓိ၊



ကောင်းမြတ်သော စိတ်တည်ငြိမ်မှု ရှိသလို၊ မိစ္ဆာသမာဓိလည်း ရှိသေးတယ်။ ယုတ်ညံ့တဲ့ သူတစ်ပါးကို ထိခိုက်စေတဲ့ မကောင်းတဲ့ သမာဓိလည်း ရှိတယ်။

● ဘယ်လိုဟာလဲ၊ နမူနာ ပြပါဦး ဘုန်း။

○ ဥပမာ မုဆိုးဟာ သားကောင်ကို ပစ်သတ်ဖို့အတွက် ချောင်းနေတဲ့အခါ သားကောင်လည်း မလန့်အောင်၊ ပစ်မှတ်လည်း မလွဲအောင် ကိုယ်ရော စိတ်ကို ငြိမ်သက်စွာ တည်နေအောင် သားကောင်ပေါ်မှာပဲ အာရုံ စူးစိုက်ထားတာမျိုးပေါ့။ ဒီနေရာမှာ သတိလည်း ကပ်ထားရတယ်။ ဝီရိယလည်း ထည့်သွင်းထားရတယ်။ ဒါကို မိစ္ဆာသမာဓိလို့ ခေါ်ရတယ်။ ငါးမျှားတဲ့ လူလည်း ဒီလိုပဲ ငါးမျှားတံကို ငြိမ်အောင်ကိုင်ပြီး ငါးက အစာကို ဟပ်တာကို သိအောင် သတိကပ်ပြီး နေရတယ်။ စစ်တုရင် ကစားတဲ့လူ၊ ကျားကစားတဲ့ လူတွေလည်း ဒီလို စိတ်ကို ငြိမ်အောင် ထားပြီး သူများ မှားကွက်ကို မြင်အောင်၊ ကိုယ်က အကွက်ရွှေ့တာ မမှားအောင် သမာဓိရှိဖို့ လေ့ကျင့်ရတယ်။ ဒီအချိန်မှာ သူတို့စိတ်ဟာ အာရုံတစ်ခုတည်းမှာ စူးစိုက်ထားရတယ်။ ဒါက မိစ္ဆာသမာဓိရဲ့ သဘောပဲကွဲ့။

● ဒါဆို သမ္မာသမာဓိက ဘယ်လိုလဲ ဘုန်း။

○ သမ္မာသမာဓိက အပြစ်ကင်းတဲ့ ကုသိုလ်အလုပ်ထဲမှာ အာရုံ စူးစိုက်မှု၊ စိတ်တည်ငြိမ်မှု ဖြစ်တယ်။ စိတ်တည်ငြိမ်ပြီး စိတ်ကြည်လင်လာခြင်းပဲကွယ်။ (ဘာဝနာထဲမှာ သတိမမေ့အောင် အားထုတ်ခြင်းပဲ) ဘုရားက သမ္မာသမာဓိ ရဖို့အတွက် ကမ္မဋ္ဌာန်းနည်း (ပွားများ အားထုတ်နည်း) လေးဆယ်ကို ဟောတော်မူခဲ့တယ်။ ကမ္မဋ္ဌာန်းလေးဆယ်ကိုတော့ တသီးတခြား ပြောမှ ဖြစ်မယ်။ ဒီမှာတော့ စိတ်တည်ကြည်မှု ဖြစ်တဲ့ သမာဓိ အပြားသုံးပါး ရှိတယ် ဆိုတာပဲ မှတ်ထားပါ။ တိုတိုကျဉ်းကျဉ်းပဲ မှတ်ပေါ့။

● သမာဓိသုံးပါးကို ပြောပြပါဦးဘုရား။

○ သမာဓိသုံးပါးက (၁) ဥပစာရသမာဓိ၊ (၂) ဈာန်သမာဓိ၊ (၃) ဝိပဿနာ (ခဏိက) သမာဓိ ပဲ။

● သဘောကို သိအောင် ရှင်းပြပါဦး ဘုရား။

○ အင်း ဥပစာရသမာဓိကို ပထမ ရှင်းပြမယ်။

● တင်ပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com



○ ဥပစာရသမာဓိဆိုတာက ဈာန်ရဲ့အနီး (အပ္ပနာသမာဓိ)ရဲ့ အနီးကို ရောက်အောင် တည်ကြည်နေတဲ့ စိတ်တည်ငြိမ်မှုကို ခေါ်တာပဲကွဲ့။ အာနာပါနာသတိ ခေါ်တဲ့ ဝင်လေထွက်လေကို ရှုမှတ်ရာမှာဖြစ်ဖြစ်၊ ပထဝီကသိုဏ်းလို ကသိုဏ်းတစ်ခုခုကို ရှုမှတ်ပွားများရာမှာပဲ ဖြစ်ဖြစ်၊ ဈာန်အင်္ဂါတွေဖြစ်တဲ့ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ခေါ်တဲ့ စိတ်တည်ငြိမ်မှုအဆင့်ဆင့်ကို ရောက်သွားတယ်။ one pointed concentration လို့ ခေါ်တဲ့ အာရုံတစ်ခုတည်းမှာ စိတ်ဟာ စူးစူးစိုက်စိုက် တည်ကြည်သွားတာဟာ ဥပစာရသမာဓိ ဖြစ်တယ်။ နားလည်သလား။

● နည်းနည်းတော့ နားလည်လာသလိုပဲ ဘုရား။ လက်တွေ့ အားထုတ်ကြည့်မှ ပိုပြီး ရှင်းရှင်း နားလည်မယ်လို့ ထင်ပါတယ်။

○ အေး ဟုတ်တယ်။ အားထုတ်ကြည့်မှပဲ တရားရဲ့ သဘော အမှန်ကို ပိုပြီး မှန်မှန်ကန်ကန် ပြတ်ပြတ်သားသား သိနိုင်တယ်။ ကဲ ဒုတိယသမာဓိကို ပြောမယ်။ အဲဒါက (၂) ဈာန်သမာဓိပဲ၊ အပ္ပနာသမာဓိလို့လည်း ခေါ်တယ်။ ဈာန်ဆိုတာက ဈာနဆိုတဲ့ ပါဠိက လာတာ။ ဈာနဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က ကိလေသာတရားတွေကို မဖြစ်နိုင်အောင် တားမြစ် ပိတ်ပင်တဲ့ ကာမစ္ဆန္ဒနီဝရဏလို ကာမဂုဏ်အာရုံတွေ၊ အယုတ်တရားတွေကို လောင်ကျွမ်း ရှို့မြိုက်ပစ်တတ်တဲ့ သဘောဖြစ်လို့ ဈာန်လို့ ခေါ်တာတဲ့။ အာရုံတစ်ခုတည်းမှာ စိတ်ဟာ စူးစူးစိုက်စိုက် တည်သွားရင် အခြားအာရုံတွေပေါ်မှာ စိတ်မရောက်တော့ဘူး။ အင်္ဂလိပ်လိုတော့ trance လို့ ခေါ်တယ်။ မျောသလို ဖြစ်နေတာကို ဈာန်ဝင်စားတယ်လို့ ခေါ်တယ်။ အဲဒီလို စိတ်ဟာ ရှုပွားတဲ့ အာရုံတစ်ခုတည်းမှာပဲ စူးစူးစိုက်စိုက် တည်ပြီး တခြား အာရုံတွေကို ဘာမှ မသိဘဲ ဖြစ်နေတာကို ဈာန်သမာဓိ၊ ဈာန်သမာဓိကလည်း လေးမျိုးရှိတယ်။ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်လို့ ခေါ်တယ်။ အကျယ်ကိုတော့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းမှာ ရှာပြီး ဖတ်ကြည့်ပေါ့။

● တင်ပါဘုရား။ ဒီလောက် သိရတာပဲ တပည့်တော်ရဲ့ ဉာဏ်ထဲမှာ အတော် ရှင်းသွားပါပြီ။ ဝိပဿနာ(ခဏိကသမာဓိ)ကို ရှင်းပြပါဦး ဘုရား။

○ အိမ်း ခဏိကသမာဓိရဲ့ သဘောကတော့ နည်းနည်း ကျယ်ဝန်းတယ်။ ပထမ ပြောသင့်တာက မြန်မာနိုင်ငံမှာ ဝိပဿနာ အားထုတ်ပုံ နှစ်မျိုး



ရှိတယ်။ လယ်တီဝိပဿနာရှုနည်းမှာ ပထမ သမထကို အခြေခံတယ်။ ဥပစာရသမာဓိကို ရောက်အောင် သုံးလေးရက်လောက် အားထုတ်နိုင်းတယ်။ ဧကဂ္ဂတာ အထိရောက်အောင် အားထုတ်စေတယ်။ သင်္ဂြိုဟ်မှာလည်း သမ္မာသမာဓိဆိုတာက ဥပစာရသမာဓိကို ခေါ်တယ်လို့ ပြထားတယ်။ ဒါက တစ်မျိုး၊ ဥပစာရသမာဓိ ရပြီးမှ ဝိပဿနာ (ဖြစ်ပျက်ရှုမှု) အပိုင်းကို ကူးပြောင်းတယ်။ တခြား ဝိပဿနာ ရှုနည်းတွေမှာတော့ သမထကို တမင် အားမထုတ်ဘဲ ဝိပဿနာကို တိုက်ရိုက်ရှုတယ်။ သုက္ခဝိပဿနာလို့ ခေါ်တယ်။ ဈာန်မြောက်တဲ့ ဝိပဿနာပေါ့။ သမာဓိနဲ့ မသွားဘဲ၊ ပညာဝိမုတ္တိ (ပညာနဲ့ လွတ်မြောက်စေတဲ့) နည်းလို့ ဆိုတယ်။ သူတို့က ဝိပဿနာမှာ သမာဓိကို အထူး လုပ်နေစရာ မလိုဘူး။ ဝိပဿနာ အားထုတ်ရင်းပဲ သမာဓိဟာ အလိုလိုရတယ်။ အဲဒီလို ဝိပဿနာ အားထုတ်ရင်း ဖြစ်ပေါ်လာတဲ့ သမာဓိကို ခဏိကသမာဓိလို့ ခေါ်တာပဲကွယ်။ ချမ်းမြေ့ဆရာတော်ဘုရားကတော့ သူ့ရဲ့ တက္ကသိုလ် မွေ့သဘင် စာအုပ်ထဲမှာ ခဏိကသမာဓိ ဆိုတာဟာ ဥပစာရသမာဓိပါပဲလို့ ဟောထားတယ်။ ယိုးဒယားက ဝိပဿနာ ဆရာမကြီး တစ်ဦးကတော့ ခဏိကသမာဓိ ဆိုတာဟာ ပစ်မှတ်ရဲ့ ဗဟိုချက်ကို ထိမှန်အောင် လေးနဲ့မြားကို ချိန်ရွယ်ပြီး ပစ်တဲ့ လေးပစ်သမားဟာ ညို့တံကို မောင်းမဖြုတ်ခင် ပစ်မှတ် ချိန်ရွယ်နေစဉ်မှာ ဖြစ်သွားတဲ့ စိတ်တည်ငြိမ်မှုကို ခဏိကသမာဓိပဲလို့ ပြောထားတာ ဖတ်ရတယ်။ အမေရိကန် ဝိပဿနာဆရာကြီး ဂျက်၊ ကွန်းဖီးလ်ရေးတဲ့ Buddhist Living Masters ဆိုတဲ့ စာအုပ်ထဲမှာ ပါတယ်။ ဒီဝိပဿနာသမာဓိ (ခဏိကသမာဓိ)ကတော့ လောကုတ္တရာသမာဓိမျိုး ဆိုပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို လိုလားသူများက တန်ဖိုးထားကြတယ်။ ဈာန်သမာဓိ၊ အပ္ပနာသမာဓိမျိုးကတော့ လောကီသမာဓိမျိုး၊ သေလမ်းကိုပဲ ပို့တတ်တယ်ဆိုပြီး ပညာရှိတို့က တန်ဖိုး မထားကြဘူး။

● ဒါပေမဲ့ ဈာန်သမာဓိက မြေလျှိုးမိုးပျံတဲ့အထိ တန်ခိုးဣဒ္ဓိပါဒ်တွေကို ဖြစ်စေနိုင်တယ် မဟုတ်လား ဘုန်း။

○ မြေလျှိုးမိုးပျံနိုင်တယ် ဆိုပေမဲ့ အိုနာသေဘေးကတော့ မလွတ်နိုင်ဘူး၊ သေနယ်ထဲက ရုန်းမထွက်နိုင်ဘူး။

● တင်ပါ၊ ဒါပေမဲ့ အဲဒီဈာန်အဘိညာဉ်(အဘိဉာဏ်)ကလည်း ဗုဒ္ဓရဲ့ ဟောကြားချက်တွေထဲမှာ ပါတာပဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



○ အေး ဟုတ်တယ်။ ဘုရား ဟောခဲ့တာပဲ။ ဘုရား လက်ထက်တော် အခါတုန်းက တချို့ ရဟန္တာများဟာ ဈာနယာဉ်၊ ဆဠာဘိည ပဋိသမ္ဘိဒါပတ္တဂုဏ်နဲ့ ပြည့်စုံတော်မူခဲ့ကြတယ်။ အဘိညာဉ် ခြောက်ပါးလည်း ရခဲ့ကြတယ်။ ဈာန်ပျံတော်မူခဲ့ကြတာလည်း ရှိပါတယ်။

● အဲဒါ စိတ်ဝင်စားစရာ ကောင်းတာပဲ ဘုန်း။ သမီးကို ပြောပြပါဦး။

○ အင်း ဈာန်သဘောကိုတော့ စောစောက ပြောပြခဲ့ပြီးပြီ၊ သဘော သိရောပေါ့။

● တင်ပါ၊ သိပါပြီဘုရား။

○ ဈာန်ဝင်စားပုံကို ပြောပြဦးမယ်။ ဈာန်ဝင်စားပုံက လေးမျိုးရှိတယ်။ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် ဆိုတာ ပြောခဲ့ပြီနော်။

● တင်ပါ၊ ပြောခဲ့ပါတယ်။

○ နု ပဌမဈာန်က စပြီး ပြောမယ်။ (၁) ပဌမဈာန် ဆိုတာ သမထ ကမ္မဋ္ဌာန်းလေးဆယ် အနက်က ကြိုက်ရာ ဈာန် ရနိုင်တဲ့ ကမ္မဋ္ဌာန်း တစ်ခုခု၊ ကသိုဏ်း တစ်ခုခုကို ရှုပွားရတယ်။ ဒီလို ရှုပွားနေတဲ့ ယောဂီဟာ သူ ရှုပွားနေတဲ့ ကမ္မဋ္ဌာန်း အာရုံထဲမှာသာ (၁) ကြံစည်ခြင်း ဝိတက်၊ (၂) စဉ်းစားခြင်း ဝိစာရ၊ (၃) နှစ်သက်ကျေနပ်ခြင်း ပီတိ၊ (၄) ငြိမ်းအေး ချမ်းသာခြင်း သုခ၊ (၅) အာရုံ တစ်ခုတည်းမှာ စိတ်က စူးစိုက်တည်နေမှု ဧကဂ္ဂတာ ဆိုတဲ့ ဈာန်အင်္ဂါငါးပါးနဲ့ ပြည့်စုံနေရင် အဲဒီ စိတ်တည်ငြိမ်မှု အဆင့်ကို ပဌမဈာန်လို့ ခေါ်တယ်။ အကျယ် သိချင်ရင် ဝိသုဒ္ဓိမဂ်မှာ ဖြစ်ဖြစ်၊ သဂြိုဟ်ကျမ်း တစ်ခုခုမှာ ဖြစ်ဖြစ် ဖတ်ကြည့်ပါ။ သေကျွတောင် ဆရာတော် ဦးတိလောကရဲ့ အဘိဓမ္မတ္ထသင်္ဂဟဒီပနီလို့ ထင်ပါတယ်။ အဲဒီကျမ်းမှာ ရေးထားတာ သိပ်ရှင်းတယ်။ အဲဒါ ရှာဖတ်ပါ။ ဘုန်းကြီးရဲ့ စာအုပ်စင်မှာ ရှိပါတယ်။

● တခြားဈာန်တွေကို ရှင်းပြပါဦး ဘုရား။

○ ဒုတိယဈာန် ဆိုတာက ပဌမဈာန်ကို အကြိမ်ကြိမ် ဝင်စားနေတဲ့ ယောဂီဟာ တဖြည်းဖြည်း ဉာဏ်ရင့်လာတဲ့အခါ သူ့မှာ ဝိတက်နဲ့ ဝိစာရ ပျောက်ကင်းသွားပြီး ပီတိ၊ သုခနဲ့ ဧကဂ္ဂတာခေါ်တဲ့ ဈာန်အင်္ဂါသုံးပါးနှင့်



ပဲ ပြည့်စုံခြင်းကို ရောက်နေတယ်။ အဲဒါကို ဒုတိယဈာန်သမာဓိလို့ ခေါ်တယ်။ ဒုတိယဈာန်မှာ ဝိတက်နဲ့ ဝိစာရ မပါတော့ဘူး။

● တတိယဈာန်ကကော ဘုန်း။

○ ဒုတိယဈာန်ကို အကြိမ်ကြိမ် ဝင်စားနေတဲ့ ယောဂီသူမြတ်ဟာ ဉာဏ် ရင့်လာတဲ့အခါ ပီတိဆိုတဲ့ ဈာန်အင်္ဂါကို စွန့်လိုက်တယ်။ ပီတိ မလာတော့ဘူး။ သူ့ဉာဏ်ထဲမှာ သုခနဲ့ ဧကဂ္ဂတာပဲ ရှိတော့တယ်။ အဲဒီ ဈာန်သမာဓိကို တတိယဈာန်သမာဓိလို့ ခေါ်တယ်။

● စတုတ္ထဈာန်မှာ ဒါဆိုရင် ဧကဂ္ဂတာ တစ်ခုတည်းပဲ ကျန်တော့မှာပေါ့။

○ မဟုတ်ဘူး။ တတိယဈာန်ကို အကြိမ်ကြိမ် ဝင်စားနေတဲ့ ယောဂီရဲ့ စိတ်မှာ သုခကို ပယ်ပြီးနောက် ဥပေက္ခာခေါ်တဲ့ သုခကိုပါ လျစ်လျူရှုပြီး ဥပေက္ခာနှင့် ယှဉ်တဲ့ ဧကဂ္ဂတာ ဖြစ်ပေါ်လာတယ်။ အဲဒီ အင်္ဂါနှစ်ပါးနဲ့ ပြည့်စုံနေခြင်းဟာ စတုတ္ထဈာန် ဝင်စားခြင်း ဖြစ်တယ်။ အဲဒီ အချိန်မှာ ယောဂီရဲ့ ကိုယ်မှာ အသက် မရှူတော့ဘူး၊ နှလုံးလည်း မခုန်တော့ဘူး။ သွေးလည်း မခုန်တော့ဘူးလို့ ဆိုတယ်။

● ကမ္မဋ္ဌာန်းလေးဆယ်ထဲမှာ ပြထားတဲ့ ကမ္မဋ္ဌာန်းတိုင်း ဈာန်ရနိုင်သလား ဘုရား။

○ ဟင့်အင်း တချို့က ဈာန် မရနိုင်ဘူး။ ဈာန် မရနိုင်တဲ့ ကမ္မဋ္ဌာန်းက ဆယ်ခုလောက် ရှိတယ်။

● အမိန့်ရှိပါဦး ဘုရား။

○ အေး (၁)က ဗုဒ္ဓါနုဿတိ၊ (၂)က ဓမ္မာနုဿတိ၊ (၃) သံဃာနုဿတိ၊ (၄) သီလာနုဿတိ၊ (၅) စာဂါနုဿတိ၊ (၆) ဒေဝတာနုဿတိ၊ (၇) ဥပသမာနုဿတိ၊ (၈) မရဏာနုဿတိ၊ (၉) အာဟာရေပဋိကူလသညာ၊ (၁၀) စတုဓာတု ဝဝတ္ထာန်တို့ဟာ ဈာန်မရနိုင်ဘူး။ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့တော့ နီးစပ်တယ်တဲ့။

● ဈာန် ရနိုင်တဲ့ ကမ္မဋ္ဌာန်းတွေကကော ဘုန်း။

○ ကသိုဏ်း ၁၀ ပါးရယ်၊ အသုဘ ၁၀ ပါးရယ်၊ ကာယဂတာသတိတစ်ပါး၊ အာနာပါနသတိတစ်ပါး၊ ဗြဟ္မာ့ဝိဟာရလေးပါး၊ အာရုပ္ပလေးပါး အဲဒီ ကမ္မဋ္ဌာန်းသုံးဆယ်က ရနိုင်တယ်။ သဂြိုဟ်ကျမ်းတွေမှာ အကျယ် ရှုကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



● ဒါနဲ့ တပည့်တော် ကြားဖူးတာ ဈာန်ပျံတယ် ဆိုတာ၊ ဈာန်က မြေလျှိုး မိုးပျံနိုင်သလား ဘုရား။

○ ဟဲ့ စောစောက ပြောခဲ့ပြီးပြီ။ ဈာန်က ဝင်စားနိုင်တာပဲ ရှိတယ်။ ပျံနိုင်တာ မဟုတ်ဘူး။ အဘိညာဉ်ရမှ ပျံနိုင်တာကွဲ့၊ ဈာန်ကတော့ အဆင့်ငါးဆင့်အထိ ရှိတယ်။ ပဥ္စမဈာန် ရရင်တော့ လောကီနယ်မှာ အလို ရှိတိုင်း ပြီးစီးစေနိုင်တယ်လို့ ဆိုတယ်။ ပဥ္စမဈာန်ကို ရောက်အောင် သမာဓိကို ထူထောင်ပြီးရင်တော့ ဣဒ္ဓိဝိဓ အဘိညာဉ်လို တန်ခိုး အမျိုးမျိုးကို ဖန်တီးနိုင်ပြီတဲ့။

● ဈာန်နဲ့ အဘိညာဉ်(အဘိဉာဏ်)ကို ခွဲခြား ရှင်းပြပါဦး ဘုရား။

○ အေး မြန်မာဗုဒ္ဓဘာသာတွေက မိဖရိုးဖလာ ကိုးကွယ်ကြတာ ဆိုတော့ ဒီစကားတွေကို ကြားဖူးတာပဲ ရှိတယ်။ သိလားဆိုတော့ ခွဲခွဲခြားခြား ဘာမှ မသိဘူး။ သူတို့ စိတ်ထဲတော့ သိပဲ သိနေကြသလိုလိုနဲ့ တင်းတိမ်နေကြ တယ်။ မေးမြန်း စုံစမ်းရင်ပဲ မယုံကြည်ဘူး ထင်မှာစိုးလို့လား မပြောတတ်ပါ ဘူး။ သမီးကတော့ ဒီလို ယောင်ဝါးမလုပ်နဲ့၊ ဘာကိုပဲဖြစ်ဖြစ် ရှင်းရှင်းသိအောင် လုပ်ရမယ်။ ကြားလား။

● တင်ပါ၊ တပည့်တော် ဉာဏ်ထဲမှာ မရှင်းရင် လက်မခံတတ်ပါဘူး ဘုရား။ ဒါက တပည့်တော်ချည်း မဟုတ်ပါဘူး။ ဒီခေတ်လူငယ်တိုင်း ဒီသဘော ရှိကြပါလိမ့်မယ် ဘုရား။

○ အေး ပြောတိုင်းယုံ၊ ကြဲတိုင်းလိုက်၊ ခိုင်းတိုင်းလုပ် မဖြစ်စေနဲ့။ ဗုဒ္ဓ ဘာသာကို သိပြီးမှ နှစ်နှစ်ကာကာ ယုံကြည်သူ ဖြစ်ပစေနော်။

● တင်ပါ၊ စိတ်ချပါဘုရား။ အဘိညာဉ်နဲ့ ဈာန်ကို ခွဲခြားပြီး ပြောပြပါဦး ဘုရား။

○ ဈာန်နဲ့ အဘိညာဉ်ကို တွဲပြီး ဈာန်အဘိညာဉ်ဆိုပြီး ပြောတတ်ကြပါ တယ်။ ဈာန(ဈာန်) ဆိုတာက အာရုံ တစ်ခုတည်းမှာ စူးစူးနစ်နစ် စိမ့်ဝင်နေတဲ့ စိတ်ကို ပြောတာ၊ ဉာဏ်(အဘိညာဉ်) ဆိုတာက အဘိပုဒ်က အထူး၊ အလွန်အကျူး၊ ထူးမြတ်သော အနက်ရတယ်။ ဉာဏက သိရှိ တွေးမြင် နိုင်တဲ့ အစွမ်းသတ္တိကို ပြောတာပဲ။ အဲဒီ အသိဉာဏ် အထူးကို ရသောသူဟာ မဟိဒ္ဓိရှင်၊ သိဒ္ဓိတန်ခိုးရှင် ဖြစ်တော့တာပဲ။ အဘိညာဉ်က ခြောက်မျိုးရှိတယ်။



● အဲဒီခြောက်မျိုးကို အမိန့်ရှိပါ ဘုရား။

○ (၁) ဣဒ္ဓိဝိဓအဘိညာဉ်၊ (၂) ဒိဗ္ဗစက္ခုအဘိညာဉ်၊ (၃) ဒိဗ္ဗသောတ အဘိညာဉ်၊ (၄)ပရစိတ္တဝိဇာနန အဘိညာဉ်၊ (၅)ပုဗ္ဗေနိဝါသ အဘိညာဉ် ဒါက လောကီနဲ့ ဆိုင်တဲ့ ဈာန်အဘိညာဉ် ငါးမျိုးပဲ။ လောကုတ္တရာနဲ့ ဆိုင်တာက (၆) အာသဝက္ခယအဘိညာဉ်ပဲ။

● ရှင်းပြပါဦး ဘုန်း။

| | |
|---|---|
| ○ (၁) ပုဗ္ဗေနိဝါသဉာဏ် | – ရှေးဘဝအစဉ်ကို အောက်မေ့ သိမြင်နိုင်တဲ့ ဉာဏ် |
| (၂) ဒိဗ္ဗစက္ခုဉာဏ် | – နတ်မျက်စိလို အထူးမြင်နိုင်တဲ့ ဉာဏ် |
| (၃) ဒိဗ္ဗသောတဉာဏ် | – နတ်နားလို အထူး ကြားနိုင်တဲ့ ဉာဏ် |
| (၄) ဣဒ္ဓိဝိဓဉာဏ် | – သိဒ္ဓိတန်ခိုး အမျိုးမျိုးကို ဖန်ဆင်းနိုင်တဲ့ ဉာဏ် (မြေလျှိုး၊ မိုးပျံ၊ ရေပေါ်လမ်း လျှောက်၊ ကိုယ်ပွားများစွာကို ခွဲနိုင်တဲ့ ဉာဏ်) |
| (၅) ပရစိတ္တဝိဇာနနဉာဏ် | – သူတစ်ပါးရဲ့ စိတ်အကြံအစည်ကို သိနိုင်တဲ့ ဉာဏ် |
| (၆) အာသဝက္ခယဉာဏ် | – အာသဝေါတရားတွေ အားလုံး ကုန်ခန်းပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ ဉာဏ် |

ကဲ တော်လောက်ပြီ ဆွမ်းစားချိန်ရောက်ပြီ။

● တင်ပါ ဘုရား။ သာဓုပါ ဘုရား။

❍

www.burmeseclassic.com

## ၁၀

## ယောနိသော မနသိကာရကို နားလည်ခြင်း

ကျွန်မ ဖေဖေသည် ကျွန်မ၏ လောကီဆရာလည်း ဖြစ်သည်။ လောကုတ္တရာဆရာလည်း ဖြစ်သည်။ ကျွန်မ၏ ဂုရုကြီးဆိုလျှင်လည်း ရမည် ထင်ပါ၏။ ဖေဖေ ရဟန်းပြုသွားစဉ်က ကျွန်မ စိတ်ထဲမှာ ဖေဖေနှင့် ကွေကွင်းရပြီလား ဆိုသော ခံစားချက် ဖြစ်ခဲ့ဖူးသည်။ အားကိုးရာ တောင်ကြီးတစ်ခု ပြိုသွားပြီလားဟု အောက်မေ့ပြီး အားငယ်စိတ် အတန်အသင့် ဖြစ်ခဲ့ဖူးသည်။ သို့သော် ဘုန်းဘုန်းက လောကမှာ အားကိုးစရာ ဆုပ်ကိုင်စရာသည် ဓမ္မမှတစ်ပါး ဘာမျှမရှိ ဆိုသော ဉာဏ်အမြင်ကို ပေးခဲ့လေသည်။ အားကိုး မမှားအောင် သတိပညာနှင့် ဝေဖန်တတ်မှသာ သစ္စာဉာဏ် ရနိုင်ကြောင်းကိုလည်း ဘုန်းဘုန်းက ကျွန်မ သိနားလည်အောင် ပြောပြခဲ့ဖူးပါသည်။ ဟုတ်ပါသည်၊ မှန်ပါသည်။ ရုပ်နာမ်ဓမ္မတို့သည် သင်္ခါရ တရားများ ဖြစ်ကြသည်။ သဗ္ဗေသင်္ခါရအနိစ္စာ ဆိုသောကြောင့် မြဲသော တရားများ ခိုင်သော တရားများ မဟုတ်ကြပါ။ သဗ္ဗေဓမ္မာအနတ္တာ ဘာကိုမှ အားကိုး၍ မရပါ။ အမှန်ကတော့ အမှန်ကို သိသော သစ္စာဉာဏ်ကိုပဲ အားကိုးရမည်။ သစ္စာဉာဏ်ကသာ ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်ကို ပို့ဆောင်နိုင်မည် ဖြစ်၏။

ဘုန်းဘုန်းသည် ကျွန်မတို့ကို စွန့်ခွာပြီး သာသနာ့ဘောင်သို့ ဝင်ရောက်သွားကတည်းက ကျွန်မသည် မိမိ ကိုယ်ရည်ကိုယ်သွေးကို ကောင်းအောင် ကြိုးစားပြီး ဘဝကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်၍ ဘဝ တိုးတက်မှုကို ရှာဖွေသွားရန် ဆုံးဖြတ်ချက် ချခဲ့လေသည်။ ထိုအခါ လောကအပေါ်၊ လူတွေအပေါ် ဘယ်လို နှလုံးသွင်း မှန်အောင် ဆက်ဆံရမလဲ ဆိုသော ခက်ခဲသော ပုစ္ဆာ တစ်ပုဒ်ကို အဖြေရှာရတော့သည်။

www.burmeseclassic.ocm

www.burmeseclassic.com



ဖေဖေ(ဘုန်းဘုန်း) မဆုံးပါးသေးသရွေ့ ကျွန်မ ယူကျုံးမရ မဖြစ်ပါ။ ဖေဖေ့ကို ဘုန်းဘုန်းအဖြစ် မြင်နေရသေးသည့်အတွက် ကျွန်မမှာ အင်အားတွေ ရှိနေသေးသည်ဟု ခံစားမိသည်။ ဘုန်းဘုန်းမှာ သွေးချို၊ သွေးတိုး၊ နှလုံးရောဂါ အစုံရှိသည်။ သို့သော် ဘုန်းဘုန်းသည် သာသနာတော်အတွက် လုံးလုံး အနားမယူဘဲ မရပ်မနား ဆောင်ရွက်နေသေးသည်။ မြို့တိုင်းနယ်တိုင်းသို့ ကြွသွားပြီး သူ၏ အလွတ်သင် အခြေပြု ဝိပဿနာ သင်တန်း တရားပွဲများကို တစ်နှစ်ပတ်လုံး တရစပ် ကျင်းပ ပြုလုပ်နေသည်။ ပြီးတော့ မကွေးမြို့ ဆင်တောင်တောရနှင့် တောင်ငူမြို့ ရှင်အနုရုဒ္ဓာတောရမှာရော၊ ပျဉ်းမနားမြို့ သပြေအေးတောရမှာပါ အလုပ်ပေး တရားစခန်းပွဲများကို ကျင်းပပေးလျက်ရှိသည်။ နားရက် တစ်ပတ်လောက်ရသည်နှင့် ရန်ကုန်မြို့သို့ ကြွလာပြီး သမားတော်ကြီးများနှင့် သူ့ကျန်းမာရေးကို စစ်ဆေးခံလေသည်။ ထိုအခါ ကျွန်မတို့ မိသားစု ဘုန်းဘုန်းကို အနီးကပ် ဖူးခွင့်ရပါသည်။

တန်ခူးလတုန်းက ဘုန်းဘုန်း ကန့်ပလူ ဇီးကုန်းသို့အသွား လမ်းမှာ တစ်ရက်တည်း ကားနှစ်ကြိမ် မှောက်သည်။ တရားက စောင့်ရှောက်၍လား မသိပါ။ ကားပေါ်ပါသူများလည်း ဘာမျှမဖြစ်။ ဘုန်းဘုန်းလည်း ထိခိုက်ခြင်း မရှိပါ။ ဒါကြောင့် ကျွမ်မတို့ လှူထားသော ကားကို ဘုန်းဘုန်း စွန့်လိုက်သည်။ ကားမရှိသောကြောင့် ကမ္ဘာအေးမှာ တည်းခိုလျှင် ကျွန်မတို့ ဆွမ်းကိစ္စ အခက်အခဲ ရှိသည့်အတွက် ဘုန်းဘုန်းသည် ကျွန်မတို့အိမ်က ဘုရားခန်းမှာ ယာယီကောင်းသခ်မ်းအဖြစ် သီတင်းသုံးပါသည်။ ကျွန်မ ဘုန်းဘုန်းအား မေးရန် အချိန်ပို ရခဲ့ပါသည်။ ဘုန်းဘုန်း ရန်ကုန်မှာ သုံးလေးရက်သာ နေပါသည်။

သည်တစ်ခါ ကျွန်မသည် ဉာဏ်အဆင့်မြင့် တရားများကို မေးဖို့ ဆုံးဖြတ်ထားပါသည်။

- ● တပည့်တော် ဒီတစ်ပတ် မေးချင်တဲ့ မေးခွန်းက တော်တော် လေးနက်ပြီး အရေးပါမယ်လို့ ထင်ပါတယ် ဘုရား။
- ○ ဘာများလဲကွဲ့။ အဆင့်မြင့်တဲ့ တရားတွေ အပေါ်မှာ ဉာဏ်ကျက်စားနိုင်မှသာ ကိုယ်ရည်ကိုယ်သွေး ပိုပြီး ကောင်းလာမှာပေါ့။ ကဲ ဘာမေးမလဲ။ မေးစမ်းပါဦး။



- ● ထေရဝါဒ နားလည်မှုမှာ 'ယောနိသောမနသိကာရ' ဆိုတဲ့ ကိစ္စဟာ တော်တော် အရေးပါတယ်လို့ ထင်ပါတယ် ဘုန်း။ ဒီပါဠိစကားရဲ့ အနက်ကို အသင့် နှလုံးသွင်းခြင်း၊ သင့်သောအားဖြင့် နှလုံးသွင်းခြင်းလို့ ပြောကြဆိုကြတာ ကြားဖူးပါတယ်။ 'အယောနိသောမနသိကာရ' ဆိုတာက မသင့်သော နှလုံးသွင်းခြင်းလို့လည်း ကြားဖူးပါတယ်။ ကြားသာ ကြားဖူးတယ်။ ကွဲကွဲပြားပြား နားလည်သလားဆိုတော့ နားမလည်ပါဘူး ဘုန်း။ ဒီနေရာမှာ နှလုံးသွင်းမှု(မနသိကာရ) ဆိုတာ ဘယ်လို စိတ်သဘောထားမျိုးလဲ။ သင့်တယ်၊ မသင့်ဘူး ဆိုတာက ဘာနဲ့ တိုင်းတာတာလဲ ဆိုတော့ တပည့်တော် ခေါင်းထဲမှာ မရှင်းပါဘူး ဘုရား။ အဲဒါကို ကွဲကွဲပြားပြား သိချင်လို့ပါ ဘုရား။
- ○ အေး ကောင်းတယ်။ ဒီမေးခွန်း သိပ်ကောင်းတာပဲ။ ဒီစကားဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်တဲ့ အလုပ်စဉ်နဲ့ ပတ်သက်တဲ့ တရားကို ဖော်ပြတာလို့ မှတ်ရမယ်။ ပထမဦးစွာ(မနသိကာရ) ဆိုတဲ့ နှလုံးသွင်းခြင်း သဘောကို နားလည်သင့်တယ်။
- ● မှန်လှပါ၊ နားလည်ချင်ပါတယ် ဘုရား။
- ○ အေးနေပါဦး။ သမီးက ဒါတွေကို ဒီလောက် သိချင်နေတာ ဘာကြောင့်လဲ။ ဘုန်းကြီး လာတိုင်းလည်း ပုစ္ဆာတစ်ခုပြီး တစ်ခု မေးစရာ ရှာထားတာ တွေ့ရတယ်။
- ● ဟုတ်ပါတယ် ဘုန်း။ တပည့်တော် ရင်ထဲမှာ အမြင်ကျယ်ချင်ပါတယ်။ အမှန်ကိုလည်း သိချင်လို့ပါ ဘုရား။
- ○ အင်း ဟုတ်ပြီ။ အဲဒါ ဘုန်းကြီးက သိချင်တာ။ နှလုံးသွင်းမှန်မှုဆိုတာ လောကီဉာဏ် အတွက်ရော၊ လောကုတ္တရာ မဂ်ဉာဏ် ဖိုလ်ဉာဏ် အတွက်ရော အရေးကြီးတယ်။ ခု သမီးက ဒီလို မေးခွန်းတွေ မေးနေတဲ့ နေရာမှာလည်း နှလုံးသွင်းမှန်ဖို့ လိုတယ်။ နှလုံးသွင်းမှန်မှုနဲ့ ပတ်သက်ပြီး ကျမ်းဂန်မှာ မြတ်ဘုရား ဟောကြားထားတာတွေ အများကြီး ရှိတယ်။ ဒါပေမယ်လို့ ခု သမီး နားလည်အောင် ပြောတဲ့အခါ အဆင့်မြင့် ဉာဏ်အမြင်ပိုင်းကို မပြောသေးဘဲ ယောနိသော မနသိကာရ ဆိုတဲ့ စကားမှာပါတဲ့ မနသိကာရ သဘောကို အရင်ပြောမှ ဖြစ်မယ်။ နှလုံးသွင်းမှု သဘောကို မိလိန္ဒမင်းကြီးက မေးလို့ ရှင်နာဂသိန် ဖြေထားတာ ရှိတယ်။ စိတ်ဝင်စားဖို့လည်း ကောင်းတယ်။ နားလည်ဖို့လည်း လွယ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



● ဘယ်လိုများ မေးထား ဖြေထားလို့လဲ ဘုန်း။

○ ပထမ မှတ်သားထားသင့်တာကို ပြောမယ်။

● ပြောပါဘုရား။

○ သင့်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း (ယောနိသောမနသိကာရ) ဆိုတာ အကျင့်တရား တစ်ခုပဲ။ ပညာရကြောင်းတရားရှစ်ပါးထဲမှာ ပါဝင်တဲ့ တရားတစ်ပါးပဲကွဲ့။ ဘုရားက ပညာရချင်သူဟာ သာကစ္ဆာ= ဆွေးနွေးပါ၊ ပုစ္ဆာမိ= မေးမြန်းပါ၊ ယောနိသောမနသိကာရ= သင့်သော အကြောင်းအားဖြင့် နှလုံးသွင်းပါလို့ ဟောတော်မူခဲ့တယ်။

● မိလိန္ဒမင်းကြီးက ရှင်နာဂသိန်ကို မေးခဲ့တယ် ဆိုတာကကော ဘုန်း။

○ မိလိန္ဒ အမေးက တော်တော် ဒဿနဆန်တယ်။ သူက ဘယ်လိုမေးသလဲဆိုတော့ ယောနိသောမနသိကာရဟာ မွေးကတည်းက ပင်္ကိုသဘာဝ ကတည်းက ပါတဲ့တရား (innate idea)လားလို့ မေးတယ်။

● အဲဒီ အမေးကို ရှင်နာဂသိန်က ဘယ်လို အဖြေပေးသလဲ ဘုန်း။

○ ရှင်နာဂသိန်က မင်းကြီး ယောနိသောမနသိကာရဖြင့်လည်း ပင်္ကိုသဘာဝ နေ၏။ ပညာဖြင့်လည်း ပင်္ကိုသဘာဝနေ၏။ ပညာကင်းသော တစ်ပါးသော ကုသိုလ်ဖြင့်လည်း ပင်္ကိုသဘာဝနေ၏ လို့ ဖြေတော်မူတယ်။

● နေပါဦး ဘုရား၊ ယောနိသောမနသိကာရကို ပညာထဲ ထည့်လို့ မရဘူးလား၊ ပညာနဲ့ ဘယ်လို ကွာခြားသလဲ ဘုရား။

○ အင်း သမီးက ငယ်သာငယ်တယ်။ မိလန္ဒမင်းလောက် ဉာဏ်သွားသားပဲ။ မင်းကြီးကလည်း ဘယ်နေမလဲကွယ်။ ယောနိသောမနသိကာရနဲ့ ပညာနဲ့ မတူဘူးလား၊ ယောနိသောမနသိကာရလည်း ပညာပဲ မဟုတ်လားလို့ မေးတယ်။

● အဲဒီ မေးခွန်းကို ရှင်နာဂသိန်က ဘယ်လို ဖြေသလဲ ဘုရား။

○ အေး ရှင်နာဂသိန်က ယောနိသောမနသိကာရက တခြား၊ ပညာက တခြား သဘောအားဖြင့် မတူဘူးလို့ ဖြေတော်မူတယ်။

● ဟင်... တော်တော် စိတ်ဝင်စားဖို့ ကောင်းတာပဲနော် ဘုန်း။ ဒီတော့ မင်းကြီးက ကျေနပ်သွားရောလား ဘုရား။



○ ဟ... မိလိန္ဒပဲ။ ဘယ်လက်ခံမလဲ။ ချက်ချင်း မေးမြန်းတာပေါ့။ အရှင်ဘုရား ဘယ်လို မတူတာလဲ တပည့်တော် နားထဲရှင်းအောင် သိလွယ်သော စကားနဲ့ ရှင်းပြပါဦးလို့ လျှောက်ထားတယ်။ ဒီအခါ ရှင်နာဂသိန်က မင်းကြီး တိရစ္ဆာန်တွေဖြစ်တဲ့ ဆိတ်တွေ၊ မြင်းတွေ၊ ကျွဲတွေ၊ နွားတွေ၊ မြည်းတွေ၊ ကုလားအုတ်တွေမှာ မနသိကာရတော့ ရှိတယ်။ ပညာတော့ မရှိဘူးလို့ ဖြေတယ်။ ဒီအဖြေကို သမီး ခေါင်းထဲရှင်းအောင် စဉ်းစားကြည့်ပေါ့။

● ကြက်တွေ၊ မြင်းတွေ၊ ခွေးတွေကို သူ့ပိုင်ရှင်တွေက အစာကျွေးဖို့ ခေါ်လိုက်ရင် ကြားရာ အရပ်က ပြေးလာတတ်ကြတယ်။ လမ်းပေါ် ဖြတ်ပြေးရင် ကားလာတာ တွေ့ရင် နောက်လှည့်ပြေးတယ်။ လွတ်မယ် ထင်ရင် ဖြတ်ပြေးတယ်။ အဲဒါ မနသိကာရလား ဘုရား။

○ အေး... ဟုတ်တယ်။ မနသိကာရပဲပေါ့။ သူတို့ စိတ်ကို စုစည်းပြီး တုံ့ပြန်တတ်တဲ့ သဘောပဲလေ။ ဒါပေမဲ့ သူတို့မှာ ပညာဉာဏ် မရှိတဲ့အတွက် ဝေဖန် ပိုင်းခြားတတ်တဲ့ သဘောတော့ မရှိဘူး။

● ဒီလိုဖြေတော့ မင်းကြီးက ဘာမှ ဆက်မမေးဘူးလား ဘုန်း။

○ ဟဲ့ မိလိန္ဒမင်းပဲ မမေးဘဲ နေပါ့မလား။ မေးတာပေါ့။ အရှင်ဘုရား၊ မနသိကာရသည် ဘယ်လို စုရုံးသလဲ။ ပညာသည် ဘယ်လို ပိုင်းခြားသလဲ။ ဥပမာနဲ့တကွ သိလွယ်မြင်လွယ်အောင် ရှင်းပြပါလို့ လျှောက်တယ်။

● ဒီလိုမေးတော့၊ ရှင်နာဂသိန်က ဘယ်လိုဖြေသလဲဘုရား။

○ နေဦး၊ စိတ်မစောနဲ့ ရှင်နာဂသိန်က ဖြေတယ်။ မင်းကြီး မုယောစပါးကို ရိတ်တဲ့အခါ ဘယ်လို ရိတ်ရသလဲတဲ့။ မေးပြန်တယ်။ ဒီအခါ မင်းကြီးက အရှင်ဘုရား၊ မုယောစပါးကို ရိတ်သောသူဟာ လက်ဝဲလက်ဖြင့် စပါးပင်ကို စုကိုင်ပြီး၊ လက်ယာလက်ဖြင့် တံစဉ်ကို ဆွဲကိုင် ပိုင်းဖြတ်ရပါတယ်လို့ ဖြေတယ်။ ဒီအခါ ရှင်နာဂသိန်က မင်းကြီး အဲဒီ ဥပမာလိုပဲတဲ့ ကမ္မဋ္ဌာန်းတရားကို အားထုတ်တဲ့အခါ ယောဂါဝစရပုဂ္ဂိုလ်(ယောဂီ)ဟာ မနသိကာရဖြင့် မိမိစိတ်ကို စုရုံးပြီး၊ ပညာ(ဝိပဿနာဉာဏ်)နဲ့ ကိလေသာတွေကို ပိုင်းဖြတ်ရတယ်လို့ ဖြေတော်မူတယ်။ ကဲ သဘောလောက်တော့ ရိပ်စားမိရောပေါ့။

● ရိပ်စားမိပါပြီ ဘုရား။ မနသိကာရဟာ ဒါဆို နေ့စဉ် ဘဝအတွေ့အကြုံ ထဲမှာ ပါနေတဲ့ တရားလို့ ဆိုနိုင်သလား ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



○ ဟ နေ့စဉ် မြင်မှု၊ ကြားမှုတိုင်းမှာ မနသိကာရ မပါဘဲနဲ့ ဖြစ်ကို မဖြစ်ဘူး။ မျက်စိနဲ့ အဆင်းနဲ့ တိုက်ဖို့ဆိုရာမှာ အာလောကဆိုတဲ့ အလင်းလည်း ပါရတယ်။ အလင်းလည်း ရှိတယ်၊ အဆင်းလည်း ရှိတယ်၊ မျက်စိအကြည်လည်း ရှိတယ်။ မြင်တော့ မြင်လိုက်တယ်၊ ဘာကို မြင်လိုက်သလဲ မသိဘူး။ သတိမမူ ဂုမမြင်ဆိုတဲ့ စကားမျိုးပေါ့။ ဒီကိစ္စမှာ သတိမူမှု၊ စိတ်ကို စုစည်းမှု (နှလုံးသွင်းမှု)ပါမှ အသိတစ်ခု (မြင်သိစိတ်) တစ်ခု ဖြစ်နိုင်ကြောင်းကို သင်္ဂြိုဟ်မှာ ပါတယ်။ ဒါက မနသိကာရဆိုတဲ့ စိတ်ရဲ့ စုစည်းမှု(သတိပြုမှု) သဘောကို ပြောတာ၊ ဒီမှာလည်း ယောနိသောမနသိကာရ နဲ့ အယောနိသောမနသိကာရ ဆိုတဲ့ သင့်သော အကြောင်းဖြင့် နှလုံးသွင်းမှု (စိတ်ကို စုစည်းမှု)နဲ့ မသင့်သော အကြောင်းဖြင့် စိတ်ကို စုစည်းမှု၊ နှလုံးသွင်းမှု) ကွာခြားပုံကို သိဖို့က ပိုပြီး အရေးကြီးတယ်။

● တင်ပါဘုရား၊ အဲဒါကို ရှင်းပြပါဦး ဘုရား။

○ သင့်သော အကြောင်းအားဖြင့် (ယောနိသော)နဲ့ မသင့်သော အကြောင်းအားဖြင့် (အယောနိသော) ဆိုတာကို မြန်မာစကား ရိုးရိုးနဲ့ ပြောရင်၊ နှလုံးသွင်းမှန်မှု၊ နှလုံးသွင်းမှားမှုလို့ ဆိုရမှာပေါ့။

● တင်ပါ တပည့်တော် နားလည်ပါပြီ ဘုရား။ ဆက်ရှင်းပြပါဦး။

○ ဟဲ့ မင်း နားလည်ပြီဆို ဘာဆက်ရှင်းစရာ လိုသေးသလဲ။

● သြော် တပည့်တော် နားလည်ပါပြီလို့ ပြောတာက သင့်သောအကြောင်းအားဖြင့်၊ မသင့်သော အကြောင်းအားဖြင့်ဆိုတာ မှန်တာ မှားတာကို ဆိုတာပါကလားလို့ တစ်ချက် သိမြင်လိုက်တာကို ပြောတာပါ ဘုရား။ ဘယ်လို နှလုံးသွင်းမှ မှန်တယ်၊ သင့်တယ်၊ ဘယ်လို နှလုံးသွင်းရင် မမှန်ဘူး၊ မသင့်ဘူး ဆိုတာတော့ နားမလည်သေးပါဘူး ဘုရား။

○ အင်း သမီးက ခေါင်းရှင်းတယ်၊ ရှင်းအောင် တွေးတတ်တယ်။ ပိုင်းခြား နားလည်တတ်တယ်။ နားလည်သယောင်နဲ့ ဝလုံးရှုပ်ထွေး ဖြစ်နေတာ မကောင်းဘူး။ ကဲ ခု နှလုံးသွင်းမှန်ခြင်း(သင့်ခြင်း) အကြောင်းနဲ့ နှလုံးသွင်းမှားခြင်း(မသင့်ခြင်း) အကြောင်းကို ဆက်ပြောမယ်။ ဒီနေရာမှာ မူလ ပဏ္ဏာသ ပါဠိတော် (မြန်မာပြန်ထဲက) သဗ္ဗာသဝသုတ်ကို အခြေခံပြီး ပြောမှ ဖြစ်မယ်။

● တင်ပါဘုရား၊ အမိန့်ရှိပါဦး ဘုရား၊ ဒီတရားကို နာရတာ ဉာဏ်အဆင့် ပိုပြီး မြင့်လာသလိုပဲ ခံစားမိပါတယ် ဘုရား။



○ မဇ္ဈိမနိကာယ်မှာ မူလပဏ္ဏာသဆိုတာ ပါတယ်။ အဲဒီ ပါဠိတော်ထဲမှာ သုတ္တန်တရားတွေ အများကြီးပါတယ်။ ဒီအထဲက မူလ ပရိယာယဝဂ်မှာ ပါတဲ့ ဒုတိယသုတ်၊ အမှတ်(၂)က သဗ္ဗာသဝသုတ်လို့ ခေါ်တယ်။ ဒီမှာ သဗ္ဗာသဝသံဝရဆိုတဲ့ စကားကို မှတ်သားထားနော်။ ဒီစကားရဲ့ အဓိပ္ပာယ်က အာသဝေါတရား အားလုံးကို ပိတ်ပင်ကြောင်း ဒေသနာလို့ အဓိပ္ပာယ်ရတယ်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူစဉ် အခါတစ်ပါးမှာ ဒီတရားကို ရဟန်းများ စုဝေးနေကြစဉ်မှာ ဟောတော်မူတယ်။ ဒီတရားမှာ မြတ်စွာဘုရား သုံးနှုန်းတော်မူတဲ့ စကား အသုံးအနှုန်းတွေကိုလည်း မှတ်မိအောင် ကြိုးစားနော်။

● တင်ပါဘုရား၊ တပည့်တော် စိတ်ဝင်စားပါတယ်။

○ အေး စိတ်ဝင်စားရင် မှတ်မိတယ်။ နားမလည်တာ ရှိရင်လည်း ဖြတ်မေးပေါ့။

● မှန်လှပါဘုရား၊ တပည့်တော် ခေါင်းထဲမှာ မရှင်းရင် မေးပါ့မယ်။

○ ဒီသုတ္တန်ဒေသနာမှာ မြတ်စွာဘုရားက ရဟန်းတို့ ငါသည် **သိသူမြင်သူ** အား အာသဝေါတရားတို့၏ ကုန်ခြင်းကို ဟောတော်မူ၏။ **မသိသူ မမြင်သူ**အား ဟောတော်မမူဆိုတဲ့ စကားနဲ့ အစပျိုးထားတယ်။ ကဲ သမီး ခေါင်းထဲမှာ ဘာများ မေးချင်သလဲ။

● တင်ပါဘုရား၊ မေးချင်ပါတယ်။ ဒီမှာ သိသူမြင်သူနဲ့ မသိသူ မမြင်သူ ဆိုတဲ့ ဝိသေသပုဒ်တွေပါတဲ့ စကားတွေဟာ ထူးခြားပါတယ်။ ဘုရားက သိသူမြင်သူဆိုတာ ဘယ်လိုလူကို ဆိုတာလဲ ဘုရား။ မသိသူ မမြင်သူ ဆိုတာက ဘယ်လိုလူကို ပြောတာလဲ ဆိုတာ သိပါရစေ။

○ အေး မေးခွန်းက ချက်ကျတယ်။ ဘုရားက ဒီမှာ သင့်သော အကြောင်းအားဖြင့် နှလုံးသွင်းသူ၊ နှလုံးသွင်းမှန်တဲ့ လူကို သိသူ မြင်သူလို့ ဆိုလိုတယ် သမီးရဲ့။ မသင့်သော အကြောင်းအားဖြင့် နှလုံးသွင်းသူ (နှလုံးသွင်းမှားသူ)ကို မသိသူ မမြင်သူလို့ ဆိုခြင်း ဖြစ်တယ်။ ကဲ ရှင်းပြီလား။

● နေပါဦးဘုရား၊ မရှင်းသေးဘူး ဘုရား။

○ ဘာများ မရှင်းသလဲ၊ မေးစမ်းပါဦး။

● ဒီလိုပါ ဘုရား၊ တပည့်တော်ရဲ့ ခေါင်းထဲမှာ နှလုံးသွင်း မှန်သူကို သိသူ မြင်သူ၊ နှလုံးသွင်း မှားတဲ့လူကို မသိသူ မမြင်သူဆိုတာတော့

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါပြီ။ ဒါဆို နှလုံးမသွင်းတဲ့ လူကို ဘယ်လို နားလည်ရမလဲလို့ သိချင်ပါတယ် ဘုရား။

○ အေး သမီး မေးပုံကလေးက ပိုင်ပိုင်နိုင်နိုင် ရှိလိုက်တာ၊ ယုတ္တိဗေဒ ဉာဏ်ထက်သန်တဲ့ တက္ကသိုလ်ကျောင်းသား တစ်ယောက်လိုပဲ။ ကောင်းတယ်။ ဒီအမေး သိပ်ကောင်းတယ်။ ယုတ္တိဗေဒသဘောမှာ non-observation ဆိုတာ နှလုံးမသွင်းခြင်းကို ခေါ်တယ်။ ဘယ်ကိစ္စမှာမဆို နှလုံးသွင်း မပါရင် (စိတ်ကို စုစည်းမှု သဘောမပါရင်) သိသူမြင်သူ မဟုတ်ဘူး၊ သူဟာ မသိသူ မမြင်သူပဲပေါ့ကွယ်။ မှားတာမှန်တာ အပထား နှလုံးသွင်း မပါဘဲနဲ့တော့ သိသူမြင်သူ မဖြစ်နိုင်ဘူးလို့ မှတ်ထားရမယ်။ မှတ်မိပြီလား။

● မှတ်မိပါပြီဘုရား။

○ နောက်ထပ် ဘာသိချင်သေးလဲ။

● နှလုံးသွင်းမှန်သူရဲ့ သဘောလက္ခဏာ ဘယ်လိုရှိသလဲ။ နှလုံးသွင်း မှားသူရဲ့ သဘောလက္ခဏာဟာ ဘယ်လိုလဲ ဆိုတာကို သိချင်ပါတယ် ဘုရား။ ဘုရားက ဘယ်လို ဟောသလဲဆိုတာ သိပါရစေ။

○ ကဲ ရှင်းပြမယ်။ ဘုရားဟောတရားက အလုံးစုံ ပြည့်စုံတယ် သမီးရဲ့။ ရေပက်မဝင်ဘူး၊ ရှင်းလည်း သိပ်ရှင်းတယ်။ ကဲ ဆွမ်းချိန်နီးနေပြီ။ ဆွမ်းစားပြီးမှ ဆက်ပြီး ရှင်းပြမယ်။ ခေတ္တ နားကြဦးစို့။

❑

## ယောနိသောမနသိကာရကို နားလည်ခြင်း (အဆက်)

ဘုန်းဘုန်း ဆွမ်းစားပြီးနောက် ခေတ္တနားပြီး ကျွန်မ၏ မေးခွန်းကို အဖြေပေးပါသည်။

○ နှလုံးသွင်း မှန်မှားနဲ့ ပတ်သက်ပြီး ရှင်တော်မြတ်ဘုရားက သိလွယ်အောင် ရှင်းလင်း ဟောကြားတော်မူခဲ့တယ်ကွဲ့။

● အမိန့်ရှိပါဘုရား။

○ နှလုံးသွင်းမှားတယ်ဆိုတာ မသင့်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း ဖြစ်တယ်။ ဒီလို မသင့်သော အကြောင်းအားဖြင့် နှလုံးသွင်းမှားရင် ဘာဖြစ်တတ်သလဲ ဆိုတာကို ဘုရားက "ရဟန်းတို့ မသင့်သော အကြောင်းအားဖြင့် နှလုံးသွင်းသူအား မဖြစ်သေးသော အာသဝေါ တရားများ ဖြစ်ကြကုန်၏။ ဖြစ်ပြီးသော အာသဝေါတရားတို့လည်း တိုးပွားကြကုန်၏" တဲ့။ သဘောကျရဲ့လား။

● တင်ပါ၊ နှလုံးသွင်း မှားသူမှာ မဖြစ်သေးတဲ့ အာသဝေါတရားတွေ ဖြစ်လာတတ်တယ်။ ဖြစ်ဆဲ ဖြစ်ပြီး အာသဝေါတရားတွေလည်း တိုးပွား လာတတ်တယ်လို့ ဆိုတာပဲနော်။

○ ဟုတ်တာပေါ့ကွယ်။

● ဟုတ်တယ်ဆိုပေမဲ့ ဒီမှာ အာသဝေါတရားဆိုတာ အကုသိုလ်တွေကို ပြောတာလား ဘုရား။ အဲဒါ တပည့်တော် စိတ်ထဲမှာ မရှင်းသလို ဖြစ်နေလို့ပါ ဘုန်း။

○ အေး စိတ်ထဲ မရှင်းရင် ရှင်းအောင်၊ နားမလည်ရင် နားလည်အောင် မေးရမယ်။ သမီးတို့ လူငယ်တွေရဲ့ ဉာဏ်ဦးနှောက်ထဲမှာ မြတ်ဗုဒ္ဓရဲ့

www.burmeseclassic.com

www.burmeseclassic.com



တရားဓမ္မအမြင်တွေအပေါ် စိတ်ရှင်းအောင် နားလည်ဖို့ သိပ်အရေးကြီးတယ်။ စေ့စေ့သိမှု၊ ရှင်းရှင်းမြင်မှု၊ သဘာဝကျကျ နားလည်မှု စိတ်ချလက်ချ ယုံကြည်မှု သဒ္ဓါတရား ဖြစ်ပေါ်လာနိုင်တာပေါ့ကွယ်။ ကဲ အာသဝေါဆိုတဲ့ ဝေါဟာရရဲ့ အဓိပ္ပာယ်ကို ရှင်းပြမယ်။

- တင်ပါဘုရား။

○ ပါဠိ အင်္ဂလိပ် အဘိဓာန်မှာတော့ Asava is synonymous with kelesa လို့ ဆိုပြီး၊ အာသဝရဲ့ အနက်ကို human passion, sin, corruption, depravityဆိုပြီးလည်း ပြထားတယ်။ စကားလုံးရဲ့ အဓိပ္ပာယ်အရင်းကတော့ အာသဝဆိုတာ ယိုစီးခြင်း သဘောပဲ။ အာသဝနဲ့ ကိလေသာဟာ အနက်တူတယ်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ အကုသိုလ်တရားတွေ၊ ပပဉ္စတရားအားလုံး ဒီစကားထဲမှာ အကျုံးဝင်တယ်။ ဘုရားဟောတာက အာသဝ လေးမျိုး ဖြစ်တယ်။ (၁)ကာမာသဝ၊ (၂) ဘဝါသဝ၊ (၃) ဒိဋ္ဌာသဝ၊ (၄) အဝိဇ္ဇာသဝတဲ့ ဒီလေးမျိုးကို မှတ်ထားပေါ့။ တချို့ဆရာတွေကတော့ အာသဝကို အင်္ဂလိပ်လို canker လို့လည်း ပြန်ကြတယ်။ အနာစက်လို ပုပ်ပျက်စေတတ်တဲ့ မကောင်းမှု သဘောဖြစ်လို့ ဒီလို ဘာသာပြန်တာ ဖြစ်ပါလိမ့်မယ်။

- ဒါဆို၊ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃဆိုတာကကော ဒီသဘောနဲ့ အတူတူပဲလား ဘုရား။

○ အေး အာသဝေါ၊ ဩဃ၊ ယောဂဆိုတဲ့ စကားတွေဟာ အနက်တူဖြစ်တယ်။ လောဘ ဒေါသ မောဟဆိုတဲ့ ကိလေသာတွေ၊ ငါးပါးအာရုံကာမဂုဏ်တရားတွေဟာ လူ့ဘဝကို ရေလွှမ်းမိုးသလို ယိုစီးပြီး လွှမ်းမိုးတတ်တယ်။ ဩဃ၊ ယောဂဆိုတာတွေကို အင်္ဂလိပ်လို flood, torrent လို့ ဘာသာပြန်ကြတယ်။ overflow လို့လည်း ပြောကြတယ်။ ဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သော တရားတွေကို ဆိုတာပဲကွဲ့။

- မှန်လှပါ။ နားရှင်းလောက်ပါပြီ ဘုရား။ ယောနိသောမနသိကာရ အကြောင်းကို ဆက်ရှင်းပြပါဦး ဘုရား။

○ နှလုံးသွင်းမှန်မှု (သင့်သော အကြောင်းအားဖြင့် နှလုံးသွင်းမှု)ကို ပြောရဦးမယ်။



- မှန်ပါ။

○ ဘုရားဟောတရားက ရှင်းပါတယ်။ နှလုံးသွင်းမှန်သောသူ (သင့်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူမှာ မဖြစ်သေးတဲ့ အာသဝေါတရားတွေ မဖြစ်လာဘူး။ ဖြစ်ပြီးသား အာသဝေါတရားတွေလည်း လျော့နည်းပပျောက်သွားတယ်တဲ့။ ဒါကြောင့် ဝိပဿနာ အလုပ်ကို အားထုတ်တဲ့ ယောဂီမှာ နှလုံးသွင်းမှန်ဖို့ (ယောနိသောမနသိကာရ) ဖြစ်ဖို့ သိပ်အရေးကြီးတယ်လို့ နားလည်ရမယ်။ ကဲ သဘောကျပြီလား။

- အွန်း ယေဘုယျအားဖြင့်တော့ သဘောကျသလိုပါပဲ ဘုရား။ ဒါပေမဲ့ လက်တွေ့ ဘယ်လို ကျင့်သုံးရမလဲ ဆိုတာတော့ နားလည်ဖို့ လိုဦးမယ် ထင်ပါတယ်။ ဖြစ်နိုင်ရင်တော့ လက်တွေ့ဥပမာနဲ့ ရှင်းပြပါဦး ဘုရား။

○ အေး မေးခွန်းကလေးက စေ့စပ်တယ်။ သဘောပါတယ်။ အမြင်ကျယ်လိုခြင်းနဲ့ အမှန် သိလိုခြင်း သဘောပါတယ်လို့ ဆိုသင့်တယ်။ ကဲ ဥပမာတစ်ခု ပြောမယ်။ ပုံဝတ္ထု တစ်ခုလို့ သဘောထားပေါ့။ တစ်ခါတုန်းက မိုးကုတ်မြို့မှာ ဦးဘဆိုတဲ့ ကျောက်တွင်းပိုင် သူဌေးကြီးတစ်ဦး ရှိခဲ့ဖူးသတဲ့။ သူဟာ ဇာတိက ရွှေလီနန်းခမ်းဘက်က လီရှောအမျိုးသား တစ်ဦး ဖြစ်သတဲ့။ ကနဦးတုန်းကတော့ ခရစ်ယာန်ဘာသာကို ကိုးကွယ်ခဲ့တယ်။ နောက် မိုးကုတ်ကို ကျောက်တွင်းတူး အလုပ်သမားအဖြစ် ရောက်လာတယ်။ အဲဒီအချိန်က မိုးကုတ်မြို့မှာ မိုးကုတ်ဆရာတော် ဘုရားကြီးရဲ့ ဒိဋ္ဌိပြုတ် ဝိပဿနာတရားတွေကို ပရိသတ်က အထူး စိတ်ဝင်စားပြီး နာကြားနေတဲ့အချိန်။ ဦးဘဟာ ဒီတရားပွဲတစ်ခုကို ပန်ဂျာပီအမျိုးသားကြီး မစ္စတာဆင်းနဲ့အတူ သွားနာကြသတဲ့။ ဆရာတော်ကြီးရဲ့ ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်တရားတွေက ရှင်းလွန်းတော့၊ ဦးဘ သိပ်သဘောကျပြီး တရားပွဲတိုင်း မလွတ်အောင် နာခဲ့သတဲ့။ ဒီအချိန်မှာပဲ သူဟာ ကိုယ်ပိုင်တွင်းတူးနိုင်တဲ့ တွင်းစားဘဝကို ရောက်လာခဲ့တယ်။ ကံကောင်းချင်တော့၊ ဦးဘတွင်းက သိန်းကျောက်တွေ အများကြီး ထွက်ပြီး၊ ချက်ချင်းလက်ငင်း ချမ်းသာတဲ့ သူဌေးဦးဘ ဖြစ်သွားတာပေါ့ကွယ်။ ဒီအချိန်မှာ ဦးဘဟာ ဒိဋ္ဌိပြုတ်တဲ့ အရိယာသာဝက ဖြစ်နေပြီ။ ဒါကြောင့် သူ့ဇာတိရပ်ရွာကို ပြန်ပြီး အလှူကြီး အတန်းကြီး လုပ်မယ်။ ဇာတိရပ်ရွာက လူတွေ အပါယ်တံခါး ပိတ်အောင် ဆောင်ရွက်မယ်ဆိုပြီး ဂျစ်ကားတစ်စီးနဲ့ ဇာတိ ရွှေလီ နန်းခမ်းကို သွားသတဲ့။ ကားပေါ်မှာ လှူဖို့အတွက် ငွေလည်း

www.burmeseclassic.com

www.burmeseclassic.com



ငါးသိန်း ဆောင်ယူသွားခဲ့သတဲ့။ အဲ ဦးဘတို့ကား ဂုတ်ထိပ်တံတားကို ရောက်တော့ လက်နက်ကိုင် ဓားပြငါးဦးက ရပ်တန့်ခိုင်းတာနဲ့ ကြုံရသတဲ့။ ကားကိုရပ်၊ ကားပေါ်က လူတွေအားလုံး အောက်ကိုဆင်း ဆိုတော့၊ ကျွန်မိသားစုနဲ့အတူ ဦးဘလည်း ကားပေါ်က ဆင်းရတာပေါ့။ လမ်းပေါ် ရောက်တော့ ဓားပြတွေကို ဦးဘက မျက်နှာ ကြည်ကြည်သာသာနဲ့ မေးသတဲ့။

"နေပါဦးကွယ်။ မောင်တို့က ဒါ ဘာလုပ်ကြတာလဲ" ဆိုတော့ ဓားပြ တစ်ဦးက ဦးဘကို သေနတ်ဒင်နဲ့ ထောင်းမယ်လုပ်ပြီး "ဘာလုပ်ရမလဲ၊ ဓားပြတိုက်တာ မသိဘူးလား" လို့ မေးတယ်။ ဒီတော့ ဦးဘက ချိုသာစွာနဲ့ ပြောတယ်။

"အေး ဘက သိတာပေါ့။ သိလို့ မေးတာ။ မောင်တို့က ဘကို ဓားပြတိုက်တယ် ဆိုရင် ခုနေအခါ ရဲတွေလာရင် မောင်တို့မှာ ရာဇဝတ်မှု မကင်းဘူး။ အဖမ်းအဆီး ခံကြရမှာကို မြင်လို့ ဘက သတိပေးချင်လို့ ပြောတာ။ အမှန်ကတော့ မောင်တို့ ခုလာကြတာ၊ ငွေလိုချင်လို့ မဟုတ်လား"

"ဟုတ်တယ်"

"ဟုတ်ရင် ဒီလိုလုပ်။ အဘမှာ ခုကားပေါ်မှာ ငွေငါးသိန်း ပါတယ်။ လှူမလို့ ယူလာခဲ့တာ။ အဲဒါ… ဟို ရွှေလီနန်းခမ်း ရောက်ရင်လည်း လှူဖို့ပါပဲ ကွယ်။ ဒီတော့ မောင်တို့က ဓားပြလို့ မပြောနဲ့၊ ဓားပြတိုက်တယ်လို့လည်း မဆိုကြနဲ့။ အဘဆီမှာ အလှူခံလာကြတဲ့ အလှူခံတွေလို့ သဘောထားကြပါ။ ဒါဆိုရင် ခုနေ ရဲလာရင်လည်း မောင်တို့ ဘာမှ ကြောက်စရာ မလိုဘူး။ အဘကလည်း မောင်တို့ကို အလှူခံပုဂ္ဂိုလ်တွေလို့ပဲ ပြောမယ်။ အဘအနေနဲ့ မောင်တို့ကို လှူချင်လို့လာတာ၊ စောစောစီးစီး အလှူခံ ရောက်လာလို့ လှူလိုက်ရပြီဆိုပြီး ပိုတောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသေးတယ်။ မောင်တို့ကို ဘက တစ်ယောက် တစ်သိန်းစီ ရက်ရက်ရောရော လှူလိုက်ပါ့မယ်။ ညီညီမျှမျှပေါ့၊ ဒီတော့ မောင်တို့ကလည်း ဒီငွေတွေနဲ့ လုပ်စားကြ မကောင်းမှု ဒုစရိုက်တွေကိုလည်း မလုပ်ကြပါနဲ့တော့။ မိုးကုတ်မြို့မှာ လီရှောဦးဘဆိုရင် လူတကာ သိကြပါတယ်။ မောင်တို့မှာ နောင်အခါ အခက်အခဲရှိလို့ အကူအညီ လိုရင်လည်း ဘဆီကိုလာပြီး အကူအညီ တောင်းပါ။ အဘက ကူညီဖို့ အသင့်ပါပဲ ကွယ်။ ကဲ ကားပေါ်မှာ စားစရာတွေလည်း ပါတယ်။ စားကြဦး ပြီးမှ တစ်ယောက်တစ်သိန်းစီ ယူသွားကြပါ။ အဘ ပြောတာ မောင်တို့ သဘောကျရဲ့လား"



"ကျွန်တော်တို့ သဘောကျပါတယ် အဘ၊ ကျွန်တော်တို့ မိုက်မဲခဲ့တာကို ခွင့်လွှတ်ပါ အဘ"

"အေး အဘက မောင်တို့ကို ခွင့်လွှတ်ပြီးသားပါ၊ ခွင့်လွှတ်ရုံ မကဘူး။ အဘမှာ အတိတ်ဘဝက ကံကြွေးတစ်ခု ကျေသွားပြီဆိုတာ သိရလို့လည်း မောင်တို့ကို ကျေးဇူးတင်ပါတယ်၊ ဝမ်းလည်းသာတယ်"

"ကျွန်တော်တို့ အဘကို ရှိခိုးပါတယ်။ ဖြစ်မှားမိတာ ခွင့်လွှတ်ပါ။ အဘမှာ ကိစ္စကြီးငယ် ရှိရင်လည်း ကျွန်တော်တို့ကို မှာလိုက်ပါ။ အဘ အတွက်ဆိုရင် ကျွန်တော်တို့ အသက်ပေးပြီး ဆောင်ရွက်ပါ့မယ်"

"အေးကွယ် သာဓု၊ သာဓု၊ ကဲ နောက်ဆုံးအနေနဲ့ အဘ ဆုတစ်ခု ပေးလိုက်ဦးမယ်။ မောင်တို့ ယူကြမလား"

"အဘ ပေးရင် ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာ ယူမှာပါ ခင်ဗျား"

"အေး အေး အဘ ပေးချင်တာက ငါးပါးသီလပဲ သားတို့ရဲ့။ ငါးပါး သီလမြဲရင် မဆင်းရဲပါဘူးကွယ်။ ကဲ ငွေ တစ်ယောက် တစ်သိန်းစီ ညီတူညီမျှ ယူပြီး ပြန်ကြပေတော့"

ဆိုပြီး ဦးဘက ငွေတစ်သိန်းစီ ပေးလိုက်သတဲ့။ ဒီအဖြစ်အပျက်မှာ ရန်သူဓားပြတွေဟာ ဦးဘအတွက် မိတ်ဆွေတွေ ဖြစ်သွားကြတယ်။ ဦးဘ ကလည်း သူတို့ကို ဓားပြလို့ မမှတ်ဘဲ အလှူခံပုဂ္ဂိုလ်တွေလို့ သဘောထား လိုက်တဲ့အတွက် ငွေတွေ ပေးလိုက်ရပေမဲ့ ဒေါသ မဖြစ်ဘူး ဝမ်းသာပီတိဖြစ်လို့ ကုသိုလ် ဖြစ်သွားတယ်။ ရွှေလီနန်းခမ်း ရောက်မှ လှူလိုက်ရင်လည်း ဒီငွေတွေ ကုန်မှာပဲနော်။ ခု အလှူခံစောစော ရောက်လာလို့ စောစော လှူလိုက်ရပြီဆိုတော့ ငွေတွေ ကုန်သွားပေမဲ့ အကုသိုလ် မဖြစ်တော့ဘူး။ ကုသိုလ် ဖြစ်သွားတာပေါ့။ ဒီကိစ္စမှာ သင့်သော အကြောင်းအားဖြင့် နှလုံးမသွင်းတတ်ရင် ငွေလည်းဆုံး၊ အကုသိုလ်ဒေါသလည်း အဖတ်တင် ကျန်ရစ်မယ်။ ခုတော့ သင့်သော အကြောင်းအားဖြင့် နှလုံးသွင်းလိုက်တာကြောင့် ငွေဆုံးပေမဲ့၊ ကုသိုလ် အဖတ်တင်ကျန်ရစ်တယ်။ ကဲ သဘောပေါက်ပြီလား။

● မှန်လှပါ။ ရင်ထဲမှာ ရှင်းသွားပါပြီဘုရား။ ဒါပေမဲ့ ပုထုဇဉ်ဟာ ဒီလို သင့်သော အကြောင်းအားဖြင့် နှလုံးသွင်းနိုင်ပါ့မလား။

○ အေး အဲဒီမေးခွန်းလည်း သိပ်အနှစ်ပါတာပဲ။ မှန်တယ်၊ အန္ဓပုထုဇဉ် အကန်းကတော့ ဒီလို နှလုံးသွင်းတည့်ဖို့ ဆိုတာ မလွယ်ပါဘူး။

ဖြစ်နိုင်ခဲပါတယ်။ ဦးဘကတော့ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ရောက် သစ္စာဆိုက်တဲ့ တရားတွေကို နာထားရလို့၊ သုတဝါ အရိယာသာဝက ဖြစ်နေပြီကိုး၊ ဒါကြောင့် အသင့် နှလုံးသွင်းတတ်တာပေါ့ကွယ်။ ဗုဒ္ဓဘာသာဝင်တွေဟာ ပါးစပ်ကတော့ ကံ ကံ၏ အကျိုးကို ယုံကြည်ပါ၏လို့ ပြောတတ်ကြပါတယ်။ သူ့တို့ ယုံကြည်တယ် ဆိုတာက ဒီဘဝမှာ များများလှူရင် နောက်ဘဝမှာ သူများများ ရမှာပဲဆိုတဲ့ သဿတဒိဋ္ဌိနဲ့ လှူကြတာက များတယ်။ ဒိဋ္ဌိဖြုတ်ပြီး လှူတတ်ကြတာ မဟုတ်ဘူး။ ဒီဘဝမှာ ကိုယ့်ပစ္စည်း အခိုးခံရတယ်ဆိုရင် အတိတ်ဘဝက ငါ ခိုးခဲ့လို့ ကံကြွေးတစ်ခု ဆပ်ရတာလို့ မမြင်ဘူး။ အမှန်က ဒီလို မြင်ရင် ဘာမှ ဒေါသဖြစ်စရာ မရှိဘူး။ ကိုယ်ပြုလို့ ကိုယ်ခံရတာပဲလို့ သိရင် ကျေနပ်စရာချည်းပဲ။ ပစ္စည်း အခိုးခံရတယ်ဆိုရင် မိမိ ခိုးမှုပေါ်တာပဲလို့ နားလည်လိုက်စမ်း။ ဒေါသဖြစ်စရာလား၊ ရှက်စရာလား၊ စဉ်းစားကြည့်ပေါ့။

● တပည့်တော် မှတ်မိပြီ။ ဟိုတစ်ခါတုန်းက ဇမ္ဗူဒီပကျောင်းဆောင်သွားကြတုန်းက အဖေကြီး ဖိနပ်အသစ်ကလေး အခိုးခံရတုန်းက သမီးက အဖေကြီး ပေါ်ပြီဆိုတော့၊ အဖေကြီးက ဘာပေါ်တာလဲလို့ မေးတယ်လေ။ သမီးက အဖေကြီး အရင်ဘဝတုန်းက သူများ ဖိနပ်ကို ခိုးခဲ့တာပေါ်ပြီလို့ ပြောတော့၊ အဖေကြီးက ရှက်ပြီး၊ သမီးရယ် ဒီစကား လူတွေရှေ့မှာ မပြောပါနဲ့နော်လို့ ပြောခဲ့ဖူးတယ်။ အဖေကြီး ရှက်သွားတာ သမီးမှတ်မိတယ်။ အဖေကြီးက အဲဒီတုန်းက အင်း ကြွေးတစ်ခု ကျေသွားပြီလို့ ယူဆရမှာပဲလို့ ပြောခဲ့သေးတယ်။

○ အေး ဟုတ်တယ်။ အဲဒါ မဖြစ်သေးတဲ့ အာသဝေါတရားတွေ မဖြစ်အောင် ဖြစ်ပြီးတဲ့ အာသဝေါတရားတွေ ပပျောက်သွားအောင် သင့်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်းပဲပေါ့ကွယ်။ ကဲ ယောနိသောမနသိကာရရဲ့ သဘောကို တော်တော် သိရောပေါ့။

● မှန်လှပါ။ ယောနိသောမနသိကာရ အကြောင်းကို ဒီထက်ပိုပြီး သိခွင့်ရရင် သိချင်ပါသေးတယ် ဘုန်း။

○ မဟာဝဂ္ဂသံယုတ်ပါဠိတော် နီဝရဏဝဂ်မှာ လာတဲ့ ယောနိသောမနသိကာရသုတ်ဆိုတာ ပါတယ်။ ဒီသုတ်မှာတော့ ယောနိသောမနသိကာရကြောင့် ရရှိနိုင်တဲ့ အကျိုးကျေးဇူးတွေကို ဖော်ပြထားပါတယ်။

● အမိန့်ရှိပါဦး ဘုရား။



○ တိုက်ရိုက် ပြောမယ်။ ဘုရားက ဟောတယ်။ "ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းသူအား မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်သည်လည်း ဖြစ်၏။ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်သည်လည်း တိုးပွား၏။ ပြည့်စုံခြင်းသို့ ရောက်၏။ နှလုံးသွင်း မှန်သောသူမှာ သတိ သမ္ဗောဇ္ဈင်နဲ့ ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်တယ်။ ဖြစ်ပြီးရင်လည်း တိုးပွား များပြားလာတယ်။ တိုးပွားပြီးရင်လည်း ပြည့်စုံခြင်းသို့ ရောက်ပါသတဲ့။

● 'သမ္ဗောဇ္ဈင်'ဆိုတာက ဘာလဲဘုရား။

○ သမ္ဗောဇ္ဈင်ဆိုတာ သစ္စာလေးပါး မြတ်တရားကို သိမြင်စေသော အကြောင်းအင်္ဂါတွေပေါ့။ မဂ်ဉာဏ်ကိုလည်း ဟောပါတယ်။

● ဒိမှာ သတိသမ္ဗောဇ္ဈင်နဲ့ ဥပေက္ခာသမ္ဗောဇ္ဈန်ကိုပဲ ဘာဖြစ်လို့ ဟောတာလဲ၊ သမ္ဗောဇ္ဈင်တရားက ခုနစ်ပါးရှိတယ်လို့ ကြားဖူးပါတယ်။

○ ဟုတ်ပါတယ်။ ဗောဇ္ဈင်တရား ခုနစ်ပါးရှိတာ မှန်ပါတယ်။ သတိအစ၊ ဥပေက္ခာအဆုံးဖြစ်လို့ အစနဲ့အဆုံးကို ချုပ်ပြီး ဖော်ပြလိုက်တာဖြစ်တယ်။ ယောနိသောမနသိကာရ နှလုံးသွင်းမှန်သော ယောဂီမှာ ဒီတရား ခုနစ်ပါး တိုးပွားနေကြောင်းကို ရာဇဗ္ဗိသုတ်မှာ ဟောထားပါသေးတယ်။

● ရှင်းပါပြီဘုရား။ ဒါဆို နှလုံးသွင်းမှန်ရင် ဗောဇ္ဈင်ခုနစ်ပါး တရားတွေ တိုးပွားနေတယ် ဆိုတော့၊ နှလုံးသွင်းမှားရင် ဘာတရားတွေ တိုးပွားနေပါသလဲ ဘုရား။

○ အေး ဒီအမေးလည်း ချက်ကျတယ်။ အယောနိသောမနသိကာရရှိသော နှလုံးသွင်း မှားသောသူမှာတော့ ဈာန်၊ မဂ်ဖိုလ်ကို ပိတ်ပင်တတ်တဲ့၊ နီဝရဏတရားတွေ တိုးပွားနေကြောင်း ဘုရား ဟောထားပါတယ်။ မဟာဝဂ္ဂသံယုတ်၊ အာဝရဏနီဝရဏသုတ်မှာ ဘုရားက အကျယ် ဟောထားပါတယ်။ ဒီမှာ သမီးလို ပုဂ္ဂိုလ်နဲ့ ဆိုင်တဲ့ တရား တစ်ခုကိုလည်း ဘုရားဟောထားသေးတယ်။

● ဟင်... ဘာတရားများပါလိမ့်။ အမိန့်ရှိပါဦး ဘုရား။

○ ဘုရားက ရဟန်းတို့ အရိယာတပည့်သည် အရိအသေပြုကာ နှလုံးသွင်းလျက် အလုံးစုံကို စိတ်၌ ကောင်းစွာထားပြီး ရှုးရှုးစိုက်စိုက်နားထောင်သည်ဖြစ်၍ တရားတော်ကို နာကြားသောအခါ ၎င်းအရိယာ

www.burmeseclassic.com

www.burmeseclassic.com



တပည့်အား နိဝရဏတရားတို့သည် မဖြစ်ကုန်၊ စေ့ရှင်တရားတို့သည်သာ ပွားများ ပြည့်စုံခြင်းသို့ ရောက်၏လို့ ဟောထားတယ်။ အဲဒါ သမီးလို လူကို ရည်ပြီး ဟောထားတာပဲ ဖြစ်လိမ့်မယ်။

- သာဓုပါ ဘုရား၊ အမှန်ကတော့ သမီးမှာ ဒီစိတ် ဒီဆန္ဒတွေ ဖြစ်လာတာ၊ အမြင်ကျယ်ချင်တာ၊ အမှန် သိချင်တာဟာ ဖေဖေ ဘုန်းဘုန်းရဲ့

ကျေးဇူးကြောင့်ပါ ဘုရား။ အရှင်ဘုရားလည်း နားပါဦး ဘုရား။

❑

BURMESE CLASSIC .com

၁၁

## မရှိမပဋိပဒါကို နားလည်ခြင်း

ဘုန်းဘုန်း သည်တစ်ပတ် ရန်ကုန်မှာ အတန်ကြာနေရသည်။ တောမှာ ဆွမ်းခံရင်း ခြေထောက်ကို ဆူးစူးသည်။ အမှုမဲ့ အမှတ်မဲ့ နေခဲ့သည်။ ကျောင်းသားကလေးက ဆူးကို နုတ်ပေးသည်။ နာလည်း မနာတော့၍ ဂရုမပြုမိဘဲ နေခဲ့လေသည်။ တောင်ငူက ဒကာများက တောင်ငူမှာ သီတင်းသုံးဖို့ လျှောက်ထားပြီး ပင့်လာမှ ခြေထောက်က ကိုက်ခဲ နာကျင်လာသည်။ ဆရာဝန်ကို ပြတော့ ဆရာဝန်က အကိုက်အခဲပျောက်ဆေး ပေးသည်။ အနာက မသက်သာပါ။ ဆရာဝန်က ဓာတ်မှန်ရိုက်ခိုင်းသည်။ ဓာတ်မှန်ထဲမှာ ခြေအရိုးအတက် ထွက်နေသည်ကို တွေ့ရသည်။ ဆရာဝန်က အရိုးကုပါရဂူနှင့် ပြဖို့ ရန်ကုန်ကို ကြွပါဆို၍ ကြွလာသည်။ အရိုးကုပါရဂူက ဓာတ်မှန်ကို ကြည့်ပြီး ဘာမှမဆိုင်ဘူးဟု ပယ်ချလိုက်သည်။ “အရှင်ဘုရားအနာ ဆီးချိုကြောင့် ဖြစ်တာ”ဟု တစ်ချက်တည်း ဆိုသည်။ ထို့နောက် ဆီးချို စစ်ခိုင်းသည်။ မှန်သည်။ ဆီးချိုတက်နေသည်။ အရိုးကုဆရာဝန်ကြီးက သမားတော်ကြီး တစ်ဦးထံမှာ သွားပြီး ဆီးချို ချခိုင်းသည်။ သမားတော်ကြီး ပေးသော ဆေးက နောက်ဆုံးပေါ်ဆေး ဖြစ်သည်။ တစ်ပတ်အတွင်း ဆီးချို ကျသွားသည်။ ထိုအခါ အရိုးကုဆရာဝန်ကြီးက ဘုန်းဘုန်း ခြေထောက်က အရေခွံစကို ဆွဲခွာပစ်လိုက်ပြီး “အရှင်ဘုရားကံကောင်းတယ်။ ခြေထောက် မဖြတ်ရတော့ဘူး။ သုံးလေးရက် နောက်ကျရင် ခြေပုပ်ပြီး ဖြတ်ရမှာ” ဆိုပြီး အနာကျက်အောင် ဆေးပြင်းတွေ ပေးသည်။ ခြေမဖြတ်ရတော့သော်လည်း အနာက အဆမတန် ကိုက်ခဲနေသည်။ ထို့ကြောင့် ရန်ကုန်မှာ နေပြီး ဆေးဆက်ကုနေရသည်။ ကျွန်မအဖို့မှာလည်း အရှင်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ရသွားသည်ဟု ဆိုသင့်ပါသည်။ ကျွန်မ ရင်ထဲမှာ မေးချင်သော ကိစ္စတစ်ခုကို မေးခွင့်ကြုံသွားသည်။ မေးချင်သော မေးခွန်းမှာ မဇ္ဈိမပဋိပဒါဆိုတာ ဘာလဲ ဆိုသော အမေးပုစ္ဆာ ဖြစ်သည်။ ကျွန်မ၏ မဇ္ဈိမပဋိပဒါ အကြောင်း သိလိုမှုကို ဘုန်းဘုန်း သိခွင့်ပေးသော အဖြေကို ကြားရသောအခါမှ ဘုန်းဘုန်းသည် ဗုဒ္ဓဘာသာကို ဘယ်လောက် မြတ်နိုးပြီး သက်ဝင် ယုံကြည်မှု ဘယ်လောက် အားသန်သည် ဆိုသည်ကို အားကျစဖွယ် တွေ့ရသည်။ ဘုန်းဘုန်းသည် ထေရဝါဒဗုဒ္ဓဘာသာနှင့် ပတ်သက်လာလျှင် သိသင့်သိထိုက်သည်များကို သိနားလည်ပြီး အသိနှင့် ယှဉ်ပြီး ယုံကြည်တတ်အောင် ဘယ်လောက် လေ့လာ ဆည်းပူးထားသည်ကို ကျွန်မ ရင်ထဲမှာ အံ့အားသင့်ရလောက်အောင် သိမြင်ခွင့် ရခဲ့ပါသည်။ ထိုအခါ ကျွန်မ ရင်ထဲမှာ အစက အဖေလိုသာ ချစ်ခဲ့မိသော ဘုန်းဘုန်းကို သံဃာလိုလည်း အရမ်း ကြည်ညိုမိပါတော့သည်။

ကျွန်မက စာရွက်ကလေးကို ကိုင်ပြီး ဘုန်းဘုန်းကို ဦးချကန်တော့သော အခါ၊ ဘုန်းဘုန်းက စပြီး မေးပါသည်။

○ မေးစရာ အကြောင်းအရာတွေ ရလာပြန်ပြီလား။

● တင်ပါဘုရား တပည့်တော် စိတ်ထဲမှာ ဒီအကြောင်းကို သိချင်နေတာ တော့ ကြာပါပြီ။ မမေးဖြစ်ခဲ့ပါဘူး။ ခုကျမှ ဒီပြဿနာဟာ တပည့် တော်ရဲ့ ဉာဏ်နဲ့ မမီနိုင်သလိုဘဲ ခံစားရလို့ ဘုန်းဘုန်းကိုပဲ မေးဖို့ ဆုံးဖြတ်ခဲ့ပါ တယ် ဘုရား။

○ ဟေ… အကြောင်းအရာက ဘာများလဲကွဲ့။

● 'မဇ္ဈိမပဋိပဒါ'ဆိုတဲ့ တရားအကြောင်းပါ ဘုရား။

○ အင်း… သိပ်အရေးကြီးတဲ့ တရားပဲကွဲ့။ သိပ်အရေးကြီးတယ်လို့ ပြောရတာက၊ မဇ္ဈိမပဋိပဒါ တရားကို နားမလည်ဘဲနဲ့ တရား အားထုတ်ရင်၊ ယောဂီဟာ ရေသာများ၍ ငါးမတွေ့ ဆိုသလိုပဲ တရားရဖို့ သိပ်ခက်တယ်။

● ဒါဆို မဇ္ဈိမပဋိပဒါဆိုတာ အသိနဲ့ မဆိုင်ဘူးလား အကျင့်နဲ့ပဲ ဆိုင် သလား ဘုရား။

○ ဟဲ့… ဝိဇ္ဇာနဲ့ စရဏဟာ တစ်ခုတည်းပဲ၊ ဒင်္ဂါးပြားရဲ့ ခေါင်းဘက်နဲ့ ပန်းဘက်လိုပဲ။ အသိနဲ့လည်း ဆိုင်တယ်။ အကျင့်နဲ့လည်း ဆိုင်တယ်။ ဒီလို နားလည်ရမယ်နော်။



● တင်ပါ၊ ဝိဇ္ဇာစရဏနဲ့ မဇ္ဈိမပဋိပဒါ ဆက်စပ်ယှဉ်ပုံကို တပည့်တော် နားလည်အောင် လောက ဥပမာနဲ့ ရှင်းပြပေးပါဦး ဘုရား။

○ အေး ကောင်းပြီ။ ဒါဆိုရင် ကိုယ့်ဘဝ အတွေ့အကြုံတွေကိုပဲ နမူနာ ထားပြီး ပြရင် ပိုရှင်းမယ်။ အဖေကြီးက အသက် ၄၅ နှစ်ကျော်လောက် ကတည်းက ရဟန်းဘဝကို ရောက်ချင်ခဲ့တယ်။ ဒါပေမဲ့ ဘဝ အခြေအနေက မပြည့်စုံသေးဘူး။ ဘုန်းကြီးမှာ လောကီအလို တပ်မက်မောစရာတွေ အများကြီး မရှိသေးဘူး။ အဲဒီလို အချိန်မှာ လူ့ဘောင်ကို စွန့်ခွာတယ်ဆိုရင် ဒီလူ့လောကီ ဆင်းရဲတွေကို ကြောက်လို့ ထွက်ပြေးတာ၊ သာသနာကို ကြည်ညိုလို့ မဟုတ်ဘူး လို့ ကဲ့ရဲ့စရာ ဖြစ်မယ်။ ကဲ့ရဲ့ခံရမှာထက် စွန့်စရာ ဘာမှမရှိ၊ တန်ဖိုး ထားလောက်စရာ ဘာမှ မရှိဘဲ၊ လောကီကို စွန့်တယ်ဆိုတာကလည်း သိပ်တော့ မမှန်ဘူး။ ဘဝကို လှည့်ပတ်သလိုပဲ။ မဖြောင့်မတ်ဘူးလို့ ဘုန်းကြီး စိတ်ထဲမှာ ခံစားရတယ်။ ဂေါတမဗုဒ္ဓက လူ့ဘောင်ကို စွန့်ပြီး ထွက်သွားတာမှာ စွန့်ခဲ့ရတာတွေက အများကြီးပဲ။ ရွှေနန်းတော်၊ ဆောင်းနန်းတော်၊ မိုးရာသီစံ နန်းတော်တွေ၊ စည်းစိမ်ချမ်းသာတွေ၊ အခြွေအရံတွေ အလွန် လှပတဲ့ ဇနီးမယား နဲ့ မွေးကင်းစ သားတော်ကလေး၊ သာမန်လူသား တစ်ဦးအနေနဲ့ စွန့်နိုင်ပါ့ မလား။

● မလွယ်ပါဘူး ဘုရား။ စွန့်နိုင်ခဲ့တာတွေပါပဲ။

○ အေး ဘုန်းကြီးလည်း စွန့်နိုင်ခဲ့တာတွေ မရှိသေးဘဲနဲ့ လောကီနယ်ကို စွန့်မသွားချင်ဘူး။ ဒါကြောင့် အချိန် အတန်ကြာ စောင့်ခဲ့တယ်။ အသက် ၅၈ နှစ်ကျတော့၊ ခြံကျယ်ကြီးနဲ့ တိုက်ကြီးလည်း ဆောက်နေပြီ။ စိန်ရွှေရတနာတွေ၊ ကြိုပ်တုစလောင်း တပ်တဲ့ တီဗွီနဲ့၊ အိမ်ထဲမှ အဝတ် လျှော်စက်၊ ရေခဲသေတ္တာ မော်တော်ကား၊ ဒါတွေက ယနေ့ခေတ်ရဲ့ တပ်မက် စရာတွေ မဟုတ်လား။ အဲဒါတွေ အားလုံး ပြည့်စုံပြီ ဆိုတော့မှ ဘုန်းကြီးလည်း မြတ်ဗုဒ္ဓရဲ့ ခြေရာကို နင်းပြီး မိသားစုနဲ့တကွ စည်းစိမ်ဥစ္စာတွေကို စွန့်ပစ် ခဲ့တယ်။

● ဒါနဲ့ မဇ္ဈိမပဋိပဒါနဲ့ ဆိုင်လို့လား ဘုရား။

○ အင်း ဆိုင်တာပေါ့ကွယ်။ ဆိုင်ပုံကို ပြောပြမယ်။ ဝိပဿနာ အားထုတ် တဲ့အခါ ဈာန်အဘိညာဉ်ကိုရအောင် သမထကို လုပ်စရာ မလိုဘူး။ ဝိပဿနာသက်သက်ကိုပဲ စတင် အားထုတ်ရင်လည်း ရတယ်။ ပညာ ဝိမုတ္တိ

www.burmeseclassic.com

www.burmeseclassic.com



လည်း သုက္ခဝိပဿနာလို့ ခေါ်တယ်။ လယ်တီဆရာတော် ဘုရားကြီးကတော့ ဉာဏ်စွမ်း ဝီရိယစွမ်း ကောင်းသူများအတွက် ဤနည်းဟာ ကောင်းတယ်လို့ အမိန့် ရှိပါတယ်။ ဒီနည်းကို လိုက်သင့် သလားလို့ စဉ်းစားတုန်းက ဈာန် အဘိညာဉ် မရဖူးဘဲနဲ့ ဝိပဿနာ သက်သက်ကို လုပ်ရင်၊ ဘုန်းကြီး စိတ်ထဲမှာ ငါ့စည်းစိမ်ဥစ္စာ မရဘူးဘဲနဲ့၊ စည်းစိမ်ကို စွန့်တယ်ဆိုတာမျိုးများ ဖြစ်နေမလား လို့ စဉ်းစားတယ်။ နောင်ကျတော့ ဂေါတမဗုဒ္ဓ ဘယ်လိုလုပ်သလဲလို့ လေ့လာ ကြည့်တယ်။ ဘုရားက သမထလမ်းကနေတက်တဲ့ ဝိပဿနာကို ကျင့်ကြံ ပွားများတာကို တွေ့ရတယ်။ ဈာန်အဘိညာဉ်ကနေပြီး ဝိပဿနာကို တက်ကယ်။ ဒီတော့ ဘုန်းကြီးကလည်း ဘုရားနည်းကို လိုက်တာ ပိုကောင်း မယ်လို့ စဉ်းစားတယ်။ ဘုရားက လူ့ဘဝတုန်းကလည်း လောကီ စည်းစိမ် ချမ်းသာနှင့် အာဏာကိုပါ စွန့်ခဲ့တယ်။ ရဟန်းဘဝ ရောက်တော့လည်း ဈာန် အဘိညာဉ်တွေကို ရပြီးမှ စွန့်တယ်။

● ဒါက ဆုကြီးပန်တဲ့ ဘုရားဖြစ်လို့ ဒီလို ကျင့်တာ မဟုတ်လား ဘုရား။ အရှင်ဘုရားက ဆုကြီး ပန်ထားတာကို စွန့်ခဲ့ပြီးပြီပဲ။ ပကတိ သာဝက က ဈာန်အဘိညာဉ်မပါဘဲ ပညာဝိမုတ္တိနဲ့ နိဗ္ဗာန်ကို သွားလည်း ရတာပဲဆို။ အဲဒါက ပိုမလွယ်ဘူးလား ဘုရား။

○ အင်း သမီးပြောတာ မှန်တယ်။ ဒါပေမဲ့ ပညာရှင်ဟာ သိစရာ ရှိတာကို အကုန် သိချင်တယ်။ ဈာန်အဘိညာဉ်ဟာ ဘယ်လိုလဲဆိုတာ ကိုယ်တိုင် ခံစားပြီး သိချင်တယ်။ သိစရာ ရှိတာကို ကုန်အောင် သိထားတော့ စဉ်းစား တွေးခေါ်တဲ့အခါ အစွန်းတစ်ဖက်ကို မရောက်တော့ဘူး။ အလယ်လမ်း မဇ္ဈိမ ပဋိပဒါ ကျနိုင်တယ်လို့ ဘုန်းကြီး ထင်တယ်။

● တင်ပါဘုရား။ ဒါဆို မဇ္ဈိမပဋိပဒါကို တပည့်တော်တို့ လူငယ်တွေ ဘယ်လို နားလည်သင့်ပါသလဲ ဘုရား။

○ အင်း အဲဒါကို ပြောဖို့အတွက် စကားပလ္လင်ခံလာတာပဲကွဲ့။ ပထမ ဦးစွာ မဇ္ဈိမပဋိပဒါဆိုတဲ့ စကား အသုံးအနှုန်း ပေါ်ပေါက်လာပုံ သမိုင်းကြောင်းက စပြောမယ်။ ပြီးမှ ဒီတရားအပေါ်မှာ ရှေးအမြင်၊ ခေတ် အမြင်၊ ထေရဝါဒအမြင်၊ မဟာယာနအမြင်တွေ ကွဲပြားသွားပုံကို ပြောကြ တာပေါ့။

● ကောဓမ္မော ဆိုတာ တရားက တစ်ခုတည်းပဲ မဟုတ်လား ဘုရား။



○ ဟုတ်တယ်။ သစ်တုံးကြီး တစ်ခုပဲကွယ်။ ဒါပေမဲ့ ပန်းပုဆရာက ဒီ သစ်တုံးကို ယမင်းရုပ်လို့ မြင်တယ်။ ရုက္ခဗေဒပညာရှင်က ဒီသစ်တုံး ကို ရှားပါးတဲ့ သစ်မျိုးသစ်တစ်ခုလို့ မြင်တယ်။ ထင်းခုတ်သမားကတော့ ထင်းတုံး တစ်တုံးလို့ပဲ မြင်တယ်။ အမြင်ချင်း တန်ဖိုးထားပုံချင်း အဓိပ္ပာယ် ဖွင့်ဆိုပုံချင်းကျတော့ ကွာသွားကြတယ်။

● ထားပါတော့ ဘုရား။ မဇ္ဈိမပဋိပဒါကိုပဲ ရှင်းပြပါဦး။

○ ကောင်းပြီ။ ဒီအကြောင်းကို ပြောရင် ဘုရားလောင်းဘဝ၊ ဒုက္ကရစရိယာ ကျင့်တုန်းက အကျင့်လွန်ပြီး အားပြတ်ပြီး လဲကျသွားတာ ကြားဖူး တယ် မဟုတ်လား။

● ကြားဖူးပါတယ်။ အရှင်ဘုရား Everyday English စာစောင်ထုတ် တုန်းက ဒီအကြောင်းကို အင်္ဂလိပ်လို ဖော်ပြခဲ့သေးတယ်။ တပည့်တော် အဲဒီ အရေးအသားကို ကြိုက်လို့ ကျက်တောင် ကျက်ထားသေးတယ်။

○ ဟေ ... ဟုတ်လား၊ ကဲ ရွတ်ပြပါဦး။

● After the Lord had been on his wondering for about six years, he one day came to a certain place in Uruvela. There, in a grove, he met five Brahmin ascetics, who lived live of extreme austerity. He joined them, and they seeing the greatness of his heart, made him their master. But his body grew so weak by the privation, he under went in their practice, that one day, he fell fainting to the ground. ဒါကို ပြောတာ ဟုတ်လား ဘုန်း။

○ အေး ... ဟုတ်တာပေါ့။ ဒီသမီးကိုတော့ ဘုန်းကြီးက သဘောကျပြီ ဟေ့၊ မှတ်သင့်တဲ့ စာကို အာဂုံဆောင်ထားရမှန်း သိတယ်။ ဒါအင်္ဂလိပ် စာ တတ်ချင်ရင် လုပ်သင့်တဲ့ အလေ့အကျင့် တစ်ခုပဲနော် မှတ်ထား။ ဆရာမ ကြီး ဒေါ်ခင်မျိုးချစ်တို့ အင်္ဂလိပ်စာ တော်တယ်ဆိုတာ ဒီလိုပဲ သူကြိုက်တာ တွေ့ရင် အာဂုံဆောင်ထားတယ်။ ဒီစာထဲမှာ ဘုရားလောင်း ခန္ဓာကို ညှဉ်းဆဲလို့ တရားမရဘဲ၊ ကြုံလှီ အားပြတ်ပြီး မြေကြီးပေါ်ကို လဲကျသွားတယ်။ အဲဒါ အကျင့်လွန်တာ။

● အစွန်းရောက်တာပေါ့နော် ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



○ ဟုတ်တယ်။ ဘုန်းကြီးလည်း ကံကောင်းလို့၊ ခုကြည့် ခြေထောက် မဖြတ်ရတာ။ ဗုဒ္ဓဘာသာတရားတွေ အပေါ်မှာ အစွန်းရောက် အမြင်တွေ ရှိနေတဲ့ ရဟန်းတစ်ပါးနဲ့ တွေ့တယ်။ သူက ဝါကြီးတော့ ဘုန်းကြီးရဲ့ ဆရာလုပ်တယ်။ ဘာသင်သလဲဆိုတော့ သူက "ခန္ဓာကို မညှာနဲ့ သံသရာမှာ ကြာသွားမယ်" ဆိုပြီး ဆုံးမတယ်။ ဘုန်းကြီးကလည်း တရားထူး ရချင်တာနဲ့ ကိုယ်ခန္ဓာမှာ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါတွေ ရှိနေတာကို ထည့်မစဉ်းစားဘဲ သူခိုင်းတာတွေကို စွန့်စွန့်စားစား လုပ်ပစ်လိုက်တယ်။ တရားမရဘဲ လူကတော့ ပိန်ကျုံသွားပြီး ကံကောင်းလို့ ခြေထောက်ကို မဖြတ်လိုက်ရတာ၊ အဲဒါ အစွန်းရောက်တာ၊ မဇ္ဈိမပဋိပဒါကို နားမလည်တာ။

● နေပါဦးဘုရား။ သံသရာမှာ ကြာခဲ့တာ ခန္ဓာကို ညှာခဲ့လို့လား ဘုရား။

○ အမှန်ကတော့ ဒိဋ္ဌိ မပြုတ်ခဲ့လို့ပါကွယ်။ ဒိဋ္ဌိ မပြုတ်တော့ ငါ့ကိုယ်၊ ငါဟာ အစွဲသန်နေတာပေါ့။ ဒီလို အမြင်မှားတဲ့ လူဟာ ခန္ဓာကိုယ်ကို ငါ့ခန္ဓာလို့ စွဲတာကိုး၊ ဒါကြောင့် ခန္ဓာကို သက်ညှာတဲ့သဘော၊ ခန္ဓာ၏ အလိုကို လိုက်တဲ့ သဘောရှိတာပေါ့။

● ဟင် ဒါဆိုရင်၊ ရှင်ဘုရား တွေ့ခဲ့တဲ့ ဆရာတော်က ခန္ဓာကို ညှဉ်းဆဲရင် ဒိဋ္ဌိပြုတ်တယ်လို့များ ထင်နေသလား မသိဘူးနော်။

○ အဲဒါပေါ့ကွယ်။ ဆရာမှားနဲ့ တွေ့ရင် ချောက်ကျတတ်တယ်ဆိုတာ။ အမှန်ကတော့ ဝိပဿနာ ဉာဏ်အမြင်၊ မဂ်ဉာဏ်ရမှသာ ဒိဋ္ဌိပြုတ်မှာပေါ့။ အဲဒါ သူက ခန္ဓာကို နှိပ်စက်ခိုင်းနေတော့ လွဲကုန်တာပေါ့။

● အင်း တရားရဖို့မှာ အမြင်အယူအဆ တစ်ချက်ကလေး စောင်းသွားရင် အစွန်းတစ်ဖက်ကို ရောက်သွားမှာပဲနော်။ တပည့်တော် ထင်တာက စကားအဆန်း သုံးလိုက်ရင် ကိုယ့်ကိုယ်ကိုယ် လူတော်လို့ ထင်နေသလား မသိဘူး။ ဒီနေရာမှာ နှလုံးသွင်းမှန်မှုနဲ့ မဇ္ဈိမပဋိပဒါကော ဆက်စပ်မှု မရှိဘူးလား ဘုရား။

○ ဟာ ဘယ့်နှယ် ပြောပါလိမ့်။ သိပ်ဆက်စပ်တာပေါ့ကွယ်။ မိုးကုတ် ဆရာတော်ဘုရားကြီး ဒီအကြောင်းကို အများကြီး ဟောခဲ့ဖူးတယ်။ မိုးကုတ်ဝိပဿနာ အလုပ်စဉ် တရားစာအုပ် အမှတ်(၁၄)မှာ တော်တော် စုံတယ်။ ဖတ်ကြည့်ပေါ့။



● ဒါနဲ့ ဘုန်း နိုင်ငံရေးမှာလည်း မဇ္ဈိမပဋိပဒါ ရှိသလား ဘုရား။

○ မဇ္ဈိမပဋိပဒါဆိုတာ ဘဝကိစ္စ မှန်သမျှမှာ ရှိရမယ်။ နိုင်ငံရေးမှာလည်း လက်ဝဲစွန်း လက်ယာစွန်းကို ပယ်ပြီး အလယ်လမ်းကျအောင် လုပ်ရမယ်လို့ ပြောတတ်ကြပါတယ်။

● ဘာလဲ ဘုရား။ လက်ဝဲစွန်း လက်ယာစွန်းဆိုတာ။

○ ဒါက ကွန်မြူနစ်တွေ ပြောတဲ့ စကားလေ။ လက်ယာစွန်းဆိုတာ တွေဝေတာ၊ လုပ်သင့်တဲ့ အချိန်မှာ မလုပ်တာ။ လက်ဝဲစွန်းဆိုတာက တစ်ဇွတ်ထိုး မဆင်မခြင် လုပ်တာ၊ မလုပ်သင့်သေးဘဲနဲ့ အချိန်မတန် သေးဘဲနဲ့ အတင်း အဓမ္မလုပ်လို့ မှားတာကို ပြောတာ။

● ဒီသဘောဟာ တရား အားထုတ်ရာမှာလည်း ဆင်ခြင်သင့်မယ်လို့ ထင်ပါတယ် ဘုရား။

○ ဟုတ်တာပေါ့၊ ဆင်ခြင်သင့်ပါတယ်။ လယ်တီဆရာတော်ဘုရားကြီးက ပဲကြီးရေစိမ်၊ အချိန်တန်မှ ပွတယ်လို့ ဆုံးမထားတယ်။ ချက်ချင်း ရေစိမ် ချက်ချင်းပွမှု လိုချင်လို့ မရဘူး။ တရား အားထုတ်တဲ့အခါ ဝါးနှစ်လုံးကို ပွတ်ရင်းမီးထွက်အောင် ပွတ်ရသလိုပဲလို့ မိုးကုတ် ဆရာတော်ဘုရားကြီး မကြာခဏ ဥပမာပေးတယ်။ ချက်ချင်းပွတ်၊ ချက်ချင်း မီးထွက်ချင်လို့ မရဘူး။ ဘယ်အချိန် မီးထွက်မလဲ လို့ စိတ်မစောနဲ့၊ မီးမြန်မြန် ထွက်ချင်ရင် များများပွတ်၊ မြဲမြဲပွတ်၊ မဆုတ်မနစ်တဲ့ စိတ်နဲ့ ပွတ်ရမယ်။ အဲဒီစိတ်သည်ပင်လျှင် မဇ္ဈိမပဋိပဒါကျမှ အောင်မြင်မှာပဲကွဲ့။

● အင်း တော်တော် စိတ်ဝင်စားစရာ ကောင်းတာပဲနော်။ မဇ္ဈိမပဋိပဒါ ကျဖို့ဆိုရင် ဉာဏ်အဆင်အခြင် တော်တော် လိုတာပဲနော် ဘုရား။

○ သမီးရဲ့ ဉာဏ်ကလေးက တော်တော် ထက်မြက်တာပဲကွဲ့။ မဇ္ဈိမပဋိပဒါကျအောင် သဒ္ဓါနဲ့ ဝီရိယ၊ သမာဓိနဲ့ ပညာကိုလည်း ချိန်ခွင် ညှာမျှအောင် ညှိရတယ်။ အတွေ့အကြုံ မရှိဘဲနဲ့ ဒီအဓိပ္ပာယ် ဖွင့်ဆိုချက်တွေကို ပြောရင် သမီး နားလည်မှာ မဟုတ်ဘူး။ ဒီတော့ ရှင်းရှင်းလင်းလင်း နားလည်အောင် ဘုရားဟော မဇ္ဈိမပဋိပဒါကို သမိုင်းကြောင်းနဲ့ ပြောပြမယ်၊ နားထောင်။

● တင်ပါဘုရား။

○ နေဦး။ ငါ့သမီးက ဓမ္မစက္ကပဝတ္တနသုတ် ပါဠိတော်ကို ရသလား။

www.burmeseclassic.com

www.burmeseclassic.com



● ရပါတယ် ဘုရား။

○ အေး အဲဒီသုတ်ဟာ သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ်မှာ လာတယ်။ မဇ္ဈိမပဋိပဒါ အကြောင်းကို ဓမ္မစက္ကပဝတ္တနသုတ်မှာ ဘုရား စတင် ဟောကြားတော်မူတယ်။ ပဥ္စဝဂ္ဂီကို ဟောတာ၊ ကြားဖူးတယ်မဟုတ်လား။

● တင်ပါဘုရား၊ ကြားဖူးပါတယ်။ ဓမ္မစကြာကို တပည့်တော် ဝတ်တက် တိုင်း ရွတ်ဖတ်ပါတယ် ဘုရား။

○ ကဲ ဒါဆို အစက စရွတ်စမ်းကွယ်။

● ဧဝံ မေ သုတံ၊ ဧကံ သမယံ၊ ဘဂဝါ ဗာရာဏသိယံ၊ ဝိဟရတိ၊ ဣသိ ပတနေ မိဂဒါယေ။ တတြခေါ ဘဂဝါ၊ ပဥ္စဝဂ္ဂိယေ၊ ဘိက္ခူအာမန္တေသိ။ ဒွေ မေ ဘိက္ခဝေ၊ အန္တာပဗ္ဗဇိတေန၊ နသေဝိတဗ္ဗာ" ဒါမဟုတ်လား ဘုရား။

○ ဟုတ်ပေတာပ။ အဲဒီ စာပိုဒ်ရဲ့ မြန်မာပြန်ကိုရော၊ အင်္ဂလိပ်ဘာသာပြန် ကိုရော ပြောပြမယ်။ ဘာကြောင့် အင်္ဂလိပ်ဘာသာပြန်ကိုပါ ပြောချင် တာလဲဆိုတော့ ပဗ္ဗဇိတေနဆိုတဲ့ ပါဠိပုဒ်ကို မြန်မာမှာက ရဟန်း ဖြစ်သော သူသည်လို့ ပြန်တယ်။ ဘုန်းကြီးက ဘဝင်မကျဘူး။ ရဟန်း ဆိုတာ ဘယ်လို ပုဂ္ဂိုလ်လဲဆိုတာ သိချင်ပြန်တယ်။ ဒါနဲ့ အင်္ဂလိပ်လို ပဗ္ဗဇိတေနကို ဘယ်လို ပြန်သလဲ ကြည့်လိုက်တာ၊ တော်တော် ဘဝင်ကျသွားတယ်။

● ပဗ္ဗဇိတေနကို ဘယ်လို အဓိပ္ပာယ် ပြန်ထားလို့လဲ ဘုန်း။

○ One who has gone out from home to the homeless life လို့ ဖော်ပြထားတယ်။ အိမ်ထောင်မှ ဘဝမှ ထွက်ခွာပြီး အိုးမဲ့အိမ်မဲ့ ဘဝ၌ နေသူလို့ တိတိကျကျ ဆိုထားတယ်။ ဒါဆိုတော့ စိတ်ထဲ ရှင်းရှင်း သိသွားတာပေါ့ကွယ်။ မဟုတ်ဘူးလား။

● မှန်ပါတယ်ဘုရား။ ရှင်းရှင်း နားလည်ရပါတယ်။

○ ဧဝံ မေ သုတံ ဆိုတာက ရှင်အာနန္ဒာမထေရ်က ရှင်မဟာကဿပ မထေရ်ကြီးကို ပထမ သင်္ဂါယနာမှာ မြတ်စွာဘုရားထံက တပည့်တော် ဤသို့ ကြားဖူးလိုက်ရပါတယ် ဘုရားလို့ စကား အစချီတာ။ ဧကံသမယံ ကနေ ... န သေဝိတဗ္ဗာအထိ အဓိပ္ပာယ်က (၁၀၈၁) အခါတစ်ပါး၌ မြတ်စွာ ဘုရားသည် 'ဗာရာဏသီ' ပြည် ရသေ့တို့နေရာ၊ မိဂဒါဝုန်တော၌ (သမင်ပေါတဲ့ တောပေါ့) သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီ

BURMESE CLASSIC .com



ရဟန်းတို့အား မိန့်တော်မူ၏။ ရဟန်းတို့ 'ရဟန်း ဖြစ်သောသူ(ပဗ္ဗဇိတေန) သည် အစွန်းတရား နှစ်ပါးကို မမှီဝဲအပ်ကုန်' လို့ ဘာသာပြန်တယ်။ ဒါကို သီရိလင်္ကာ သီလရှင်ဓေါဝဇိရာ အင်္ဂလိပ်လို ဘာသာပြန်ထားတာ သိပ်ကောင်း တာပဲကွယ်။

● အဲဒါလေးလည်း အမိန့်ရှိပါဘုရား။

○ အေး မှတ်မိအောင် နှုတ်တိုက် အာဂုံဆောင်ထားနော်၊ ကဲ နားထောင် ဧဝံမေသုတံကို သူက Thus I have heard လို့ ရိုးရိုးကလေး ပြန်တယ်။ ဧကံသမယံကိုတော့ Once တစ်လုံးတည်းနဲ့ ပြန်တယ်။ ဘဂဝါ ဗာရာဏသိယံ၊ ဝိဟရတိ၊ ဣသိပတနေမိဂဒါယေကို The Blessed One was sojourning near Benares, at Isipatana, in the deer park. တဲ့။ ကဲ မရှင်းဘူးလား။

● ရှင်းလည်းရှင်း၊ လွယ်လည်း လွယ်ပါတယ် ဘုရား။

○ ပြီးမှ တတြခေါဘဂဝါ၊ ပဥ္စဝဂ္ဂိယေ ဘိက္ခူအာမန္တေသိ၊ ဒွေ မေ ဘိက္ခ ဝေ ... နသေဝိတဗ္ဗာအထိကို ပြန်ပုံက– Then The Blessed One add- ressed the company of five Bhikkhus: "Bhikkhus these two extremes should not be followed by one who has gone out from home to the homeless life တဲ့။ ရှင်းရှင်းကလေးရယ်။

● တင်ပါ၊ မြန်မာဘာသာပြန်ထက်တောင် ပိုပြီး ကျစ်လျစ်ပြီး ရင်ထဲမှာ လည်း ရှင်းသွားသလို ခံစားရပါတယ် ဘုရား။ ဓမ္မစကြာထဲမှာပါတဲ့ မဇ္ဈိမပဋိပဒါကို ဖော်ပြထားတာကို အင်္ဂလိပ်ဘာသာပြန်ပုံလည်း အမိန့်ရှိပါဦး ဘုရား။

○ အေး ပညာလည်းရ၊ ဗဟုသုတလည်း ရအောင်ပေါ့ကွယ်။ ပြောမယ်။ ကတမေ ဒွေ ... ယောစာယံ၊ ကာမေသု ကာမသုခလ္လိကာ နုယောဂေါ၊ ဟီနောဂမ္မော၊ ပေါထုဇ္ဇနိကော၊ အနရိယော၊ အနတ္ထသံဟိတော၊ ယောစာယံ၊ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော၊ အနတ္တ သံဟိတော ဆိုတဲ့ အပိုဒ်ကို မြန်မာပြန်မှာ အဘယ်နှစ်ပါးတို့နည်း What two? ယုတ်ညံ့၍ ရွာသူတို့၏ အကျင့်ဖြစ်သော ပုထုဇဉ်တို့၏ အလေ့အကျင့်ဖြစ်၍ အရိယာတို့၏ အလေ့အကျင့် မဟုတ်သော အကျိုးစီးပွားနှင့် မစပ်ယှဉ်သော ကာမဂုဏ်တို့၌ ကာမချမ်းသာကို ကပ်ငြိသောအားဖြင့် အဖန်တလဲလဲ လိုက်စားအားထုတ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း လည်းကောင်း၊ ကိုယ် စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏ အလေ့အကျင့် မဟုတ်သော၊ အကျိုးစီးပွားနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းလည်းကောင်း၊ ဤနှစ်ပါးတို့တည်း။ ဒါအစွန်းတရား နှစ်ပါးကို ဖော်ပြတဲ့ ပါဠိတော်ကို မြန်မာပြန်မှာ ဖော်ပြထားတာပဲကွဲ့။

● အဲဒီစာပိုဒ်ကို အင်္ဂလိပ်လို ဘယ်လိုပြန်ထားသလဲ ဘုရား။

○ အေး ပြောပြမယ်၊ မှတ်ထားနော်။ ဆရာလေးဒေါ်ဝဇီရာက The giving up to the pleasures of sense, which is low, vulgar, worldly, unworthy and harmful: and the giving up to self- mortification which is painful, unworthy and harmful တဲ့။

● အင်္ဂလိပ်ဘာသာပြန်က တိုတိုကလေးနဲ့ ထိရောက်လိုက်တာနော် ဘုန်း။

○ ဟုတ်တယ်။ ယုတ်ညံ့သောကို low ရွာသူတို့၏ အကျင့်ဖြစ်သောကို vulgar ပုထုဇဉ်တို့၏ အကျင့်ဖြစ်သောကို worldly အကျိုးစီးပွားနှင့် မယှဉ်သောကို unworthy and harmful ဆိုပြီး တစ်လုံးစီ ဘာသာ ပြန်ထားတာ ထူးခြားတာပေါ့ကွယ်။ စကား ကျစ်လျစ်ပြီး ထိရောက်တာပေါ့။

● တပည့်တော် အလွန် စိတ်ဝင်စားမိပါတယ် ဘုရား။ ဒါဆို "ကတမာစ သာ ဘိက္ခဝေ၊ မဇ္ဈိမာပဋိပဒါ၊ တထာဂတေန၊ အဘိသမ္ဗုဒ္ဓါ၊ စက္ခုကရဏီ၊ ဉာဏကရဏီ၊ ဥပသမာယ၊ အဘိညာယ၊ သမ္ဗောဓာယ၊ နိဗ္ဗာနာယ၊ သံဝတ္တတိ" ကို ဘယ်လို အင်္ဂလိပ်လို ပြန်သလဲဘုရား။

○ နေဦး မြန်မာပြန်ကို ပြပြီးမှ အင်္ဂလိပ်ဘာသာပြန်ကို လေ့လာကြည့်၊ အဲဒီ အခါကျမှ ထူးခြားချက်ကို ပိုပြီး သိသာလိမ့်မယ်။

● တင်ပါ။

○ "ရဟန်းတို့ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော ပညာမျက်စိကို ပြုအပ်သော၊ ဉာဏ်အမြင်ကို ပြုတတ်သော ကိလေသာ ငြိမ်းခြင်းကို ထူးသောဉာဏ်ဖြင့် သိခြင်း၊ သစ္စာလေးပါးကို သိခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်သော၊ အလယ်အလတ်ဖြစ်သော မြတ်သောအကျင့်" အဲဒါ မဇ္ဈိမပဋိပဒါ သဘောကို မြန်မာလို ဘာသာပြန်ထားတာ။

● အင်္ဂလိပ်လို ဘာသာပြန်ပုံကို သိပါရစေဦးဘုရား။



○ အေး ပြောမယ်။ နားထောင် O Bhikkhus, by avoiding these two extremes the Tathagata has found out that Middle Path which giveth vision, which giveth knowledge, which tends to peace, higher wisdom, enlightenment and Nibbana. တဲ့၊ ကဲ မရှင်းဘူးလား။

● အင်္ဂလိပ်ဘာသာပြန်ကတောင် ပါဠိတော်နဲ့ ပိုပြီး နီးစပ်သလိုပဲ။ တပည့်တော် စိတ်ထဲမှာ ခံစားရပါတယ် ဘုရား။

○ ဟုတ်တယ်။ ဒီဘာသာပြန်ကလေးက ပိုရှင်းတယ်။ အင်္ဂလိပ်ဘာသာပြန်တာချင်းတောင် မတူကြဘူး။

● ဘယ်လို မတူတာလဲ ဘုရား။

○ အင်း ဗဟုသုတ အလို့ငှာ ပြောမယ်။ မဇ္ဈိမပဋိပဒါ အကြောင်းကိုလည်း ခေါင်းထဲမှာ မမေ့စေနဲ့။ ဒီဓမ္မစကြာသုတ်ကို အင်္ဂလိပ်ဘာသာထုတ် သာသနာ့ရောင်ခြည် စာစောင် The Light of Dhamma Vol-1 No.-1 မှာလည်း မြန်မာပညာရှင်တွေက ဘာသာပြန်ပြီး ဖော်ပြထားတယ်။

● ဟင် ဟုတ်လား။ ဘုန်းက စုံစုံစေ့စေ့ကိုပဲ လေ့လာထားတာပဲနော်။

○ ကိုယ်က ရိုးရာဗုဒ္ဓဘာသာဝင် မဟုတ်တော့၊ ဗုဒ္ဓဘာသာဝင် ဖြစ်လာတာဟာ လိုက်လိုက်လှဲလှဲ ယုံကြည်မှု သဒ္ဓါအားနဲ့ ဖြစ်ချင်ခဲ့တယ်လေ။ ဒါကြောင့် သူများ ပါးစပ်ဖျားမှာ လမ်းဆုံးတဲ့ ဗုဒ္ဓဘာသာဝင်မျိုး မဖြစ်ချင်ဘူး။ နှံ့နှံ့စပ်စပ် သိပြီးမှ ကိုးကွယ်ချင်တယ်။ စိတ်ချလက်ချ ကိုးကွယ်ရဲသူ ဖြစ်ချင်ခဲ့တာကိုး။ တစ်နေ့မှာ ဒီလို ရဟန်းဘဝကို ရောက်သွားလိမ့်မယ်လို့ ကြိုတင်စိတ်ကူး မထားခဲ့ပါဘူး။ ဒါပေမဲ့ ဗုဒ္ဓဘာသာနှင့် ပတ်သက်ပြီး အသိဉာဏ် ကျယ်လာလေလေ၊ ရဟန်းအဖြစ်နဲ့ သာသနာတော်ကို ကျေးဇူးဆပ်ချင်လေ ဖြစ်လာခဲ့ရတယ်။

● တပည့်တော် ရင်ထဲမှာလည်း အားကျလာမိပါတယ် ဘုရား။ ဒါထက် The Light of Dhamma ထဲက ဘာသာပြန်ပုံကို ပြောပြပါဦး ဘုရား။

○ အေး ဘယ်လိုပြန်ထားသလဲ ဆိုတော့ The two extremes, Bhikkhus are not to be practiced by one who has gone forth from the world. What are the two? That joined with the

BURMESE CLASSIC .com
www.burmeseclassic.com